# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၁၀) ရက် ၊ သောကြာနေ့ ၊ (27-9-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၅၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာမျက်နှာ- ၁၈

## နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း

နေပြည်တော် စက်တင်ဘာ ၂၆

၁။ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သောမဲမသမာမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံရေးပြဿနာများကို အေးချမ်းစွာပြီးဆုံးစေရန်အတွက် နိုင်ငံရေးနည်းလမ်းမျိုးစုံဖြင့် ညှိနှိုင်းဖြေရှင်းရန် ကြိုးပမ်းခဲ့မှုကို လျစ်လျူရှု၍ နိုင်ငံတော်အာဏာကို မမှန်မကန်သောနည်းလမ်းဖြင့် ရယူရန် ကြိုးပမ်းခဲ့၍သာ တပ်မတော်က နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွှဲပြောင်းရယူထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။

၂။ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စစ်ဘက်၊ အရပ်ဘက်မျှတစွာဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား

စာမျက်နှာ ၁၆ ကော်လံ ၁ ❑

## မှတ်သားဖွယ်ရာ မိုးရေချိန်များ (၂၆-၉-၂၀၂၄)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဒေးဒရဲ | ၂ | ဒသမ | ၈၃ | လက်မ | ပုတာအို | ၂ | ဒသမ | ၂၅ | လက်မ |
| ကလေးဝ | ၂ | ဒသမ | ၇၁ | လက်မ | ညောင်ရွှေ | ၂ | ဒသမ | ၀၈ | လက်မ |
| ကလေး | ၂ | ဒသမ | ၆၄ | လက်မ | ရန်ကုန် | ၁ | ဒသမ | ၈၅ | လက်မ |
| မော်လိုက် | ၂ | ဒသမ | ၆၀ | လက်မ | တီးတိန် | ၁ | ဒသမ | ၇၃ | လက်မ |
| ဂန့်ဂေါ | ၂ | ဒသမ | ၆၀ | လက်မ | ဖလမ်း | ၁ | ဒသမ | ၆၉ | လက်မ |
| မင်းကင်း | ၂ | ဒသမ | ၅၅ | လက်မ | ကွမ်းခြံကုန်း | ၁ | ဒသမ | ၆၉ | လက်မ |

## ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Qu Zhe ကို လက်ခံတွေ့ဆုံ



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Qu Zhe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် စက်တင်ဘာ ၂၆

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Qu Zhe ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ချစ်ကြည်ရင်းနှီးမှုနှင့်ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံလေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့် စစ်ဘက်ဆိုင်ရာများတွင်

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာ့ခရီးသွားလုပ်ငန်းနှင့်ငြိမ်းချမ်းရေး

လူတို့သည် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ တစ်နေရာမှ တစ်နေရာသို့ ခရီးလှည့်လည်သွားလာကြသည်။ ထိုသို့ ခရီးသွားလာကြရာတွင် ခေတ်အဆက်ဆက်ခရီးသွားလာမှုပုံစံပြောင်းလဲလာပြီး ခရီးသွားလုပ်ငန်းသည်လည်း ကြီးမားကျယ်ပြန့်လာသည်။ ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးစီးပွားရေးလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သကဲ့သို့ လူတို့၏ လူမှုစီးပွားဘဝများ တိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုလျက်ရှိသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သော စက်ရုံဟု တင်စားသတ်မှတ်ထားပေသည်။

ရေရှည်တည်တံ့သည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၇၄ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ တို့ အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနယ်ပယ်၏ ဦးဆောင်အဖွဲ့အစည်းဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်ကာ နှစ်စဉ် စက်တင်ဘာ ၂၇ ရက်ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ပေးခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှစ၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားများ စတင်ကျင်းပခဲ့သည်။ ထို့အတူ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်ကိုလည်း နှစ်စဉ်ချမှတ်ပေးလျက်ရှိရာ ယခု ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဆောင်ပုဒ်မှာ "ခရီးသွားနှင့်ငြိမ်းချမ်းရေးလက်တွဲတူယှဉ်ဖော်ဆောင်ပေး"ဖြစ်ပေသည်။

ယနေ့ကမ္ဘာပေါ်တွင် စစ်မက်ဖြစ်ပွားနေသော နေရာဒေသမြောက်မြားစွာရှိနေသည်။ အလားတူ စစ်မက်ဖြစ်ပွားရန် တာစူစိုင်းပြင်းနေသော နေရာဒေသများလည်းရှိနေသည်။ ကမ္ဘာ့လူသားများအတွက် ရတက်မအေးဖွယ်ဖြစ်သည်။ သို့ဖြစ်ရာ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ကြီး၏ ၂၀၂၄ ခုနှစ်အတွက်ဆောင်ပုဒ်သည် လက်ရှိကမ္ဘာကြီး၏အနေအထားကို တိုက်ရိုက်မီးမောင်းထိုးပြနေသလို ငြိမ်းချမ်းရေး၏အရေးပါပုံ၊ ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေးတို့ အပြန်အလှန်ဆက်စပ်နေပုံတို့ကို ပေါ်လွင်စေပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းမှု သို့မဟုတ် ငြိမ်းချမ်းမှုရှိရန်လိုပေသည်။ ဆိုလိုသည်မှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းသော အခြေအနေရှိနေရမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းကဏ္ဍဖြစ်ထွန်းလာပါက သို့မဟုတ် တစ်မုဟုတ်ချင်း ဖွံ့ဖြိုးတိုးတက်လာပါက အခြားသောဆက်စပ်ကဏ္ဍများသို့ သိသာသောသက်ရောက်မှုများပေါ်ပေါက်လာစေခြင်းဖြစ်ပါသည်။ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာများတွင် ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှု၏ သက်ရောက်မှုများရှိလာပါသည်။

ခရီးသွားလုပ်ငန်းကြောင့် ဒေသတစ်ခု သို့မဟုတ် နိုင်ငံတစ်နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်လာခြင်း၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်မှုယန္တရားများ အားကောင်းလာခြင်းတို့သည် ခရီးသွားလုပ်ငန်းကြောင့် အပြုသဘောဆောင်သော ပြောင်းလဲမှုများဖြစ်သည်။ သို့သော် အချို့သောဒေသများတွင် ခရီးသွားလုပ်ငန်းကို တာဝန်သိစွာ အကောင်အထည်ဖော်ဆောင်ရွက်မှု မပြုလုပ်ခြင်းကြောင့် ဒေသခံများ၏ စံတန်ဖိုးနှင့်သဘာဝပတ်ဝန်းကျင်တို့ ယုတ်လျော့ပျက်စီးခဲ့သည့် သာဓကများလည်း အမြောက်အမြားရှိပေသည်။

ခရီးသွားလုပ်ငန်းသည် ငြိမ်းချမ်းရေးအသွင်ပြောင်းလဲခြင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းလုပ်ငန်းများတွင် ပါဝင်နိုင်သည်၊ တွန်းအားပေးပြောင်းလဲနိုင်သည်ဟု ဆိုနိုင်ပေသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းနှင့်ငြိမ်းချမ်းရေးသည် ကြီးမားသော ဆက်နွှယ်မှုရှိနေသည်။ သို့ဖြစ်ရာ မိမိနိုင်ငံရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှု သို့မဟုတ် ငြိမ်းချမ်းမှုရှိအောင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ပြင်ဦးလွင်ခရိုင်ရှိ မြေယာများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်




**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အတွင်းရှိ မြေယာများတွင် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ဆောင်ရွက်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံများဆောက်လုပ်ပြီး နေထိုင်ခြင်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က စိုက်ပျိုးမွေးမြူရေးမြေများ လျော့နည်းမသွားရေး အလေးထားဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီးအတွင်း မြေယာများတွင် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ဆောင်ရွက်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံများဆောက်လုပ်နေထိုင်ခြင်းများမရှိစေရေး၊ မြို့ပြဖွံ့ဖြိုးလာမှုနှင့်အတူ လူဦးရေများပြားလာရာ လူနေအိမ်အဆောက်အအုံများ တိုးတက်များပြားလာသည်နှင့်အမျှ မြို့အင်္ဂါရပ်နှင့်အညီ စနစ်တကျဖြစ်စေရေး အလေးထားကာ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်း၊ တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းဝင်းတို့က တိုင်းဒေသကြီးအတွင်းမြေယာများတွင် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ဆောင်ရွက်နေခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံ ဆောက်လုပ်၍ နေထိုင်ခြင်းတို့ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း စိစစ်ဆောင်ရွက်နေမှုများ၊ မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေး၊ လူနေအိမ်များစနစ်တကျရှိစေရေး ကော်မတီများဖွဲ့၍ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဇော်ဦးက ပြင်ဦးလွင်ခရိုင်အတွင်း မြေယာများတွင် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ဆောင်ရွက်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံများဆောက်လုပ်ပြီး နေထိုင်ခြင်းများအပေါ်စိစစ်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ခန္တီးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၇၅ ဧက စိုက်ပျိုးသွားမည်

**ခန္တီး စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၇၅ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခန္တီးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၇၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ခန္တီးမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၁၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းသီး စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးသွားမယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန် နည်းပညာပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့်တရုတ်တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ကောင်းလျက်ရှိပြီး အသစ်ဘီးများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လာကြောင်း ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးဆိုင်ကယ်များလည်း လူကြိုက်များလာပြီး အနည်းဆုံး ငွေကျပ် သိန်း ၂၀ ခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ထိရှိကြောင်း၊ ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ်၄၈ သိန်းခန့်ဈေးရှိကြောင်း ဆိုင်ကယ် အရောင်းအဝယ် လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

ကားဈေးကွက်တွင် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အရောင်းအဝယ် အနည်းငယ်ရှိနေပြီး နံပါတ်ထွက်ပြီး တစ်ပတ်ရစ် ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများ အရောင်းအဝယ်အေးနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများအနက် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြား အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

လျှပ်စစ်သုံးကား ဈေးနှုန်းများ အနေဖြင့် ငွေကျပ်သိန်း ၅၀၀ ခန့်မှ သိန်း ၁၂၀၀ ခန့် ပေါက်ဈေးရှိကြောင်း၊ ၆၆၀ စီစီပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်အော်တို ငွေကျပ်သိန်း ၁၈၀ ခန့်၊ Manual ငွေကျပ် သိန်း ၁၅၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မုန့်တီစုရပ်နေ သားသမီးမြေးတစ်စုတို့က ဦးခင်မောင်-ဒေါ်သန်းမြင့်တို့အား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူးဦးဝဏ္ဏာက လက်ခံရယူစဉ်။

# မိုးရွာသွန်းမှုကြောင့် ပျက်စီးခဲ့သည့် လမ်းတံတားများကို ပြန်လည်ပြုပြင်မှုနှင့် အရေးပေါ်ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းစည်းဝေး



**မန္တလေး စက်တင်ဘာ ၂၆**

စက်တင်ဘာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး လမ်း၊ တံတားများ ပျက်စီးခဲ့ရမှုအပေါ် ပြန်လည်ပြုပြင်မှုနှင့် အရေးပေါ် ပြန်လည် ပြင်ဆင်ထိန်းသိမ်းမှု လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၅ ရက် မွန်းတည့် ၁၂ နာရီက မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ) ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ဦးတင့်လွင်၊ တံတားဦးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ ညောင်ဦးခရိုင်၊ ရမည်းသင်းခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) များ၊ မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊တံတားအထူးအဖွဲ့ (၄)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)နှင့် ပုဂ္ဂလိက (BOT)ကုမ္ပဏီများဖြစ်သော သော်တာဝင်းကုမ္ပဏီ၊ တောင်ပေါ်ဒေသကုမ္ပဏီ၊ ယုဇနဆောက်လုပ်ရေး ကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက မန္တလေးတိုင်းဒေသကြီးတွင် ပျက်စီးခဲ့သည့် လမ်းတံတားများ အမြန်အသုံးပြုနိုင်ရေး၊ လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရေး အမြန်ဆုံး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် ခရိုင်လမ်းဦးစီးဌာနနှင့် တံတားအထူးအဖွဲ့ (၄)မှ တာဝန်ရှိသူများ၊BOTကုမ္ပဏီများမှ တက်ရောက်လာသူများက ခရိုင်လိုက်၊အဖွဲ့လိုက် ထိန်းသိမ်းဆောင်ရွက်နေသည့်လမ်းများမှ ယခုရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့်နေရာများအပေါ်ဆောင်ရွက်ဆဲအခြေအနေများကို တင်ပြကြရာ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပြောကြားခဲ့ကြောင်း သိရသည်။

**ရေချမ်း(မန်း)**

# သာစည်မြို့နယ် ကုန်းတောင်းတောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

**သာစည် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကုန်းတောင်းတောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်းတောင်းတောင်ကျေးရွာ၌ အရှည် ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကုန်းတောင်းတောင်ကျေးရွာ၌ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၇ ဒသမ ၅ သိန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၃ ဧကစိုက်ပျိုးမည်

**ကလေးဝ စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၆၇၅၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးဝ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးဝမြို့နယ်တွင် နေကြာ ၆၇၅၃ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ နေကြာ ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်စေဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ နေကြာ တစ်ဧကဆီထွက်ရှိမှုက မြေပဲ၊ နှမ်းတွေထက် ပိုမိုထွက်ရှိပါတယ်။ နေကြာကို ဆောင်းမှာပဲ စိုက်ပျိုးကြတာပါ"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်တောင်သူများ စိုက်ပျိုးရေးစွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း သိရသည်။

ယခုနှစ် ကလေးဝမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသော ဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရေး စီမံထားရှိခြင်း၊ ထွက်ရှိလာသောနေကြာမျိုးများကို တောင်သူမှ တောင်သူသို့ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်ထံမှ သိရသည်။

(၂၀၆)



# ဟယ်. . .စိတ် နင်ခိုင်းတိုင်း ငါမလုပ်

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

''သူငယ်ချင်းရေ. . .ဆန္ဒကို ရှေ့တန်းတင်လွန်းရင် တော်တော်ပဲဒုက္ခရောက်ကြရတယ်နော်''

''မင်းက ဘာကိုဆိုလိုတာလဲ''

''ဒီလိုပါကွာ။ လူ့လောကမှာ လူတိုင်းဟာ လိုလားချက်တွေ ကိုယ်စီရှိနေကြတယ်မဟုတ်လား။ အဲဒီလို လိုလားချက်တွေကို ဖြည့်ဆည်းကြတဲ့နေရာမှာ အတ္တနဲ့ပရမ္မျှတကြရင်တော့ ပြဿနာမရှိကြဘဲ ပြေလည်ကြလေ့ရှိတယ်။ အတ္တနဲ့ပရမမျှကြရင်တော့ ပြဿနာတွေဖြစ်ပေါ်လာလေ့ရှိကြတယ်ကွ။ ပြဿနာဆိုတာက အကြီးအငယ် အသွယ်သွယ်ရှိတယ်။ လက်ရှိဖြစ်ပေါ်နေကြတဲ့ မှုခင်းကြီးငယ်အသွယ်သွယ်ဆိုတာ ဆန္ဒက စခဲ့တာတွေပဲကွ''

''ငါ့သူငယ်ချင်းက တယ်ဟုတ်နေပါလား။ မင်း ဒီစကားတွေကိုပြောနေတာဟာ အကြောင်းရင်းရှိရမယ်။ အဲဒီအကြောင်းရင်းကို ရှင်းပြစမ်းပါဦးကွာ''

''ဒီလိုကွ တို့ရပ်ကွက်ထဲမှာ ရေစီးရေလာကောင်းမွန်အောင် ကွန်ကရစ်ရေမြောင်းတွေလုပ်ကြဖို့ တိုင်ပင်ကြတဲ့အခါမှာ သူ့လမ်းကစလုပ်မယ်၊ ငါ့လမ်းက စလုပ်မယ်ဆိုပြီး သူ့လမ်းငါ့လမ်းဦးစားပေးဖို့ ငြင်းခုံကြရင်းက အချင်းများကုန်ကြတယ်ကွာ။ မကြီးမငယ်အရွယ်တွေဖြစ်ပြီး တရားမရကြသေးတာကိုကြည့်ပြီး ''သြော် မှုခင်းတွေဖြစ်ပွားနေကြရတာဟာ ဒါကြောင့်ပါလား''ဆိုတဲ့ သံဝေဂ ငါရခဲ့တယ်ကွ။ ဒါက သာဓကအသေးအမွှားပါ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေမှာလည်း ငါသိ၊ ငါတတ်၊ ငါသာမြတ်တယ်။ ငါလုပ်သမျှမှန်၊ ငါကြံသမျှချော၊ ငါပြောသမျှ ငါ့သဘောသာဖြစ်ရမယ်ဆိုတာတွေ ရှိနေတယ်ကွ''

''သိပ်မှန်တာပေါ့ သူငယ်ချင်းရာ၊ လိုရင်းကိုချုပ်လိုက်ရင် ဆန္ဒရဲ့မြစ်ဖျားခံရာက အတ္တ၊ အတ္တရဲ့ အရင်းခံက စိတ်ပဲ။ ဘယ်အရာမဆို စိတ်ကသာ အဓိကကွ။ စိတ်ကိုမချုပ်တည်းနိုင်ကြလို့သာ မီး ၁၁ ပါး၊ ကိလေသာ ၁၄ ပါး ဖြစ်ပေါ်နေကြတာကွ''

''ငါနားလည်အောင် ရှင်းပြစမ်းပါကွာ''

''မီး ၁၁ ပါးဆိုတာက

**၁။ လောဘမီး - လိုချင်တပ်မက်မှု၊**
**၂။ ဒေါသမီး - အမျက်ထွက်မှု၊**
**၃။ မောဟမီး - တွေဝေမှားယွင်းမှု၊**
**၄။ ဇာတိမီး - ပဋိသန္ဓေနေမှု၊**
**၅။ ဇရာမီး - ရင့်ရော်မှု၊**
**၆။ ပရိဒေဝမီး - ငိုကြွေးပူဆွေးမှု၊**
**၇။ သောကမီး - စိုးရိမ်ကြောင့်ကြမှု၊**
**၈။ မရဏမီး - သေဆုံးမှု၊**
**၉။ ဒုက္ခမီး - ဆင်းရဲမှု၊**
**၁၀။ ဒေါမနဿမီး - စိတ်မသာယာမှု၊**
**၁၁။ ဥပါယာသမီး - စိတ်ပင်ပန်းမှုတွေပဲကွ''**

''ကိလေသာ (၁၄) ပါးက

**၁။ လောဘ၊**
**၂။ ဒေါသ၊**
**၃။ မောဟ၊**
**၄။ မာန - ထောင်လွှား၊ အထင်လွဲမှု၊**
**၅။ ဒိဋ္ဌိ - အယူမှားမှု၊**
**၆။ ဝိစိကိစ္ဆာ - ယုံမှားသံသယရှိမှု၊**
**၇။ ထိန - စိတ်ထိုင်းမှိုင်းမှု၊**
**၈။ ဥဒ္ဓစ္စ - စိတ်ပျံ့လွင့်မှု၊**
**၉။ အဟိရိက(ဟိရီ)-အရှက်မရှိမှု၊**
**၁၀။ အနောတ္တပ္ပ (ဩတ္တပ္ပ)-အကြောက်မရှိမှု၊**
**၁၁။ ဣဿာ - မနာလိုမှု၊**
**၁၂။ မစ္ဆရိယ - ဝန်တိုမှု၊**
**၁၃။ ကုက္ကုစ္စ - နောင်တရ ပူပန်မှု၊**
**၁၄။ မိဒ္ဓ - စေတသိက်ထိုင်းမှိုင်းမှုတွေပဲကွ။**

နံပါတ် (၁၁) မနာလိုမှု၊ နံပါတ် (၁၂) ဝန်တိုမှုနဲ့၊ နံပါတ် (၁၃) နောင်တရပူပန်မှုတွေဟာ နံပါတ် (၂) ဒေါသထဲမှာ အကျုံးဝင်နေတယ်။ နံပါတ် (၁၄) မိဒ္ဓစိတ်စေတသိက်ထိုင်းမှိုင်းမှုဟာ နံပါတ် (၇) ထိနစိတ်ထိုင်းမှိုင်းမှုနဲ့အတူတူပဲကွ''

''အဲဒီမီး ၁၁ ပါးနဲ့ ကိလေသာ ၁၄ ပါးကို **''မီးပုံအသွင်၊ တံကျင်မခြား၊ လှောင်အိမ်၊ နှောင်အိမ်အလားပဲ''** တဲ့ကွ။ အဲဒါတွေရဲ့အချုပ်က မကောင်းမှုပြုဖို့ အရှက်အကြောက်မရှိတဲ့ ဟီရိဩတ္တပ္ပဆိုတဲ့ လောကပါလတရားနှစ်ပါးပဲတဲ့။ မရှက်တာမကြောက်တာဟာ ဆန္ဒကိုလှုံ့ဆော်ပေးတဲ့ စိတ်ပဲကွ။ ဒါကြောင့် ငါ့ကိုဆရာတော်တစ်ပါးက **''ဟယ် စိတ် နင်ခိုင်းတိုင်း ငါမလုပ်''** ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး စိတ်အလိုကိုယ်မပါအောင် အသိသတိရှိပါလို့ မှာကြားခဲ့တယ်ကွ''

**❖ ''ဆိုလိုတာကကွာ စိတ်အလို ကိုယ်မပါကြဖို့ပဲ။ ဒီနေရာမှာလည်း စိတ်အလို ကိုယ်ပါမှု၊ မပါမှုကို ခွဲခြားနားလည်ထားကြဖို့လိုတယ်။ ကောင်းကျိုးအတွက်ဆိုရင် စိတ်အလိုကိုယ်ပါရမယ်။ ဆိုးကျိုးအတွက်ဆိုရင် စိတ်အလို ကိုယ်မပါအောင် အသိသတိရှိကြဖို့လိုတယ်။ ကျောင်းသားအရွယ်မှာ စာမေးပွဲအောင်မြင်အောင် စိတ်ပါလက်ပါ ကြိုးစားကြရမယ်။ အောင်မြင်ချင်တဲ့ရည်မှန်းချက် စိတ်အလိုကို စာကြိုးစားမှုဆိုတဲ့ ကာယကံမြောက် ထိရောက်အောင် လက်တွေ့ကြိုးစားကြဖို့လိုတယ်။ ကျောင်းပြေးချင်တဲ့စိတ်၊ စာမကြိုးစားချင်ဘဲ တေပေလေလွင့်နေတဲ့စိတ်အလို ကို ကိုယ်မပါအောင် ထိန်းချုပ်ထားနိုင်ကြဖို့လိုတယ်'' ❖**

''သိပ်မှန်တဲ့စကားကွ၊ လူတွေဟာ ကောင်းမှုထက်၊ မကောင်းမှုကို ပိုပြီးမွေ့လျော်လေ့ရှိကြတယ်၊ ဥပုသ်စောင့်ဖို့ခေါ်ရင် မလိုက်ချင်ကြပေမဲ့ ဘီယာနဲ့ အရက်သောက်ဖို့ခေါ်ရင်တော့ လိုက်ချင်ကြတယ်။ တစ်နာရီပြည့်အောင် တရားမထိုင်နိုင်ကြပေမဲ့ တစ်ညလုံး၊ တစ်နေ့လုံးထိုင်ပြီး ပိုကာဒေါင်း လောင်းကစားနိုင်ကြတယ်။ အရက်ဝင်လာရင် အသိစိတ်ပျောက်ပြီး အရှက်အကြောက်ကင်းမဲ့လာကြတယ်။ ခိုက်ရန်ဖြစ်ပွားဖို့ ဝန်မလေးကြသလို လက်ရဲဇက်ရဲ လူသတ်ရဲလာကြတယ်။ မောဟစိတ်ကြောင့် ရာဂတဏှာစိတ်တွေဝင်လာပြီး သူတစ်ပါးသားမယားကို ပြစ်မှားဖို့လည်း ဝန်မလေးကြတော့ဘူး။ လောဘစိတ်ကြောင့် အတ္တမီးတောက်လောင်ပြီး ဘယ်သူသေသေ ငတေမာရင်ပြီးရော သဘောထားလာကြတယ်။ ဒါကြောင့် မှုခင်းကြီးငယ်အသွယ်သွယ်ဖြစ်ပေါ်နေကြတာပေါ့ကွာ''

''စိတ်အလို ကိုယ်လိုက်ပါများရင် ခိုက်တတ်တယ်ကွ။ ခိုက်တယ်ဆိုတာ၊ ကိုယ်ကျိုးစီးပွားပျက်စီးတာကိုပြောတာ။ လက်တွေ့ဖြစ်ရပ်မှန် မှုခင်းတွေထဲက သာဓကတချို့ကိုပြောပြမယ်။ အပျော်အပါးလိုက်စားချင်လွန်းတဲ့ ဝါသနာပါသူတချို့ဟာ လည်ပါများတဲ့ဘီး ချီး(ချေး)သင့်သလိုပဲ ဘေးသင့်ကြလေ့ရှိတယ်ကွ။ မိန်းကလေးတွေကို မြင်ရင် ငမ်းငမ်းတက်ဖြစ်လေ့ဖြစ်ထရှိကြသူတွေ၊ မလည်မဝယ်ဘဲ အကဲစမ်းချင်သူတွေဟာ ထောင်ဖမ်းတာခံကြရတယ်။ ငွေညှစ်တာခံကြရတယ်။ ပြည့်တန်ဆာလို မိန်းမမျိုးကိုတွဲမိလို့ မယားခိုးမှုနဲ့ငွေညှစ်တာခံကြရတာတွေ အများကြီးရှိခဲ့တယ်ကွ''

''အဝေးပြေးကုန်တင်ကားကြီးတွေကို မောင်းနှင်နေကြတဲ့ အချို့ယာဉ်မောင်းတွေနဲ့ အချို့ယာဉ်နောက်လိုက်တွေဟာ မကြာခဏခံကြရတယ်။ သူတို့က ညဘက်မှာမောင်းနေကျဆိုတော့ ညဘက်မှာထွက်တဲ့ ညဥ့်ငှက်တွေနဲ့ အပေးအယူရှိကြတယ်။ ဥပမာပြောရရင်ကွာ၊ ပဲခူးအလွန်မှာတွေ့တဲ့ ညဥ့်ငှက်ကိုခေါ်သွားပြီး ညောင်လေးပင်၊ ကျောက်တံခါးမှာ ချပေးခဲ့ကြတယ်။ ညဥ့်ငှက်တွေကလည်း အဲဒီမှာတွေ့တဲ့ဖောက်သည်ကုန်ကားနဲ့ ပဲခူးဘက်ပြန်လာခဲ့ကြတယ်။ သူတို့အတွက် အသွားအပြန်ခရီးမှာ ဖောက်သည်ရရင် ဝင်ငွေကောင်းနေလေတော့ ဒီအလုပ်ပဲ လုပ်စားနေကြတာပေါ့ကွာ''

''အဲဒါကို အခွင့်ကောင်းယူပြီး လုယက်သူတွေက ညဥ့်ငှက်ကို တည်ကြက်လုပ်ပြီး ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်ကို ရိုက်နှက်လုယက်ကြတာပေါ့ကွာ။ လုယက်ခံရတာက တစ်ခဏပါ။ တစ်ဘဝခံလိုက်ရတာ အေ့ဒ်စ်ရောဂါပဲကွ။ အချို့ခရီးသည်တွေက လမ်းမှာအရေးတကြီးကိစ္စရှိလို့ ကုန်ကားကိုတားရင် ဘယ်တော့မှရပ်မပေးဘူး။ ညဥ့်ငှက်သူယောင်မယ် ပြည့်တန်ဆာတွေက ကိုယ်ယောင်လေးထွက်ပြလိုက်တာနဲ့ အရှိန်ပြင်းပြင်းမောင်းထားတဲ့ကားဟာ ချက်ချင်းကိုရပ်ပေးလိုက်ကြတာပဲကွ။ ကားသမားတိုင်းတော့ မဟုတ်ပါဘူး။ အပျော်လိုက်စား ဖောက်ပြားနေကြတဲ့ ယာဉ်မောင်းတချို့ကိုပြောတာပါ။ ငါးစာကိုသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်နိုင်တော့ ပါလာတဲ့ကုန်ဖိုးငွေတွေ အလုခံကြရတာပေါ့ကွာ''

''နယ်မြို့နယ်တစ်မြို့နယ်က လုပ်ငန်းရှင်တစ်ဦးကို မိန်းကလေးနဲ့မျှားပြီး ငွေ ၁၆ သိန်း လုယူသွားခဲ့ကြလို့ အမျိုးသမီးနဲ့ ကြံရာပါအမျိုးသားကို ထောင်ဒဏ်ခုနစ်နှစ်စီချခဲ့သလို ဆက်သွယ်ပေးတဲ့ ဆိုက်ကားသမားကိုလည်း ထောင်ဒဏ် ခြောက်နှစ် ချခဲ့ဖူးတယ်ကွ''

''အလားတူ ဖြစ်ရပ်မျိုးပဲ တောရွာကတက်လာသူနှစ်ဦးဟာ ပါလာတဲ့ခနိတွေကိုရောင်းချပြီး အရက်သောက်ခဲ့ကြတယ်။ အရက်သောက်ပြီး ဆိုက်ကားငှားတော့ ဆိုက်ကားသမားက ပျော်ပါးချင်ရင်လိုက်ပို့ပေးမယ်ဆိုပြီး အိမ်တစ်အိမ်ကို ခေါ်သွားခဲ့တယ်။ အဲဒီအိမ်ရောက်တော့ အိမ်ထဲကပြန်ထွက်လာခဲ့ကြရတယ်။ အိမ်ပြင်လည်းရောက်ရော သူတို့ငွေတွေ မရှိတော့ဘူး။ ဒီတော့မှ ရာဂမာန်ထ မွန်ထူနေသူတွေဟာ အရက်သွေးကလည်း ဆူကြွလာတော့ ဆင်ခြင်အသိမရှိကြတော့ဘဲ ဆိုက်ကားသမားကို သတ်လိုက်ကြတယ်''

''အခု ငါပြောခဲ့တဲ့လုယက်မှုတွေဟာ မိန်းမလိုက်စားကြလို့ ဖြစ်ပွားခဲ့ရတာချည်းပဲကွ။ ဒါကြောင့် ''မဃဒေဝလင်္ကာ'' မှာ

**''ညစ်ညူးရာဂ၊ ကိလေသဖြင့်**
**တဏှာ့လိုလိုက်၊ ဒုစရိုက်နှင့်၊**
**အမိုက်အားကိုး၊ ပုဂ္ဂိုလ်မျိုးကား၊**
**အကျိုးမဲ့စွာ၊ အပြစ်သာရှင့်''** လို့ ဆိုထားသလို
**''ကာမရောဂါ၊ ဝမ်းတွင်းနာကား၊**
**ကုရာနတ္ထိ၊ ဆေးမရှိဘူး၊**
**မိမိပညာ၊ သတိသာလျှင်၊**
**မဟာဩသဓ၊ ဆေးမည်စွရှင့်''**လို့ သတိပေးထားတယ်ကွ''

''ဒ့ါပြင် မာတောဝါဒပျို့-၃၄ မှာလည်း **''လှုပ်ရှားကြွပ်ဆော့၊ တဏှာမျှော့ကို၊ ဉာဏ်ဆော့ကြိုးဆိုင်၊ ကြပ်ကြပ်ကိုင်လော့''**လို့ ဆုံးမထားတယ်ကွ

''ဆရာတော်ကြီးတစ်ပါးကလည်း **'တစ်ခဏသုခ'**ရဖို့အတွက် **'ထာဝရဒုက္ခ'**မခံပါနဲ့၊ **'တစ်ခဏသုခ'**ကို ရှောင်နိုင်မှ **'ထာဝရဒုက္ခ'**ကလွတ်မယ်။ **'တစ်ခဏသုခ'**ကို **'ထာဝရသုခ'**ထင်နေကြရင် ရလာတဲ့သုခနဲ့ မတန်အောင် ဒုက္ခတွေအများကြီးပေးဆပ်ရမယ်။ နှလုံးသားကတောင်းဆိုတိုင်း ဦးနှောက်ကအလိုလိုက်ရင် ပြင်မရအောင် မှားလိမ့်မယ်လို့ ဟောကြားခဲ့တယ်ကွ''

''တကယ်တော့ တဏှာရာဂကိလေသဆိုတာ စိတ်ပါပဲကွ။ စိတ်အလို ကိုယ်လိုက်နေကြလို့ လူမိုက်တွေ ဖြစ်နေကြတာကွ။ အဲဒီလိုပဲ လူ့ဘဝကြီးပွားတိုးတက်မှုမှာလည်း အဓိကကျတာက စိတ်ပဲကွ။ စာဆိုရှင် ဒီလာဖောင်(န်)တိန်း(Jean De La Fontaine) က (The noblest victory is to Conquer one's own heart) **''ကိုယ်စိတ်နှလုံးကို ထိန်းချုပ်အောင်မြင်နိုင်ခြင်းက အမြင့်မြတ်ဆုံး စွမ်းဆောင်အောင်မြင်မှုပါပဲ''**လို့ ထောက်ပြခဲ့တယ်ကွ. . .

''ကောင်းကျိုးမပြုတဲ့စိတ်ကြောင့် ပြဿနာမျိုးစုံဖြစ်ပွားကြရသလို စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ ဒုက္ခမျိုးစုံကြုံတွေ့ကြရတယ်။ ဒီတော့ကာ ကောင်းကျိုးပြုတဲ့စိတ် ကိုယ်စီမှာရှိကြရင် ကောင်းကျိုးပေးကြမှာပဲကွာ။ စိတ်ကောင်းရှိရင် နတ်ကောင်းမတယ်ဆိုတဲ့ စကားတောင်ရှိတယ်မဟုတ်လား။ ဒီတော့ကာ စိတ်ကောင်းမွေးကြဖို့အတွက် အသိတရားရှိကြရမယ်။ အသိတရားဆိုတာကလည်း အမှန်နဲ့အမှား၊ တရားတာနဲ့မတရားတာ၊ ဓမ္မနဲ့အဓမ္မ၊ ကောင်းကျိုးဆိုးပြစ်တွေကို ဝေဖန်ဆန်းစစ်နိုင်ကြဖို့လိုတယ်ကွ။ ဆိုလိုတာက အသိမှန်အမြင်မှန်ကြဖို့လိုတယ်။ အတ္တနဲ့ပရမျှတကြဖို့လိုတယ်။ လူအချင်းချင်းကူညီရိုင်းပင်းလိုကြတဲ့ စာနာစိတ်ကိုယ်စီထားကြဖို့လိုတယ်။ အသိမှန်အမြင်မှန်ကြဖို့အတွက် ကိုယ့်စိတ်ကို ကိုယ်ထိန်းချုပ်နိုင်ကြဖို့လိုတယ်။ စိတ်ကိုထိန်းချုပ်ဖို့ကတော့ ဉာဏ်ပညာရှိကြဖို့လိုတယ်။ ဉာဏ်ပညာရှိဖို့အတွက် ဗဟုသုတ၊ တရားဓမ္မပွားများကြဖို့လိုတယ်။ ဒါကြောင့် **'စာရေးဆရာကြီး ပီမိုးနင်း'**က **'လူကိုစိတ်က အုပ်ချုပ်တယ်။ စိတ်ကိုဉာဏ်ပညာက အုပ်ချုပ်တယ်။ ဉာဏ်ပညာကို ဗဟုသုတက အုပ်ချုပ်တယ်။ ဗဟုသုတရအောင် စာပေမျိုးစုံကို ဖတ်ကြပါ'**လို့ လမ်းညွှန်ခဲ့တယ်ကွ''

''ဆိုလိုတာကကွာ စိတ်အလို ကိုယ်မပါကြဖို့ပဲ။ ဒီနေရာမှာလည်း စိတ်အလို ကိုယ်ပါမှု၊ မပါမှုကို ခွဲခြားနားလည်ထားကြဖို့လိုတယ်။ ကောင်းကျိုးအတွက်ဆိုရင် စိတ်အလိုကိုယ်ပါရမယ်။ ဆိုးကျိုးအတွက်ဆိုရင် စိတ်အလို ကိုယ်မပါအောင် အသိ သတိရှိကြဖို့လိုတယ်။ ကျောင်းသားအရွယ်မှာ စာမေးပွဲအောင်မြင်အောင် စိတ်ပါလက်ပါ ကြိုးစားကြရမယ်။ အောင်မြင်ချင်တဲ့ရည်မှန်းချက် စိတ်အလိုကို စာကြိုးစားမှုဆိုတဲ့ ကာယကံမြောက် ထိရောက်အောင် လက်တွေ့ကြိုးစားကြဖို့လိုတယ်။ ကျောင်းပြေးချင်တဲ့စိတ်၊

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အခမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာ ၄၄၃၃ ဧက စိုက်ပျိုးမည်


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာ ၄၄၃၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် နေကြာ ၄၄၃၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဝက်လက်မြို့နယ်အတွင်း နေကြာဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ပြည်ပက စားအုန်းဆီတင်သွင်းမှုကိုလျှော့ချဖို့ ဆီထွက်သီးနှံနေကြာကိုတိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲနဲ့ နှမ်းတွေထက် ပိုများပါတယ်။ နေကြာကို ဆောင်းမှာပဲစိုက်ကြတာပါ"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက်ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် နေကြာစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားခြင်းနှင့်ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

စာမကြိုးစားချင်ဘဲ တေပေလေလွင့်နေတဲ့စိတ်အလိုကို ကိုယ်မပါအောင် ထိန်းချုပ်ထားနိုင်ကြဖို့လိုတယ်"

"စီးပွားရေးလောကမှာလည်း ကြီးပွားချင်ရင် ကြီးပွားအောင် ပြုမူကျင့်ကြံကြဖို့လိုတယ်ကွ။ တို့ဗုဒ္ဓမြတ်စွာဘုရားက လူမှုရေး၊ စီးပွားရေး ကြီးပွား တိုးတက်စေဖို့အတွက် **"သမ္ပဒါတရားလေးပါး"**ကို ဟောကြားခဲ့တယ်ကွ"

**၁။ ဥဋ္ဌာသမ္ပဒါ – မပျင်းမရိ၊ ထကြွလုံ့လဝီရိယရှိမှုနှင့် ပြည့်စုံခြင်း။**

**၂။ အာရက္ခသမ္ပဒါ – ရရှိသည့် ပစ္စည်းဥစ္စာတို့ကို လိမ္မာကျွမ်းကျင်စွာစောင့်ရှောက်ထိန်းသိမ်းတတ်မှုနှင့်ပြည့်စုံခြင်း။**

**၃။ ကလျာဏမိတ္တသမ္ပဒါ – မှီခိုကိုးစား အားထားလောက်သည့် မိတ်ဆွေကောင်းရှိမှုနှင့်ပြည့်စုံခြင်း။**

**၄။ သမဇီဝိတသမ္ပဒါ – စနစ်တကျမျှတစွာအသက်မွေးသုံးစွဲနေထိုင်တတ်မှုနှင့် ပြည့်စုံခြင်းဆိုတဲ့ "သမ္ပဒါတရားလေးပါး"ရဲ့ ရင်းဇာစ်မြစ်မှန်**

**အကြောင်းခံကလည်း "စိတ်"ပဲကွ။ အဲဒီစိတ်က ကောင်းကျိုးပြုတဲ့စိတ်ပဲကွ"**

"ကောင်းကျိုးမပြုတဲ့ စိတ်ကြောင့် စည်းစိမ်ဥစ္စာပျက်စီးကြရတဲ့ အကြောင်းတရား ခြောက်ပါးရှိတယ်။

(၁) သေရည်သေရက် စသောမူးယစ်ပစ္စည်းသုံးစွဲမှု၊
(၂) အချိန်အခါမဲ့ ခရီးသွားလာလေ့ရှိမှု၊
(၃) ပျော်ပွဲသဘင်တို့ကို သွားလာကြည့်ရှုမှု၊
(၄) လောင်းကစားပျော်ပါးလွန်းမှု၊
(၅) မကောင်းတဲ့အပေါင်းအသင်းတွေနှင့်ပေါင်းသင်းမှု၊
(၆) ပျင်းရိထိုင်းမှိုင်းမှုတွေပဲကွ"

"အဲဒီအကြောင်းတရားခြောက်ပါးက ကောင်းကျိုးမပြုတဲ့ စိတ်ကြောင့်ဖြစ်ပေါ်ရတာကွ။ ဒါကြောင့် စိတ်အလို ကိုယ်မပါကြဖို့ ပြောဆိုဆုံးမလမ်းညွှန်ပြနေကြတာပေါ့ကွာ။ ဒါကြောင့် ငါက **"ကောင်းကျိုးမြတ်နိုး၊ ကောင်းအောင်ကြိုးစား၍ ကောင်းကျိုးလိုလားသူတွေသာ၊ စိတ်သွားတိုင်းကိုယ်ပါ၍ လိုရာဆန္ဒပြည့်ဝကြပါစေ"** လို့ မေတ္တာပို့ဆုတောင်းစကားကို ထပ်တိုးပြောင်းလဲလိုက်ချင်တယ်ကွာ"

"သိပ်မှန်တာပေါ့ သူငယ်ချင်းရာ"

## စိတ်ထားအလှ ပြကြစို့

– ရေဘေးဒုက္ခ ကြီးမားစွကွယ်
ကြုံရများလူ တို့ပြည်သူတို့
အပူကင်းစေ သောကပြေဖို့
လာလေအတူ ကယ်တင်စို့။

– အရောင်တွေခွဲ ချစ်မုန်းစွဲနှင့်
စည်းလဲစိတ်ထား ဘေးဖယ်ရှားလို့
အများပေါ်မှာ ကိုယ်ချင်းစာ၍
မေတ္တာဖြန့်ဝေ ကြပါစို့။

– နိုင်ရာဝိုင်းကူ လုပ်အားလှူ၍
ဆွဲထူလို့ပေး ရှောင်မပြေးနဲ့
မျှပေးအစာ ဝတ်စရာကို
လှူကာကောင်းမှု ပြုကြစို့။

– အရေးကြုံခါ ကူညီညာသည့်
ဖြူစွာစိတ်ထား မွေးမြူပြားက
လူသားပီသ စိတ်ထားလှကို
လောကအလယ် ပြကြစို့။ ။

**မောင်နွေဦး(လယ်ဝေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# SCIENCE AND TECHNOLOGY

## ဘလူးအော်ရီဂျင်ကုမ္ပဏီက New Gleen ဒုံးပျံ ဒုတိယအဆင့်ဒုံးယာဉ်၏ ဒုံးအင်ဂျင်များကို စမ်းသပ်ခဲ့



**ဝါရှင်တန် စက်တင်ဘာ ၂၆**

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Gleen ဒုံးပျံ ဒုတိယအဆင့် ဒုံးယာဉ်၏ ဒုံးအင်ဂျင်များကို စမ်းသပ်ခဲ့ကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

New Gleen ဒုံးပျံ ဒုတိယအဆင့် ဒုံးယာဉ်၏ ဒုံးအင်ဂျင်များ စက်နှိုးစမ်းသပ်မှုမှာ ၁၅ စက္ကန့်ကြာမြင့်ခဲ့သည်ဟု ဘလူးအော်ရီဂျင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Gleen ဒုံးပျံသစ်ကို ပထမဆုံးအကြိမ် မပစ်လွှတ်မီ ဒုတိယအဆင့်ဒုံးယာဉ်၏ ဒုံးအင်ဂျင်များကို စက်နှိုးစမ်းသပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဘီလူးအော်ရီဂျင် ကုမ္ပဏီသည် New Gleen ဒုံးပျံကို ယခုနှစ် နိုဝင်ဘာလတွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားသည်။

မူလက ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Gleen ဒုံးပျံ၏ ပထမဆုံးမစ်ရှင်တွင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်နှစ်စင်းကို လွှတ်တင်ပေးရန် စီစဉ်ထားသည်။

သို့ရာတွင် အဆိုပါအာကာသယာဉ်များအနေဖြင့် အင်္ဂါဂြိုဟ် လမ်းပွင့်ချိန်ဖြစ်သော ၂၀၂၆ ခုနှစ်ထိ စောင့်ဆိုင်းရန်လိုအပ်မှုကြောင့် အစီအစဉ်ပျက်ခဲ့ရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ရုရှားနိုင်ငံ အေးခဲမြေလွှာအောက် ရုပ်လုံးမပျက်တည်ရှိနေသော ရှေးခေတ်အမွေးထူကြံ့တစ်ကောင်၏ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိထား

**မော်စကို စက်တင်ဘာ ၂၆**

ရုရှားနိုင်ငံ အေးခဲမြေလွှာအောက် ရုပ်လုံးမပျက်တည်ရှိနေသော ရှေးခေတ် အမွေးထူကြံ့တစ်ကောင်၏ ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

အဆိုပါရှေးခေတ် အမွေးထူကြံ့ရုပ်ကြွင်း၏ သက်တမ်းမှာ နှစ်ပေါင်း ၃၂၀၀၀ ကျော်ရှိပြီး အရေပြားများနှင့် အမွေးအမှင်များ ပျက်စီးမှုမရှိကြောင်း ရုရှားသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ရှေးခေတ်အမွေးထူကြံ့၏ရုပ်ကြွင်းကို ရုရှားသိပ္ပံပညာရှင်များက ဆိုက်ဘေးရီးယားအရှေ့ပိုင်း အေးခဲမြေလွှာအောက်၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ အမွေးထူကြံ့သတ္တဝါကို လေ့လာခြင်းဖြင့် ယခုအခါ မျိုးသုဉ်းပျောက်ကွယ် ခဲ့ပြီဖြစ်သော အမွေးထူ ကြံ့သတ္တဝါများ၏ သဘာဝကို နားလည်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။



အမွေးထူကြံ့များသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀၀ ကျော်က ရုရှားနိုင်ငံအရှေ့ ဆိုက်ဘေးရီးယားဒေသ၌ ရှင်သန်ကျက်စားခဲ့ကြသည့် သက်ရှိများဖြစ်ကြကြောင်း သိရသည်။

အမွေးထူကြံ့ကြီးများသည် ရေခဲခေတ် ဂေဟစနစ်၏ အရွယ်အစားအကြီးမားဆုံး အသီးအရွက်စား သက်ရှိများထဲတွင် ပါဝင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## အင်္ဂါဂြိုဟ်၏ ပျောက်ဆုံးနေသည့် လေထုလွှာက ရွှံ့စေးလွှာမျက်နှာပြင်အတွင်း ပုန်းခိုပိတ်လှောင်နေဖွယ်ရှိ

**ဝါရှင်တန် စက်တင်ဘာ ၂၆**

အင်္ဂါဂြိုဟ်၏ ပျောက်ဆုံးနေသည့် လေထုလွှာသည် အဆိုပါဂြိုဟ်၏ ရွှံ့စေးလွှာမျက်နှာပြင်အတွင်း ပုန်းခိုပိတ်လှောင်နေဖွယ်ရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက စက်တင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ ရှေးခေတ်ကာလ အင်္ဂါဂြိုဟ် ကျောက်သားလွှာများထဲမှ စီးထွက်လာသောရေများကြောင့် ဓာတုတုံ့ပြန်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး အင်္ဂါဂြိုဟ်လေထုလွှာ၏ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို မီသိန်းဓာတ်ငွေ့များအဖြစ် ပြောင်းလဲပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မီသိန်းဓာတ်ငွေ့များသည် အင်္ဂါဂြိုဟ်မျက်နှာပြင်ရွှံ့စေးလွှာများအတွင်း နှစ်ပေါင်း သုံးဘီလီယံကျော် ပိတ်မိနေရကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ပျောက်ကွယ်ခဲ့ရသည့် အင်္ဂါဂြိုဟ်လေထုလွှာ၏ ၈၀ ရာခိုင်နှုန်းမှာ အင်္ဂါဂြိုဟ် ရွှံ့စေးလွှာမျက်နှာပြင်အတွင်း ပိတ်မိနေဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ကမ္ဘာမြေပေါ်တွင်လည်း Smectite ခေါ် ရွှံ့စေးတစ်မျိုးမှာကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူထားနိုင်သည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထိုနည်းတူ အင်္ဂါဂြိုဟ်ပေါ်တွင်လည်း Smectite ရွှံ့စေးများရှိနေသည်ဖြစ်ရာ အင်္ဂါဂြိုဟ်လေထုလွှာအပေါ် အကျိုးသက်ရောက်မှုရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ဆယ်ကျော်သက်အရွယ် သွေးအတွင်းသကြားဓာတ်ပါဝင်မှုလွန်ကဲသူများ အရွယ်ရောက်လာချိန်တွင် ကိုယ်ဝန်ဆောင်ကျန်းမာရေးပြဿနာဖြင့် ရင်ဆိုင်ရနိုင်

**နယူးယောက် စက်တင်ဘာ ၂၆**

ဆယ်ကျော်သက်ဘဝ၌ သွေးအတွင်း သကြားဓာတ်ပါဝင်မှုလွန်ကဲနေသူများသည် အရွယ်ရောက်လာချိန်တွင် ကိုယ်ဝန်ဆောင်ကျန်းမာရေးပြဿနာများဖြင့်ရင်ဆိုင်ရနိုင်ခြေ မြင့်မားနိုင်ကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

ကိုယ်ဝန်ဆောင်ကာလ ကျန်းမာရေးပြဿနာများကို ရှောင်ရှားရေးအတွက် ဆယ်ကျော်သက်များ သွေးအတွင်းသကြားဓာတ်ပုံမှန်ထက် လွန်ကဲမှုပြဿနာကို ဂရုစိုက်ကုသရန်လိုကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သွေးအတွင်း သကြားဓာတ်ပုံမှန်ထက် လွန်ကဲနေသော်လည်း ပုံစံ-၂ ဆီးချိုရောဂါအဖြစ်သို့ ပြောင်းလဲမှုမရှိသေးသည့် အခြေအနေ (Prediabetes) သည် ဆယ်ကျော်သက်များကြား အဝလွန်မှုနှင့်ဆက်စပ်နေသော ကျန်းမာရေးပြဿနာဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၁၀ နှစ်နှင့် ၂၄ နှစ်ကြား လူပေါင်း ၁၄၀၀၀ တို့၏ သွေးအတွင်းသကြားဓာတ်ပါဝင်မှုအဆင့်နှင့် ကျန်းမာရေးတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဆယ်ကျော်သက်ဘဝ၌ Prediabetes ပြဿနာရှိသူများအနေဖြင့် အရွယ်ရောက်လာချိန်တွင် ကိုယ်ဝန်ဆောင်ကာလ သွေးအတွင်းသကြားဓာတ်ပါဝင်မှုလွန်ကဲခြင်းကဲ့သို့ ကိုယ်ဝန်ဆောင်ကာလကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေ မြင့်တက်နေတတ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## စားသောက်ကုန်ထုပ်ပိုးပစ္စည်းများ၌ ရင်သားကင်ဆာနှင့် ဆက်စပ်သည့် ဓာတုပစ္စည်း ၂၀၀ ခန့်ပါဝင်ဖွယ်ရှိ

**နယူးယောက် စက်တင်ဘာ ၂၆**

စားသောက်ကုန်ထုပ်ပိုးပစ္စည်းများတွင် ရင်သားကင်ဆာရောဂါနှင့်ဆက်စပ်နေသည့် ဓာတုပစ္စည်း ၂၀၀ ခန့် ပါဝင်နေဖွယ်ရှိကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အစားအသောက်များ ထုပ်ပိုးရာတွင် အသုံးပြုသည့်ပစ္စည်းများ၌ ရင်သားကင်ဆာရောဂါဖြစ်နိုင်ဖွယ်ရှိသည့် ဓာတုပစ္စည်း ၁၈၉ မျိုးထိ ပါဝင်နေနိုင်ကြောင်း သိရသည်။

အဆိုပါ ဓာတုပစ္စည်းများသည် ထုပ်ပိုးပစ္စည်းများမှ အစားအသောက်အတွင်း ရောက်ရှိ၍ ထိုမှတစ်ဆင့် လူတို့၏ကိုယ်ခန္ဓာအတွင်း ဝင်ရောက်သွားနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အစားအသောက်ထုပ်ပိုးရာတွင် အသုံးပြုသည့် ပလတ်စတစ်ထုပ်ပိုးပစ္စည်းများ၌ ရင်သားကင်ဆာနှင့် ဆက်စပ်နေသော ဓာတုပစ္စည်း ၁၈၉ မျိုးထိ ရှိနေကြောင်း သိရသည်။

အထက်ပါ ဓာတုပစ္စည်းများ အနက် အနည်းဆုံး ၇၆ မျိုးကို လူသားများအနေဖြင့် အစားအစာများမှတစ်ဆင့် ပုံမှန်ထိတွေ့နေရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၆) ပွဲကြိုသုံးသပ်ချက်

ML

**နယူးကာဆယ် Vs မန်စီးတီး**

ကစားမည့်ရက်/အချိန် (၂၈-၉-၂၀၂၄ ည ၀၆:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မန်စီးတီး ၂ - ၀ နယူးကာဆယ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | - | အိမ်(နိုင်) | ဝေး(နိုင်) | ဝေး(ရှုံး) |
| မန်စီးတီး | - | အိမ်(သရေ) | အိမ်(သရေ) | အိမ်(နိုင်) |

ပြီးခဲ့တဲ့ပွဲမှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့ နယူးကာဆယ်ဟာ နောက်ဆုံး အိမ်ကွင်း ၁၃ ပွဲဆက်ရှုံးပွဲမရှိသေးတာကြောင့် အခုပွဲမှာ ရမှတ်ရှာဖွေဖို့ ကြိုးစားလာမှာပါ။ မန်စီးတီးကတော့ ရိုဒရီမပါနိုင်တာကလွဲရင် ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမှာဖြစ်လို့ စုဖွဲ့မှုနဲ့တိုက်စစ်ပိုင်းက နယူးကာဆယ်ထက်သာနေတာဖြစ်ပါတယ်။ ဒါ့ကြောင့် ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရထားတဲ့ မန်စီးတီးကိုပဲ အားပေးရမှာပါ။

**ခန့်မှန်းရလဒ် - နယူးကာဆယ် ၁ - ၂ မန်စီးတီး**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်

STA

**လိုက်ပ်ဇစ် Vs အော့စ်ဘတ်**

ကစားမည့်ရက်/အချိန် (၂၈-၉-၂၀၂၄ ည ၀၈:၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

အော့စ်ဘတ် ၂ - ၂ လိုက်ပ်ဇစ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(သရေ) |
| အော့စ်ဘတ် | - | အိမ်(နိုင်) | အိမ်(နိုင်) | အိမ်(ရှုံး) |

သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ လိုက်ပ်ဇစ်အသင်းဟာ အခု အိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ အော့စ်ဘတ်အသင်းကလဲ အိမ်ကွင်းဆိုရင်သာ ခြေစွမ်းပိုင်းမာကျောမှုရှိတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းနဲ့အိမ်ရှင်အားသာချက်အသာစီးမှာရှိနေတဲ့ လိုက်ပ်ဇစ်အသင်းပဲနိုင်ပွဲပြန်လည်ရှာဖွေသွားပါလိမ့်မယ်။

**ခန့်မှန်းရလဒ် - လိုက်ပ်ဇစ် ၂ - ၀ အော့စ်ဘတ်**

## အားကစားသတင်းအတိုအထွာများ

- ဂိုးသမား ရာယာအနေဖြင့် မန်စီးတီးအသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် ရရှိခဲ့သည့် ကြွက်သားဒဏ်ရာကြောင့် ဘော်တန်အသင်းနှင့် ပွဲစဉ်ကိုလွဲချော်ခဲ့သည့်အပြင် လက်စတာအသင်းနှင့် ပွဲစဉ်ကိုလည်း ပါဝင်ရန်မသေချာကြောင်း နည်းပြအာတီတာက ပြောကြားခဲ့သည်။
- ခံစစ်ကစားသမား အာနိုးကို ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်ကြိုးပမ်းနေသဖြင့် ၎င်းထွက်ခွာသွားပါက လေဗာကူဆင်အသင်းတွင် ခြေစွမ်းပြသနေသည့် ဖရင်ပေါင်ကို ခေါ်ယူသွားမည်ဖြစ်ကြောင်း လီဗာပူးအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- ဘရာဇီးလက်ရွေးစင်အသင်းက နည်းပြဒိုရစ်ဗယ်၏နေရာတွင် အစားထိုးရန်အတွက် ဘာစီလိုနာအသင်းနည်းပြဟောင်း ဇာဗီကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်းသိရသည်။
- CIESက ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အကောင်းဆုံး ၂၃နှစ်အောက် ကွင်းလယ်ကစားသမားစာရင်းတွင် ချဲလ်ဆီးကစားသမား ကာစီဒိုက ထိပ်ဆုံးနေရာတွင်ရပ်တည်နေပြီး ၎င်း၏နောက်တွင် ကာမာဗင်ဂါ၊ ဇိုင်ရီအမ်မရီ၊ မိုင်နူးတို့က အစဉ်လိုက်ရပ်တည်နေသည်။

ML

## အာဆင်နယ်အသင်းတွင် ဒုတိယအငယ်ဆုံးပွဲထွက်ကစားသမားအဖြစ် ဂျက်ပေါ်တာမှတ်တမ်းဝင်




**လန်ဒန် စက်တင်ဘာ ၂၆**

အာဆင်နယ်အသင်းနှင့် ဘော်တန်အသင်းတို့ ကစားခဲ့သည့် ကွာရာဘောင်းဖလား ပြိုင်ပွဲတွင် ပါဝင်ကစားခွင့်ရခဲ့သည့် လူငယ်ကစားသမား ဂျက်ပေါ်တာသည် အသက် ၁၆ နှစ် ၇၂ ရက်ဖြင့် ပွဲကစားခွင့်ရခဲ့သည့် ဒုတိယအငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အာဆင်နယ်အသင်း သမိုင်းတစ်လျှောက်တွင် ၂၀၀၃ ခုနှစ်က ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်က ၁၆ နှစ် ၁၇၇ ရက်ဖြင့် ပွဲထွက်ခွင့်ရခဲ့သည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်က တောင်ပံကစားသမား နဝမ်နာရီက ၁၅ နှစ် ၁၈၁ ရက်ဖြင့် ပွဲကစားခွင့်ရခဲ့သည့် အသက်ငယ်ဆုံးကစားသမားအဖြစ် စံချိန်သစ် တင်နိုင်ခဲ့ပြီးနောက် ယခုအခါ ဂျက်ပေါ်တာက နဝမ်နာရီနောက်တွင် ဒုတိယမြောက် အသက်ငယ်ဆုံး ပွဲကစားခွင့်ရခဲ့သည့်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အသက် ၁၆ နှစ်ရှိ ဂိုးသမား ဂျက်ပေါ်တာသည် နည်းပြအာတီတာလက်အောက်တွင် ပြီးခဲ့သည့် ဘောလုံးရာသီကတည်းက အသင်းနှင့် ပူးပေါင်းလေ့ကျင့်ခွင့်ရရှိခဲ့သူဖြစ်ပြီး ယခုနှစ်တွင် အသင်းကြီးလူစာရင်း၌ပါဝင်ခဲ့ကာ အတ္တလန်တာအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အရန်ကစားသမားစာရင်း၌ ပါဝင်ခဲ့ပြီးနောက် ယခုပွဲစဉ်တွင် ပွဲထွက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဘော်တန်အသင်းနှင့် ပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ပွဲစကတည်းက အိမ်ကွင်းအားသာချက်ဖြင့် ဖိအားပေးနိုင်ခဲ့ရာ ပွဲချိန် ၁၆ မိနစ်တွင် ဒီကလန်ရိုက်၊ ပွဲချိန် ၃၇ မိနစ်၊ ပွဲချိန် ၄၉ မိနစ်တွင် နဝမ်နာရီ၊ ပွဲချိန် ၆၄ မိနစ်တွင် စတားလင်းနှင့် ပွဲချိန် ၇၇ မိနစ်တွင် ကိုင်ဟာဗက်တို့၏ ဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဘော်တန်အသင်းက ပွဲချိန် ၅၃ မိနစ်တွင် ချေပဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့သောကြောင့် အာဆင်နယ်အသင်းအနေဖြင့် ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

Ref : 90Min

Trs : ML

## NABO ဝယ်သာဝိတ်တန်းချန်ပီယံကာကွယ်ပွဲအဖြစ် အဲလက်ဆစ်ရိုချာနှင့် ရာအူးလ်ကာရီရယ်လ်တို့ ထိုးသတ်မည်

**အွန်တာရီယို စက်တင်ဘာ ၂၆**

NABO ဝယ်သာဝိတ်တန်း ချန်ပီယံ အမေရိကန်လက်ဝှေ့သမား အဲလက်ဆစ်ရိုချာသည် ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ မက္ကဆီကိုလက်ဝှေ့သမား ရာအူးလ်ကာရီရယ်လ်နှင့် ဒီဇင်ဘာ ၁၄ ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အွန်တာရီယိုမြို့တွင် ထိုးသတ်သွားမည်ဟု ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အဲလက်ဆစ်ရိုချာ အတွက် လက်ရှိချန်ပီယံဆုကို ပထမဆုံးအကြိမ် ကာကွယ်ထိုးသတ်မည်ဖြစ်ပြီး ရင်ဆိုင်ထိုးသတ်ရမည့် ပြိုင်ဘက်မှာ ရှုံးပွဲမရှိသေးသည့် ပြိုင်ဘက်တစ်ဦးဖြစ်ကာ အဲလက်ဆစ်ရိုချာ၏ လက်ရှိချန်ပီယံဆုကိုလည်း အဓိကခြိမ်းခြောက်လာနိုင်မည့် ပြိုင်ဘက်လည်းဖြစ်ကြောင်း သိရသည်။

သို့သော် အဲလက်ဆစ်ရိုချာက ချန်ပီယံဆုကို ကာကွယ်နိုင်ရေး အကောင်းဆုံးပြင်ဆင်ပြီး ချန်ပီယံဆုကို ကာကွယ်နိုင်မည်ဟု ယုံကြည်ကြောင်းလည်း ပြောကြားခဲ့သည်။

အဲလက်ဆစ်ရိုချာက "ကျွန်တော့်အတွက်ပထမဆုံးချန်ပီယံကာကွယ်ပွဲစဉ်ပါ။ လက်ရှိချန်ပီယံကို ကာကွယ်ရမဲ့ပွဲဦးထွက်မှာ အမှားကင်းအောင် အတတ်နိုင်ဆုံးကြိုးစားသွားပါမယ်။ ရာအူးလ်က ရှုံးပွဲမရှိသေးတဲ့ လက်ဝှေ့ကစားသမားကောင်းတစ်ယောက်ပါ။ ကျွန်တော့်အတွက် ခက်ခဲတဲ့ပြိုင်ဘက်ဖြစ်လာလိမ့်မယ်။ ကျွန်တော့်ဘက်က အကောင်းဆုံးပုံစံမှာ ရှိမနေရင် ကာကွယ်နိုင်ဖို့ ခက်ခဲလိမ့်မယ်ဆိုတာ မျှော်လင့်ပြီးသားပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

## ကွာရာဘောင်းဖလား စတုတ္ထအဆင့်တွင် စပါးအသင်းနှင့် မန်စီးတီးအသင်းတို့ တွေ့ဆုံ

**လန်ဒန် စက်တင်ဘာ ၂၆**

ကွာရာဘောင်းဖလား တတိယအဆင့်ပွဲစဉ်များအပြီး စတုတ္ထအဆင့်မဲခွဲပွဲပြုလုပ်ခဲ့ရာ ပရီးမီးယားလိဂ်ချန်ပီယံ မန်စီးတီးအသင်းက စပါးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် တတိယအဆင့်တွင် ဝက်ဖို့ဒ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှုအသာ ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ကစားနိုင်ခဲ့ကာ နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး စပါးအသင်းက ချန်ပီယံရှစ်ကလပ်ကိုဗင်ထရီအသင်းကို နောက်ကျသွင်းဂိုး နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် စတုတ္ထအဆင့်သို့ ရောက်ရှိခဲ့ပြီး မန်စီးတီးအသင်းနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

စတုတ္ထအဆင့်တွင် ဘော်တန်အသင်းကို ငါးဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့သည့် အာဆင်နယ်အသင်းက ပရက်စတန်အသင်းကို အဝေးကွင်းတွင်လည်းကောင်း၊ ဝက်စ်ဟမ်းအသင်းကို ငါးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် လီဗာပူးအသင်းက ဘရိုက်တန်အသင်းကို အဝေးကွင်းတွင်လည်းကောင်း၊ ဘန်စလေအသင်းကို ခုနစ်ဂိုးပြတ်အနိုင်ရခဲ့သည့် မန်ယူအသင်းက လက်စတာအသင်းကို အိမ်ကွင်းတွင်လည်းကောင်း၊ ဘရန့်ဖို့ဒ်အသင်းက ရှက်ဖီး(W)အသင်းနှင့် လည်းကောင်း၊ ဆောက်သမ်တန်အသင်းက စတုတ်အသင်းနှင့်လည်းကောင်း၊ ဝင်ဘယ်ဒန်နှင့် နယူးကာဆယ်အသင်းတို့မှ အနိုင်ရသည့်အသင်းက ချဲလ်ဆီးအသင်းနှင့်



လည်းကောင်း၊ အေဗီလာအသင်းက ပဲလေ့စ်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များကို လာမည့် အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ရေကြီးရေလျှံမှုကြောင့်ရွှေ့ဆိုင်းခဲ့သည့် ဝင်ဘယ်ဒန်အသင်းနှင့် နယူးကာဆယ်အသင်းတို့ပွဲစဉ်ကို အောက်တိုဘာ ၁ ရက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# ၂၀၂၅အာရှယူ-၂၀ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဥ်တွင် ကာဂျစ်စတန်အသင်းကို မြန်မာအသင်း နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်



**ရန်ကုန် စက်တင်ဘာ ၂၆**

၂၀၂၅အာရှယူ-၂၀ ပြိုင်ပွဲခြေစစ်ပွဲ အုပ်စု(I)အုပ်စုအဖွင့်ပွဲစဥ်အဖြစ် စက်တင်ဘာ ၂၅ ရက် ညပိုင်းက ကာဂျစ်စတန်နိုင်ငံ Bishkek မြို့ရှိ Dolen Omurzakov Stadium တွင် အိမ်ရှင် ကာဂျစ်စတန်ယူ-၂၀ အသင်းနှင့် မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းတို့ကစားခဲ့ရာ မြန်မာ့လက်ရွေးစင် ယူ-၂၀အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းက ဟန်မြင့်မြတ်ထွန်း၊ လတ်ဝေဘုန်း၊ ခန့်ဇင်ဟိန်း၊ ဆင်မြူရယ်နဂိုင်ကီ၊ စွမ်းထက်၊ စောဆေးကပေါ်စေး၊ ဝင်းပြည့်မောင်၊ ကောင်းခန့်ကျော်၊ ရှိုင်းဝဏ္ဏအောင်၊ ခွန်ချိုထူး၊ ဖြိုးပြည့်စုံ အစရှိသည့်ကစားသမားများဖြင့်ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဥ်တွင် ပွဲစကတည်းက အိမ်ရှင် ကာဂျစ်စတန်ယူ-၂၀ အသင်းက ဖိအားပေးကစားနိုင်ခဲ့ပြီး မြန်မာ့လက်ရွေးစင်ယူ-၂၀ အသင်းက အကောင်းဆုံးပြန်လည်တုံ့ပြန်ပြီး ကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၁၇ မိနစ်တွင် အာမီကော့ဗ်နှင့် ပွဲချိန် ၃၈ မိနစ်တွင် အယ်မာဇီဗီကော့ဗ်တို့က ကာဂျစ်စတန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် အိမ်ရှင်ကာဂျစ်စတန်ယူ-၂၀ အသင်းက မြန်မာ့လက်ရွေးစင် ယူ-၂၀အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၅အာရှယူ-၂၀ ပြိုင်ပွဲခြေစစ်ပွဲ အုပ်စု(I)အခြားပွဲစဥ်အဖြစ် ဂျပန်ယူ-၂၀အသင်းနှင့် တာ့ခ်မင်နစ္စတန်ယူ-၂၀အသင်းတို့ ကစားခဲ့ရာ ဂျပန်ယူ-၂၀ အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းသည် ၂၀၂၅ အာရှယူ-၂၀ ပြိုင်ပွဲခြေစစ်ပွဲ အုပ်စု(I) အုပ်စု ဒုတိယပွဲစဥ်အဖြစ် စက်တင်ဘာ ၂၇ ရက်တွင် ဂျပန်ယူ-၂၀အသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# Japan Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် တေလာဖရစ်ဇ် ရှုံးနိမ့်

**တိုကျို စက်တင်ဘာ ၂၆**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် Japan Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဥ်အဖြစ် အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ဇ်နှင့် ပြင်သစ်တင်းနစ်ကစားသမား အာသာဖီးလ်တို့ကစားခဲ့ရာ အာသာဖီးလ်က (၆-၄၊ ၃-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲသည် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် စာရင်းတွင်ပါဝင်နေသည့် တေလာဖရစ်ဇ်အတွက် ထင်မှတ်မထားသော ရလဒ်တစ်ခုဖြစ်သည်။

တေလာဖရစ်ဇ်သည် နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခြင်းခံထားရသူဖြစ်ပြီး ယခုနှစ် US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်ထိ တက်ရောက်နိုင်ပြီး ၂၀၀၉ ခုနှစ်နောက်ပိုင်း ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့သော ပထမဆုံး အမေရိကန်တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းဝင်ထားသူဖြစ်သည်။

Japan Open တင်းနစ်ပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ခဲ့သော်လည်း ရလဒ်ကောင်းရရှိခဲ့ခြင်းမရှိသည့်အပေါ် စိတ်ပျက်မိသည်ဟု တေလာဖရစ်ဇ်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL




# AFF Shopee Cup ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက အင်ဒိုနီးရှားကလပ် PSM Makassar အသင်းကို ရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၂၆**

အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF)က ကြီးမှူးကျင်းပလျက်ရှိသည့် AFF Shopee Cupပြိုင်ပွဲ အုပ်စုပွဲစဥ်အဖြစ် စက်တင်ဘာ ၂၅ ရက်ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဘာလစ်ပါပန်မြို့ရှိ Batakan Stadiumတွင် အင်ဒိုနီးရှားကလပ် PSM Makassarအသင်းနှင့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ PSM Makassarက လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဥ်တွင် ရှမ်းယူနိုက်တက်အသင်းက အဓိက ကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့ပြီး PSM Makassar အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားခဲ့သော်လည်း ပွဲချိန် ၃၂မိနစ်တွင် ဟယ်ဂျီတာနှင့် ပွဲချိန် ၃၆ မိနစ်တွင် အလိုစီယိုနက်တိုတို့က PSM Makassar အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး နာကျင်အချိန်ပိုနှစ်မိနစ်တွင် ရီနာတာယိုက ရှမ်းယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် PSM Makassar အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၄၉ မိနစ်တွင် ဖောလ်က PSM Makassarအသင်းအတွက် ဦးဆောင်ဂိုးတစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၅၆ မိနစ်တွင် မာ့ခ်ဆာကီနှင့် ပွဲချိန် ၆၃ မိနစ်တွင် ဘာကာယိုကိုတို့က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို တစ်မိနစ်တွင် ရာဟာမန်းက PSM Makassarအသင်း အတွက် ဦးဆောင်ဂိုးတစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် PSM Makassarက ရှမ်းယူနိုက်တက်အသင်းကို လေးဂိုး သုံးဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် AFF Shopee Cup ပြိုင်ပွဲ အုပ်စုလက်ကျန်ပွဲစဥ်များအဖြစ် Young Elephantအသင်း၊ ထိုင်ဝမ်စတီးအသင်းတို့နှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဥ်(၁၈)တွင် သစ္စာအားမာန်အသင်းက ရှမ်းယူနိုက်တက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဥ်(၁၈) နောက်ဆုံးပွဲစဥ်အဖြစ် ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ သစ္စာအားမာန်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဥ်တွင် သစ္စာအားမာန်အသင်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း မသေချာမှုကြောင့် ဂိုးမရခဲ့ဘဲ ပွဲချိန် ၁၉ မိနစ်တွင် အေးမြတ်ခိုင်က ရှမ်းယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သောကြောင့် ပထမပိုင်း၌ ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးနှင့် အနိုင်ဂိုးများလိုအပ်နေသည့် သစ္စာအား မာန်အသင်းက ပိုမိုတိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၄၉ မိနစ်နှင့် ပွဲချိန် ၆၇ မိနစ်တို့တွင် မြတ်နိုးခင်၊ ပွဲချိန် ၆၁ မိနစ်တွင် နီလာဝင်းနှင့် ပွဲချိန် မိနစ် ၈၀ တွင် ဒီဇင်ဘာနှင်းတို့က သစ္စာအားမာန်အသင်းအတွက် လိုအပ်နေသည့်ချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် သစ္စာအားမာန်အသင်းက ရှမ်းယူနိုက်တက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဥ်အတွက် အကောင်းဆုံးကစားသမားဆုကို သစ္စာအားမာန်အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် နီလာဝင်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# မန်စီးတီးအသင်းက ရိုဒရီ၏နေရာတွင် အစားထိုးရန် ဇူဘီမန်ဒီကို ခေါ်ယူရန်စီစဥ်

**မန်ချက်စတာ စက်တင်ဘာ ၂၆**

မန်စီးတီးအသင်းသည် အာဆင်နယ်အသင်းကို နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဥ်တွင် ကွင်းလယ်ကစားသမား ရိုဒရီ ဒဏ်ရာရရှိခဲ့ပြီး ကာလရှည်အနားယူရမည်ဖြစ်သောကြောင့် ဆိုစီဒက်အသင်း ကွင်းလယ်ကစားသမား ဇူဘီမန်ဒီကို အစားထိုးခေါ်ယူရန် စီစဥ်နေကြောင်း သိရသည်။

ဇူဘီမန်ဒီကို အာဆင်နယ်အသင်းက သောမတ်ပါတေးနေရာတွင်အစားထိုးရန်အတွက် နွေရာသီအပြောင်းအရွှေ့ ကာလကတည်းက ခေါ်ယူရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်က အသင်းတွင် ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့သဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းမရှိဘဲ ယခုအခါ မန်စီးတီးအသင်းက ကာလရှည်အနားယူရမည့် ရိုဒရီ၏နေရာတွင် အစားထိုးရန်အတွက် ဇူဘီမန်ဒီကို အာဆင်နယ်အသင်းနှင့် အပြိုင်ခေါ်ယူမည်ဖြစ်သည်။

လက်ရှိတွင် ဇူဘီမန်ဒီသည် ဆိုစီဒက်အသင်းနှင့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း အသင်းအနေဖြင့် ရလဒ်ဆိုးများနှင့် ရုန်းကန်နေရပြီး ဇူဘီမန်ဒီနှင့် ဆိုစီဒက်အသင်းတို့ အနာဂတ်မှာလည်း မရေမရာမှုများရှိလာသောကြောင့် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့တွင် အသင်းပြောင်းရွှေ့ရန် ဆန္ဒရှိနေသဖြင့် မန်စီးတီးအသင်းက ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် လက်ဦးမှုရယူရန် ပစ်မှတ်ထားလျက်ရှိသည်။

အသက် ၂၅ နှစ်ရှိ ဇူဘီမန်ဒီသည် ဆိုစီဒက်အသင်း လူငယ်ကစားသမားတစ်ဦးဖြစ်ကာ ၂၀၁၉ ခုနှစ်က အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုပြီးနောက် ၂၀၁၉ ခုနှစ်တွင် အသင်းကြီး၌ စတင်ပွဲထွက်ခွင့်ရခဲ့သူဖြစ်ပြီး ပြိုင်ပွဲစုံ ၁၉၆ ပွဲတွင် သွင်းဂိုး ကိုးဂိုးထိသွင်းယူခြေစွမ်းပြသနိုင်ခဲ့ကာ ဥရောပတွင် အကောင်းဆုံးကွင်းလယ်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး

နှစ်စဉ် စက်တင်ဘာ ၂၇ ရက်သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) ဖြစ်သည်။ ထိုနေ့ရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပပြုလုပ်ကြသည်။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အဖွဲ့ဝင်ဖြစ်သည့်အားလျော်စွာ ၂၀၁၂ ခုနှစ်မှစတင်ကာ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့သည်။၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အတွက်သတ်မှတ်ထားသည့်ဆောင်ပုဒ်သည် 'Tourism and Peace' 'ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး' ဖြစ်သည်။

**ခရီးသွားလုပ်ငန်းများစွာပိုင်ဆိုင်**

မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းအတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်သည်။ တောင်ပေါ်၊ မြေပြန့်၊ ကမ်းရိုးတန်း၊ မြစ်ဝှမ်း၊ ပင်လယ်ကမ်းခြေများ စသည့် မတူကွဲပြားထူးခြားလှပသည့်သဘာဝရှုခင်းများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အရောင်အသွေးစုံလင်သည့်တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များနှင့် လူနေမှုဘဝပုံစံများသည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည့်အရာများပင်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံသည် ဒေသအလိုက် တစ်နေရာနှင့်တစ်နေရာမတူညီဘဲ ကွဲပြားခြားနားသည့်သဘာဝပတ်ဝန်းကျင်များ၊ ဒေသအလိုက်၊ လူမျိုးအလိုက် အစားအသောက်များနှင့် ရိုးရာလက်မှုများ၊ အနုပညာများ စုံလင်စွာရှိနေသည်။ ထိုသို့ တန်ဖိုးမဖြတ်နိုင်သောအရာများကို မပျောက်မပျက်အောင်ထိန်းသိမ်းမြှင့်တင်၍ ခရီးသွားဆွဲဆောင်မှုများဖြစ်လာစေရန် ဆောင်ရွက်ခြင်းဖြင့် ခရီးစဉ်ဒေသများအဖြစ် ရပ်တည်လာနိုင်ပြီး ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတို့ကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် လုပ်ငန်းနယ်ပယ်ပေါင်းစုံတွင် အကျိုးဖြစ်ထွန်းစေသည်။ အထူးသဖြင့် မြို့ပြနှင့်ကျေးလက်ဒေသများတွင်ရှိသည့် အမျိုးသမီးများ၊ လူငယ်များနှင့် ကျေးလက်နေပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းများရရှိစေနိုင်သည်။ ထို့ပြင် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များနှင့် အလှအပများကို ဖွင့်လှစ်ပြသနိုင်သည့် အခွင့်အလမ်းများကိုလည်း ရရှိစေမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် တည်းခိုနေထိုင်ရေးနှင့် ဧည့်ဝတ်ကျေပွန်ရေးကဏ္ဍအပြင် ကျန်းမာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လမ်းတံတားကဏ္ဍ၊ စည်ပင်သာယာလှပရေးကဏ္ဍ၊ မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ စသည့်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ချိတ်ဆက်ဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် တန်းတူညီမျှပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်ရန် အထောက်အကူပြုသည့်လုပ်ငန်းတစ်ရပ်လည်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့်

**❖ရေရှည်တိုးတက်သော ခရီးသွားလုပ်ငန်းသည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပြည်သူအားလုံးအကျုံးဝင်ခြင်း၊ ဒေသစီးပွားရေးလုပ်ငန်းများ ခိုင်မာအားကောင်းခြင်းတို့ကြောင့် လူမှုအသိုက်အဝန်းများကို တိုးတက်ပြောင်းလဲစေနိုင်သည်။ ခရီးသွားလုပ်ငန်းနှင့်ငြိမ်းချမ်းရေးတို့သည် ဆက်နွှယ်မှုရှိနေသည်။ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် တင်းမာမှုများလျှော့ချစေနိုင်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်သည့် အလေ့အထကို မွေးမြူနိုင်ပေသည်။ ❖**

ပြည်တွင်းခရီးသွားလုပ်ငန်းများ တိုးတက်လာမည်ဆိုလျှင် ထိုနိုင်ငံ၏ စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုများသည် များစွာပြောင်းလဲသွားမည်ဖြစ်သည်။

**မီးခိုးမထွက်သောစက်ရုံ**

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစားအသီးသီးထံသို့ ဝင်ငွေများ တိုက်ရိုက်နှင့်သွယ်ဝိုက်သော နည်းလမ်းများနှင့် စီးဝင်စေခြင်း စသည့် အကျိုးကျေးဇူးများစွာရရှိစေနိုင်သည့် မီးခိုးမထွက်သည့်စက်ရုံ (Smokeless Industry) တစ်ခုဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများတွင် အရေးပါသည့်လုပ်ငန်းအဖြစ် အလေးထားဆောင်ရွက်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများလည်း ပြည်တွင်း၊ ပြည်ပ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကာလတို၊ ကာလလတ်၊ ကာလရှည်ပန်းတိုင်များအောင်မြင်စေရန်အတွက် မဟာဗျူဟာ ၁၈ခု၊ အသေးစိတ်စီမံချက် ၉၃ ခုပါဝင်သည့် "မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေး မဟာဗျူဟာလမ်းပြမြေပုံ (၂၀၂၁-၂၀၂၅)"ကို ရေးဆွဲ၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ဆိုးကျိုးသက်ရောက်မှုလျှော့ချ**

ခရီးသွားလုပ်ငန်းသည် စီးပွားရေးကို လျင်လျင်မြန်မြန်ဖွံ့ဖြိုးစေပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာစေခြင်း၊ နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုကို သိနားလည်စေခြင်းနှင့် နိုင်ငံ၏ကောင်းသတင်းကိုထွက်ပေါ်စေနိုင်ခြင်း စသည့်အားသာချက်များရှိသကဲ့သို့ ပတ်ဝန်းကျင်ကိုထိခိုက်စေခြင်း၊ သဘာဝအရင်းအမြစ်များပျက်စီးစေခြင်း၊ ဒေသခံပြည်သူများ၏ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုနှင့် လူနေမှုဘဝတို့အပေါ် ထိခိုက်စေနိုင်ခြင်း စသည့်အားနည်းချက်များလည်းရှိသည်။

ထို့ကြောင့် ခရီးသွားလုပ်ငန်းများ ရေရှည်တည်တံ့ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံရာတွင် ခရီးသွားလုပ်ငန်းမှ အားသာချက်များနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ပင် ခရီးသွားလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု၊ ဒေသခံပြည်သူများ၏ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် နေ့စဉ်လူမှုဘဝများအပေါ် ဆိုးကျိုးသက်ရောက်မှုကိုလည်း လျှော့ချနိုင်ရေး စီမံဆောင်ရွက်သွားရန်လိုအပ်သည်။

**ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး**

အမှန်တော့ ခရီးသွားခြင်းဖြင့် မတူကွဲပြားသောယဉ်ကျေးမှု၊ ဘာသာစကား၊ ဖြစ်တည်မှုတို့ကို တန်ဖိုးထားလေးစားမှု တိုးတက်လာမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အသိုက်အဝန်းများကြား နားလည်စာနာထောက်ထားမှုဖြစ်ပေါ်လာသဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးဖြစ်ထွန်းမှုကို အထောက်အကူပြုစေနိုင်ပေသည်။

ထို့ပြင် ရေရှည်တိုးတက်သော ခရီးသွားလုပ်ငန်းသည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပြည်သူအားလုံးအကျုံးဝင်ခြင်း၊ ဒေသစီးပွားရေးလုပ်ငန်းများ ခိုင်မာအားကောင်းခြင်းတို့ကြောင့် လူမှုအသိုက်အဝန်းများကို တိုးတက်ပြောင်းလဲစေနိုင်သည်။ ခရီးသွားလုပ်ငန်းနှင့်ငြိမ်းချမ်းရေးတို့သည် ဆက်နွှယ်မှုရှိနေသည်။ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် တင်းမာမှုများလျှော့ချစေနိုင်ပြီး ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်သည့် အလေ့အထကို မွေးမြူနိုင်ပေသည်။

အလားတူခရီးသွားလုပ်ငန်းသည် အိမ်နီးချင်းနိုင်ငံများကြား စီးပွားရေးဆိုင်ရာအပြန်အလှန်မှီခိုမှုကိုလည်း မြှင့်တင်ပေးနိုင်သောကြောင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ငြိမ်းချမ်းသောဖွံ့ဖြိုးတိုးတက်မှုကို အားပေးသည်။ တစ်ချိန်တည်းမှာပင် ခရီးသွားလုပ်ငန်းသည် နယ်ပယ်များပိုမိုချဲ့ထွင်နိုင်ပြီး ခရီးသွားတိုင်းသည် ဒေသခံပြည်သူများနှင့် နွေးထွေးစွာ ထိတွေ့ဆက်ဆံနိုင်သဖြင့် မတူကွဲပြားမှုနှင့် လူသားဆန်မှုတို့ကို အသိအမှတ်ပြုနိုင်သောကြောင့် စည်းလုံးမှုကိုဖော်ဆောင်နိုင်ပေသည်။

မည်သို့ပင်ဆိုစေ စာရေးသူတို့အနေဖြင့် ကမ္ဘာတစ်ဝန်းငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုမြှင့်တင်နိုင်ရေးအတွက် ခရီးသွားလုပ်ငန်း၏စွမ်းအားကို အတူတကွ အကောင်အထည်ဖော်ဆောင်သွားရန် လိုအပ်ပေသည်။ အထူးသဖြင့် တာဝန်ယူမှုရှိသော ခရီးသွားတစ်ဦးအနေဖြင့် မတူညီသောယဉ်ကျေးမှုနှင့် နိုင်ငံများကြား အပြန်အလှန်လေးစားမှုကိုမြှင့်တင်ရင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို ကြိုဆိုသွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၂၈-၉-၂၀၂၂၊ ၂၅-၉-၂၀၂၃၊ ၂၇-၉-၂၀၂၃နှင့် ၂၈-၉-၂၀၂၃ ထုတ် မြန်မာ့အလင်းသတင်းစာများ။
- World Tourism Day – 2024 | Tourism and Peace (unwto.org)

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ကျုံပျော်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၈၃၃ ဧက စိုက်ပျိုးပြီးစီး

**ကျုံပျော် စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၈၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ကျုံပျော်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၈၃၃ ဧကကို ယခုနှစ် ဇွန်လ ပထမပတ်က စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကြံ ၈၃၃ ဧက အားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော ကြံဧကများမှာ ရေကြည်မြို့နယ်တွင် ၁၇၃ ဧက၊ ကျုံပျော်မြို့နယ်တွင် ၅၄၅ ဧက၊ ကျောင်းကုန်းမြို့နယ်တွင် ၁၀၇ ဧက စုစုပေါင်း ၈၃၃ ဧက တို့ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ကျုံပျော်ခရိုင်မှာ ကြံ ၈၃၃ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ကြံ ၈၃၃ ဧက အားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကြံစိုက်ပျိုးရာမှာ စိုက်နည်းစနစ်တွေမှန်ကန်စေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိစိုက်ပျိုးနိုင်စေဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပေါင်းစပ်ဆောင်ရွက်ပေးထားပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ကျုံပျော်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံအပါအဝင် မိုးသီးနှံများအားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်စေရန်၊ ရာနှုန်းပြည့် ပြန်လည်ရိတ်သိမ်းနိုင်စေရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများဖြစ်သည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန



စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ခိုင်နှင်းဝေဖောင်ဒေးရှင်းနှင့် စေတနာရှင်၊ အလှူရှင်များက လှိုင်ကော်မြို့နယ်ရှိ ရေဘေးသင့် အိမ်ထောင်စု ၅၀၀ အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀ သိန်း လှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၂၆**

ခိုင်နှင်းဝေ ဖောင်ဒေးရှင်းနှင့် စေတနာရှင်၊ အလှူရှင်များက ကယားပြည်နယ် လှိုင်ကော်မြို့နယ်ရှိ နေအိမ်ပြိုပျက်ခဲ့ရသည့် ရေဘေးသင့် အိမ်ထောင်စု ၅၀၀ အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀ သိန်း လှူဒါန်းခြင်းကို စက်တင်ဘာ ၂၅ ရက်က သွားရောက် လှူဒါန်းခဲ့ကြောင်း သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြ၍ သိရသည်။

ထိုကဲ့သို့ လှူဒါန်းရာတွင် ခိုင်နှင်းဝေ ဖောင်ဒေးရှင်းအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများ ရှေ့မှောက်တွင် နေအိမ်ပြိုပျက်ခဲ့ရသည့် အိမ်ထောင်စု ၅၀၀ အား အလှူငွေများ ပံ့ပိုး လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်မအနေနဲ့ ကိုယ်တိုင် ကယားပြည်နယ်ဘက်ကို သေချာ လေ့လာပြီး တကယ့်ကို နေအိမ်တွေ ဆုံးရှုံးခဲ့ကြသူတွေအတွက် အထောက်အကူဖြစ်စေမဲ့ ငွေကို လှူဒါန်းခဲ့တာပါ။ အိမ်ထောင်စုတစ်စုကို ငွေကျပ် ၁၀ သိန်းနှုန်းနဲ့ အိမ်ခြေ ၅၀၀ အတွက် မျှဝေမှုကို ဗီတိကုသိုလ်တွေ ပွားများနိုင်ကြပါစေ။ ကယားပြည်နယ်အတွက် ငွေကျပ် သိန်း ၅၀၀၀ နဲ့ စားသောက်ကုန် ပစ္စည်းတွေ၊ အဝတ်အထည်တွေလဲ မျှဝေကူညီခဲ့ပါတယ်" ဟု သရုပ်ဆောင် ခိုင်နှင်းဝေက ပြောပြသည်။

အလားတူ ခိုင်နှင်းဝေ ဖောင်ဒေးရှင်းနှင့် စေတနာရှင်၊ အလှူရှင်များက စက်တင်ဘာ ၂၄ ရက်ကလည်း ကလောမြို့နယ်ရှိ နေအိမ်ပြိုပျက်ခဲ့ရသည့် ရေဘေးသင့် အိမ်ထောင်စု ၁၅၅ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်သိန်း ၁၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ASH

# Nobody-2 ဇာတ်ကားသစ်တွင် မင်းသား ဂျွန်အောတစ် ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၂၆**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Nobody-2 ဇာတ်ကားသစ်တွင် မင်းသား ဂျွန်အောတစ် ပါဝင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

Nobody-2 ဇာတ်ကားသစ်တွင် ဂျွန်အောတစ်သည် မင်းသား ဘော့အိုဒင်ဘာ့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

ကမ္ဘာကျော် အက်ရှင်ဇာတ်ကားတစ်ကားဖြစ်သည့် Nobody (2021) ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သော Nobody-2 ကို အင်ဒိုနီးရှား ဒါရိုက်တာ တီကိုချာဂျန်တိုက ရိုက်ကူးမည်ဖြစ်သည်။


လက်ရှိတွင် Nobody-2 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို အမေရိကန်နိုင်ငံ ဝင်နီပက်မြို့၌ စတင်နေပြီဖြစ်သည်။


Nobody-2 အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒါးရစ်ကော်စတက်နှင့် အေရွန်ရာဘင်တို့က ရေးသားပေးထားကြောင်း သိရသည်။

Nobody-2 ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# Rhythmic Rendezvous တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မေခလာက သီဆိုဖျော်ဖြေသွားမည်

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ Melody Bar ၌ စက်တင်ဘာ ၂၉ ရက်တွင် ပြုလုပ်မည့် Rhythmic Rendezvous တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မေခလာက ရေဘေးသင့်ဒေသများအတွက် တေးအလှူအဖြစ် သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း တေးသံရှင် မေခလာက ပြောပြ၍ သိရသည်။

Rhythmic Rendezvous တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မေခလာနှင့်အတူ Dj Keko နှင့် Dj Larry တို့လည်း ပါဝင်ဖျော်ဖြေမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို The Race Music Band က အကောင်းဆုံး ပံ့ပိုးတီးခတ် ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

"ချစ်ငယ် ရေဘေးအလှူအတွက် ပြီးခဲ့တဲ့လကစပြီးတော့ ပြည်တွင်း၊ ပြည်ပ ဖျော်ဖြေပွဲတွေကရတဲ့ ဆုကြေးတွေကို စုပြီးတော့ ချစ်ငယ်ရဲ့ မိတ်ဆွေတွေနဲ့ လှူဒါန်းမှုတွေ ပြုလုပ်နေပါတယ်။ အခုသီဆိုသမျှ ဆုကြေးတွေအားလုံးဟာ ချစ်ငယ်ပရိသတ်ရဲ့ ရေဘေးအလှူတွေ ဖြစ်သွားမှာပါ။ ပြီးခဲ့တဲ့ စက်တင်ဘာ ၂၀ရက်ကလဲတောင်ငူမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှာ ဖွင့်လှစ်ထားတဲ့ ရေဘေးကယ်ဆယ်ရေးစခန်းမှာ ခိုလှုံနေကြတဲ့ ရေဘေးသင့်ပြည်သူတွေကို ကိုယ်တိုင်သွားရောက်ပြီးတော့ လိုအပ်တာတွေ လှူပါတယ်။ ကြက်စွပ်ပြုတ်လဲအာဟာရဒါနအနေနဲ့ လှူဒါန်းခဲ့ပါတယ်။ စုစုပေါင်းအလှူအတွက်ကုန်ကျငွေကတော့ သိန်း ၉၀ လောက်ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ တေးသီချင်းသီဆိုမှုတွေက ရတဲ့ဆုကြေးတွေကိုလဲ လှူဒါန်းပေးသွားမှာပါ"ဟု တေးသံရှင် မေခလာက ပြောပြသည်။




Rhythmic Rendezvous တေးဂီတ ဖျော်ဖြေပွဲကို ည ၆ နာရီ မိနစ် ၃၀ တွင် စတင်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Joker : Folie a Deux ဇာတ်ကားကို တရုတ်ဈေးကွက်၌ ရုံတင်ပြသရန်စီစဉ်ထား

**နယူးယောက် စက်တင်ဘာ ၂၆**

ဝါနာဘရားသားကုမ္ပဏီက Joker : Folie a Deux ဇာတ်ကားကို တရုတ်ရုပ်ရှင်ဈေးကွက်၌ ယခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် စတင်ရုံတင်ပြသရန် စီစဉ်ထားကြောင်း စက်တင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ တော့ဖ်ီးလစ် ရိုက်ကူးထားသည့် Joker : Folie a Deux ဇာတ်ကား၌ မင်းသား ယိုအာကွင်းဖီးနစ်နှင့် မင်းသမီး လေဒီဂါဂါတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ဒါရိုက်တာ တော့ဖ်ီးလစ် ရိုက်ကူးခဲ့သော Joker (2019) ဇာတ်ကားမှာ အော်စကာဆု ၁၁ ဆု၏ ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သော်လည်း တရုတ်ရုပ်ရှင်ဈေးကွက်၌ ရုံတင်ပြသခွင့်မရခဲ့ကြောင်း သိရသည်။

သို့ရာတွင် ၎င်းဇာတ်ကား၏ နောက်ဆက်တွဲ Jokes : Folie a Deux ဇာတ်ကားကိုမူ တရုတ်ရုပ်ရှင်ဈေးကွက်၌ အောက်တိုဘာ ၁၆ ရက်မှစ၍ ရုံတင်ပြသရန် ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Joker : Folie a Deux ဇာတ်ကားကို အောက်တိုဘာ ၄ ရက်တွင် အမေရိကန် ပြည်တွင်း ရုပ်ရှင်ဈေးကွက်၌ စတင်ရုံတင်ပြသမည်ဖြစ်ကြောင်း ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# ပျော်ဘွယ်မြို့နယ် ပင်မြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပင်မြိုင်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က နေကြာအပါအဝင် ဆီထွက်သီးနှံ စိုက်ပျိုးသောတောင်သူများလိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က ပင်မြိုင်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၀၈ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပင်မြိုင်ကျေးရွာ၌ တတိယအကြိမ်အဖြစ် နေကြာ အပါအဝင် ဆီထွက်သီးနှံ စိုက်ပျိုးသည့် တောင်သူ ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၀၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)

# Offer to solve political problems in political ways

**Nay Pyi Taw September 26**

1. Tatmadaw took State powers in accord with the Constitution (2008) of the Republic of the Union of Myanmar as some made attempts to grasp the State power in improper ways with ignorance over endeavours of Tatmadaw to solve the political problems in various political ways in order to peacefully end the political problems triggered by voting frauds in the multiparty democratic general election held in 2020.

2. Tatmadaw formed the State Administration Council with fair numbers of military and civilian participants and adopted its roadmap and objectives. The State Administration Council is steadfastly implementing the fifth points of the five-point roadmap as its ultimate mission to hold a free and fair multiparty democratic general election and to hand over State powers to the elected government. However, the State lost a large number of human resources, infrastructures, life and property of the people due to the fact that some persons and organizations chose to apply the armed terrorism with armed struggle line and terrorism without solving political problems in political ways. Moreover, their terror acts were obstacles to peace and stability of the State and development of the country.

3. Currently, the census is scheduled to take place on 1 October to ensure the accuracy of voter lists for the upcoming multiparty democratic general election. Now is the time to make concerted preparations for this election. Considering the losses of the State due to armed struggle line and terrorism, ethnic armed organizations and PDF terrorists fighting against the State are invited to contact the State to solve the political problems in political ways through party politics or electoral processes in order to join hands with the people to emphasize durable peace and development by discarding the armed terrorism way.

**Information Team**
**State Administration Council**

# Preparations to focus on cultivation of more than 10,000 acres of onion in Shwebo District



An onion plantation.

**Shwebo September 26**

This year, Shwebo District Agriculture Department mentioned that a total of 10,100 acres of croplands will be placed under onion in coming winter in Shwebo District of Sagaing Region.

In 2024-25 winter crop cultivation season, Shwebo Township earmarked 2,287 acres of onion, KhinU Township 2,980 acres, Wetlet Township 4,503 acres and Kyaukmyaung 330 acres, totalling 10,100 acres.

Daw Zar Zar Min, Assistant Director of Shwebo District Agriculture Department commented: “The district earmarked cultivation of more than 10,000 acres of onion in coming winter. We will strive for meeting the target cultivation. We create market linkages for farmers to fetch good prices for their crops.”

Relevant Agriculture Departments in Shwebo District will serve local farmers with market linkages for their crops, share technology for preserving their crop, growing onion with GAP system and producing quality strains of crops.

Local farmers need to cost some K1.8 million per acre of growing onion but it yields some 5,000 viss per acre.

In Sagaing Region, onion is mostly grown in Monywa, Yinmabin, ChaungU, Shwebo and Myinmu townships.

206

# Wetlet Township plans to cultivate over 61,000 acres of winter sesame for 2024-2025 season

**Wetlet September 26**

According to records from the Department of Agriculture in Wetlet Township, Shwebo District, Sagaing Region, 61,316 acres of winter sesame will be cultivated during the upcoming winter crop planting season this year.

For the 2024-2025 winter season, Wetlet Township has planned to cultivate 61,316 acres of sesame, with planting scheduled to take place from October to December this year.

Daw Khin San, head of the Wetlet Township Agriculture Department, stated, "We have planned to plant over 60,000 acres of sesame in the upcoming winter crop season. We will work to ensure that the planned acreage is fully cultivated. Sesame cultivation has improved year by year, and sesame is primarily grown during the winter rather than the rainy season. As an oil crop, it is in a successful position."

This year, the Wetlet Township Agriculture Department will provide farmers who grow rainy-season sesame with knowledge on expanding sesame cultivation, proper farming techniques, GAP (Good Agricultural Practices) systems, the use of high-quality and pure seeds, and cultivating high-yield varieties. It is also reported that crops produced under the GAP system have better quality, higher prices, and can be exported to foreign markets as well as sold domestically. Farmers who follow the GAP system are expected to benefit economically and improve their socio-economic status.

206

# Lebanese PM welcomes temporary ceasefire proposal in Lebanon

**Beirut September 26**

Lebanese Prime Minister Najib Mikati has welcomed a temporary ceasefire proposal in Lebanon unveiled during a United Nations Security Council (UNSC) emergency meeting, and has urged compelling Israel to restore regional security, said a statement released Thursday by the Lebanese Council of Ministers.

"The key to its (the proposal's) implementation is through Israel's commitment to enforcing international resolutions," Mikati said at the UNSC emergency meeting on Lebanon Wednesday, the second UNSC meeting on the country's deteriorating situation in less than a week.

"My presence here aims to come out of this session with a serious solution based on the combined efforts of all members of the Security Council to pressure Israel to immediately cease fire on all fronts and restore security and stability to our region," Mikati said.

Mikati reaffirmed Lebanon's commitment to UN Resolution 1701 issued in 2006, calling on the UNSC to work seriously and immediately to ensure Israel's withdrawal from all occupied Lebanese territories and to stop its daily violations.

He also called for an immediate halt to "Israeli aggression on Gaza," stating that its repercussions directly affect Lebanon and the region, warning that the situation could escalate throughout the Middle East if not addressed quickly.

"Lebanon is witnessing today an unprecedented escalation, with the enemy resorting to new means, especially electronic ones, to harm people," he said, refuting Israel's claim that its attacks targeted only Hezbollah members and militants.

During the UNSC emergency meeting on Wednesday, France proposed a 21-day ceasefire in Lebanon in UN diplomacy with the United States "to allow for negotiations."

Xinhua

# China reiterates opposition to U.S. tariff hikes on Chinese goods

**Beijing September 26**

China's Ministry of Commerce (MOC) on Thursday reiterated opposition to the U.S. abuse of Section 301 to hike tariffs on some Chinese goods.

China has repeatedly lodged solemn representations with the U.S. side concerning the Section 301 tariffs, said MOC spokesperson He Yongqian.

She made the remarks at a press conference while answering a question regarding the recent proposal made by the Office of the United States Trade Representative to raise the Section 301 tariff rates of five sub-items such as certain tungsten, wafers and polysilicon.

The World Trade Organization (WTO) has ruled that the Section 301 tariffs violate WTO rules, but the U.S. side is going further down the wrong path with its recent actions, she said.

Xinhua

# Plan underway to grow more than 15,000 acres of winter sesame in Budalin Township this year


A thriving winter sesame plantation.

**Budalin September 26**

Budalin Township Agriculture Department stated that the township authorities plan to grow 15,680 acres of winter sesame in Budalin Township of Sagaing Region this year.

In 2024-25 winter, local farmers will start cultivation of winter sesame on 15,680 acres of croplands in October till December.

U Phyo Wai, Head of Budalin Township Agriculture Department said: "We planned to grow more than 15,000 acres of winter sesame with utmost efforts for meeting the target cultivation. Sown acreage of winter sesame is on the rise yearly. Local farmers prefer to grow sesame in winter more than monsoon. Oil crops are thriving in the township."

This year, officials of the township Agriculture Department will raise farmer awareness to expand sown acreage of winter with advanced agricultural techniques and GAP system using quality strains of crops for boosting per-acre yield.

The crops produced in GAP can fetch higher prices than other crops. Such crops can grasp foreign market to earn increased incomes for local farmers.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers plant more than 3,000 acres of monsoon paddy in Monywa Township

**Monywa September 26**

Local farmers have planted 3,295 acres of monsoon paddy in Monywa Township of Sagaing Region this monsoon, according to Monywa Township Agriculture Department.

Local authorities earmarked 4,000 acres of monsoon paddy in 2024-25 monsoon season but local farmers have planted 3,295 acres of monsoon paddy against the target cultivation.

U Soe Thet Aung, Head of Monywa Township Agriculture Department said: "Local farmers have grown 3,295 acres of monsoon paddy against the target of 4,000 acres this year. Township Agriculture Department provides agricultural techniques to local farmers with quality strains of crops. Moreover, agriculturists made field trips to farmlands for encouraging local farmers to grow monsoon paddy in time."

This year, officials of Township Agriculture Department and local farmers cooperate with each other in systematically grow monsoon paddy without difficulties.

Officials of Township Agriculture Department helped local farmers with agricultural techniques, prevention of pests, minimizing loss of crops and keeping crops under shelter in time.


A monsoon paddy plantation.

This year, monsoon paddy plantations are thriving in Monywa Township. Agricultural staff members helped local farmers choose quality strains of crops, conduct surveillance of pests, weed the crop plantations, remove different strains of crops and systematically use fertilizers.

206

# Katha District decides to grow more than 1,000 acres of black bean in coming winter

**Katha September 26**

Statistics of Katha District Agriculture Department stated that more than 1,000 acres of black bean will be planted in coming winter in Katha District of Sagaing Region.

In the district, Katha Township earmarked 34 acres of black bean, Indaw Township 26 acres and Htigyaing Township 977 acres, totalling 1,037 acres in 2024-25 winter.

U Myint Soe, Head of Katha District Agriculture Department said: "We earmarked cultivation of more than 1,000 acres of black bean in the district in coming winter. We will provide assistance for local farmers to grow black bean meeting the target. Moreover, we will help local farmers with necessary agricultural techniques and pesticides for boosting per-acre yield of crop."

This year, the Township Agriculture Department will distribute quality strains of crops, advanced agricultural techniques, pesticides for pest prevention and fertilizers in order to raise the per-acre yield of crop.

Officials of Township Agriculture Department will cooperate with local farmers in boosting per-acre yield of quality crops with quality strains of crops, inputs and post-harvest technology.

206

# Groundnut planted on more than 7,000 acres of croplands in Kyunhla Township

**Kyunhla September 26**

A total of 7,243 acres of groundnut has been grown in Kyunhla Township of Sagaing Region this monsoon, according to the statistics of Kyunhla Township Agriculture Department.

The township earmarked cultivation of 7,223 acres of groundnut in 2024-25 monsoon season, but local farmers planted 7,243 acres of groundnut exceeding the target cultivation.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department stated: "Local farmers have planted 7,243 acres of groundnut exceeding the target of 7,223 acres this monsoon. At present, groundnut plantations are thriving in the croplands. Sown acreage of groundnut is on the rise yearly."

In the township, local farmer needs to cost more than K200,000 per acre of groundnut for quality strains of crops, labour charge, fertilizer and pesticide but the crop yields more than 50 bags of groundnut per acre.

This year, agricultural staff helped local farmers thrive crop plantations, prevent pests and weed the cropland for boosting per-acre yield.

206


A groundnut plantation.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဗြိတိန်က ရေဒီယိုလှိုင်းနှုန်းတိုက်ရိုက်စွမ်းအင်သုံးလက်နက်တီထွင်၍ ဒရုန်းစနစ်များကိုတန်ပြန်ရန် ကြိုးပမ်း



ဗြိတိန်နိုင်ငံသည် ရေဒီယိုလှိုင်းနှုန်းတိုက်ရိုက်စွမ်းအင်သုံးလက်နက်(RFDEW)ကိုတီထွင်ခြင်းဖြင့် ဒရုန်းစနစ်များကိုတန်ပြန်ရန် အရှိန်မြှင့်တင်ကြိုးပမ်းလျက်ရှိကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၂၄ ရက်တွင်ရေးသားဖော်ပြခဲ့သည်။

ကာကွယ်ရေးပစ္စည်းကိရိယာနှင့် ထောက်ပံ့ရေး(DE&S)နှင့် ကာကွယ်ရေးသိပ္ပံနှင့် နည်းပညာဓာတ်ခွဲခန်း(DSTL)တို့ကြား ပူးပေါင်းဖန်တီးထားသည့် ဤတိုက်ရိုက်စွမ်းအင်သုံးစနစ်ကို ၂၀၂၆ ခုနှစ်တွင် စတင်အသုံးပြုနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ သုံးနှစ်ကြာ စမ်းသပ်ပြီးနောက် RFDEW လက်နက်သည် ၎င်း၏ တိုးတက်ဖွံ့ဖြိုးထုတ်လုပ်မှုအပိုင်း အပြီးသတ်နိုင်မည်ဖြစ်ပြီး ကြည်း၊ ရေ၊ လေနယ်ပယ်စုံမှ ခြိမ်းခြောက်မှုများကိုချေဖျက်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

RFDEW လက်နက်သည် ရန်သူ့ယာဉ်များ၏ အီလက်ထရွန်နစ်အစိတ်အပိုင်းများကို ရပ်တန့်ရန် သို့မဟုတ် ပျက်စီးစေရန် ရေဒီယိုလှိုင်းများကို အသုံးပြုထားသည်။ ဒရုန်းများအပါအဝင် ဒရုန်းစနစ်ကို တန်ပြန်ရန် ဒီဇိုင်းထုတ်ထားပြီး ၎င်းလက်နက်သည် ဗြိတိန်နိုင်ငံ၏ စစ်ဘက်ဆိုင်ရာပိုင်ဆိုင်မှုများကို ဒရုန်းရန်ခြိမ်းခြောက်မှုများမှကာကွယ်ရန် ထိရောက်သော လက်နက်တစ်ခုဖြစ်သည်။

၎င်း၏အဓိကအားသာချက်များထဲမှ တစ်ခုမှာ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ် သက်သာခြင်းဖြစ်သည်။ ပစ်ခတ်မှုတစ်ခုစီသည် ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂ ခန့်သာကုန်ကျပြီး ၎င်းသည် သမားရိုးကျဒုံးကျည်အခြေပြု လေကြောင်းရန်ကာကွယ်ရေးစနစ်များအတွက် ကုန်ကျစရိတ်သက်သာသော အစားထိုးမှုတစ်ခုဖြစ်သည်။ ၎င်းသည် ဝေဟင်ခြိမ်းခြောက်မှုများကို ခုခံကာကွယ်ခြင်းနှင့် ဆက်စပ်နေသည့် စစ်ရေးအသုံးစရိတ်ကို လျှော့ချနိုင်ပြီး ခေတ်မီ စစ်မြေပြင်များတွင် ပိုမိုကြီးထွားလာနေသည့် ဒရုန်းများကို ထိရောက်စွာဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

ဤလက်နက်ကို တီထွင်ဖန်တီးခြင်းဖြင့် ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ဒရုန်းစနစ်များမှ ထွက်ပေါ်လာသော ဘက်မညီ စစ်နည်းဗျူဟာသုံး ခြိမ်းခြောက်မှုများကိုတန်ပြန်ရန် လိုအပ်ချက်အပေါ် ကြိုးပမ်းဆောင်ရွက်နေခြင်းလည်းဖြစ်သည်။ အဆိုပါစနစ်သည် ပစ်မှတ်အမျိုးမျိုးကို ထောက်လှမ်း၊ ခြေရာခံ၊ တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်ပြီး ဗြိတိန်တပ်မတော် ကြည်း၊ ရေ၊ လေတပ်ဖွဲ့များအတွက် မရှိမဖြစ်လိုအပ်သော လက်နက်စွမ်းအားတစ်ခု ဖြစ်လာနိုင်သည်။ ၂၀၂၆ ခုနှစ်တွင် တပ်ဖြန့်အသုံးပြုရန် မျှော်မှန်းထားမှုသည် အရွေ့စွမ်းအင်သုံးမဟုတ်သော ကာကွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်မှုအတွက် သိသာထင်ရှားသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် မေ ၁၆ ရက်တွင် ဗြိတိန်နိုင်ငံအစိုးရသည် နည်းပညာစစ်ပွဲခေတ်တွင် စစ်ရေးစွမ်းရည်မြှင့်တင်ရန် ရည်ရွယ်သည့် Project Ealing စီမံကိန်း တစ်စိတ်တစ်ပိုင်းအဖြစ် RFDEW နှင့်အတူ သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုများကို ထုတ်ဖော်ပြသခဲ့သည်။

အဆိုပါ RFDEW လက်နက်စနစ်သည် ဒရုန်းများနှင့် အခြားရန်သူ့စက်ပစ္စည်းများ၏ အီလက်ထရွန်နစ်အစိတ်အပိုင်းများကို နှောင့်ယှက်ဖိဖျက်နိုင်သည့် ရေဒီယိုလှိုင်းများ(radio waves)ထုတ်လွှင့်၍ ပစ်မှတ်ထား တိုက်ခိုက်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**UK Plans to Introduce Its Directed Energy Weapon Against Unmanned Threats by 2026 ကို ဘာသာပြန်ဆိုထားပါသည်။**

## တူကီယဲကုမ္ပဏီ Roketsan က အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်ကိုတီထွင်ထုတ်လုပ်၍ စမ်းသပ်မှုများစတင်

တူကီယဲနိုင်ငံ ဒုံးကျည်ထုတ်လုပ်ရေးကုမ္ပဏီ Roketsanသည် ၎င်း၏ ရေငုပ်သင်္ဘောမှ ပစ်လွှတ်နိုင်သော တာတိုပစ်ပဲ့ထိန်းဒုံးကျည် Tayfun Short-Range Ballistic Missile (SRBM) အပေါ်အခြေခံ၍ အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်မျိုးကွဲသစ်တစ်ခုကို တီထွင်ထုတ်လုပ်၍ စမ်းသပ်မှုများ စတင်နေပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက စက်တင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Tayfun ဒုံးကျည်၏ အသံထက်မြန်သောဟိုက်ပါဆောနစ် ဒုံးကျည်အမျိုးအစားကို တီထွင်နိုင်ခဲ့ခြင်းသည် မဟာဗျူဟာနှင့် ကာကွယ်ရေးစွမ်းရည်များကို အဆင့်မြှင့်တင်ရန် တူကီယဲနိုင်ငံ၏ ရည်မှန်းချက်ကြီးမားမှုကို အလေးပေးဖော်ညွှန်းလျက်ရှိသည်။ အစဉ်အလာအရ ဒုံးကျည်နည်းပညာသည် တူကီယဲနိုင်ငံ ကာကွယ်ရေးမူဝါဒတွင် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အသံထက်မြန်သော ဟိုက်ပါဆောနစ်စွမ်းရည်များ ပေါင်းထည့်နိုင်ခဲ့ခြင်းသည် နိုင်ငံ၏ အဟန့်အတားစွမ်းရည်နှင့်ထိုးစစ်ဆိုင်ရာ အလားအလာကောင်းများကို သိသိသာသာ မြှင့်တင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

SRBM ဖွဲ့စည်းမှုပုံစံတွင် Tayfun ဒုံးကျည်သည် ပုံမှန်အားဖြင့် ကီလိုမီတာ ၃၀၀ မှ ကီလိုမီတာ ၁၀၀၀ ကြား အကွာအဝေးအတွင်း ပစ်မှတ်များကို တိကျစွာ တိုက်ခိုက်နိုင်စွမ်းရှိသည်။ အသံထက်မြန်သော ဟိုက်ပါဆောနစ် ဒုံးကျည်ဗားရှင်းသစ်တွင် ဒုံးကျည်သည် အမြန်နှုန်းအပြင် အကွာအဝေးနှင့် အဖျက်စွမ်းအားပိုင်း၌ပါ တိုးတက်လာလိမ့်မည်ဟု မျှော်လင့်ရသည်။ Roketsan ကုမ္ပဏီသည် ဒုံးကျည်၏ စစ်ဆင်နိုင်မှုအကွာအဝေး၊ ဝန်တင်နိုင်စွမ်း၊ ထိန်းကျောင်းနိုင်မှု သို့မဟုတ် တန်ပြန်အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များကို ကာကွယ်ရေးနှင့် တိမ်းရှောင်မှု နည်းပညာများကဲ့သို့သော အဆင့်မြင့်အင်္ဂါရပ်များနှင့် ပတ်သက်၍ အသေးစိတ်သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ခြင်း မရှိသေးပေ။



အသံထက်မြန်သည့် ဟိုက်ပါဆောနစ်ဒုံးကျည်များတီထွင်မှုသည် ပိုမိုကျယ်ပြန့်သော ကမ္ဘာလုံးဆိုင်ရာလက်နက်ပြိုင်ဆိုင်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အမေရိကန်၊ တရုတ်နှင့် ရုရှားတို့ကဲ့သို့ နိုင်ငံများအားလုံးသည် ဤခေတ်မီနည်းပညာတွင် အကြီးအကျယ် ရင်းနှီးမြှုပ်နှံကြိုးပမ်းလုပ်ဆောင်လျက်ရှိကြသည်။ ဟိုက်ပါဆောနစ်ဒုံးကျည်များသည် ၎င်းတို့၏ လွန်ကဲသောအမြန်နှုန်းနှင့် လျင်မြန်မှု၊ လှုပ်ရှားစစ်ကစားနိုင်မှုတို့ကြောင့် လက်ရှိလေကြောင်းနှင့် ဒုံးကျည်ရန် ကာကွယ်ရေးစနစ်များကို ကျော်လွှားနိုင်သည့် အလားအလာရှိပြီး ကမ္ဘာတစ်ဝန်းရှိ စစ်လက်နက်တိုက်များတွင် အလိုအပ်ဆုံးစွမ်းရည်များထဲမှ တစ်ခုဖြစ်လာစေခဲ့ပြီဖြစ်သည်။

Tayfun ဒုံးကျည်၏ အသံထက်မြန်သောဟိုက်ပါဆောနစ် ဒုံးကျည်မျိုးကွဲကို အောင်မြင်စွာတီထွင်စမ်းသပ်ခြင်းနှင့်အတူ တူကီယဲနိုင်ငံသည် နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ပေးရုံသာမက ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေးနယ်ပယ်တွင်ပါ နည်းပညာတိုးတက်ဖွံ့ဖြိုးမှုကို သတင်းစကား ပေးပို့နိုင်ခဲ့ပြီဖြစ်သည်။ တစ်ကမ္ဘာလုံးက အနီးကပ်စောင့်ကြည့်နေချိန်တွင် တူကီယဲနိုင်ငံ၏ အသံထက်မြန်သည့် ဒုံးကျည်သစ်သည် ၂၁ ရာစုတွင် ထိပ်တန်းစစ်ဘက် စွမ်းအားရှင်နိုင်ငံဖြစ်လာရန် ၎င်း၏ရည်မှန်းချက်အတွက် အဓိကကျသော သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်း သိရသည်။

**Breaking News: Türkiye Develops Hypersonic Missile Based on Roketsan'sTayfun SRBM Variant ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နဂါးမောက်သီး အလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မြန်အောင် စက်တင်ဘာ ၂၆**

ရေဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း နဂါးမောက်သီးအလုံးရေ ၅၅၀၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မြန်အောင်မြို့နယ် နဂါးမောက်သီး စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်ဌေးဌေးရီက ပြောပြသည်။

မြန်အောင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း နဂါးမောက်သီးအလုံးရေ ၃၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ် ၁ ရက် မှ ၃၁ ရက်ထိ နဂါးမောက်သီးအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ မြန်အောင်မြို့နယ်မှ ဒေသခံ စိုက်ပျိုးရေး လုပ်ငန်းရှင်များ အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးထုတ်လုပ်သည့် နဂါးမောက်သီးများ ထွက်ရှိကြောင်း သိရသည်။

"မြန်အောင်မြို့နယ်မှာ အော်ဂဲနစ်နည်းနဲ့ နဂါးမောက်သီးတွေကို စိုက်ပျိုးထုတ်လုပ်နေပါတယ်။ အော်ဂဲနစ်နည်းစနစ်နဲ့ စိုက်ပျိုးထားတဲ့အတွက် နဂါးမောက်သီးတွေက ရက်ရှည်အထားခံပါတယ်။ အရသာလည်း ထူးခြားပါတယ်။ ဈေးကွက်မှာလည်း ရောင်းပန်းလှသလို ဝယ်ယူသူတွေက ပိုမို ကြိုက်နှစ်သက်ပါတယ်။ မြန်အောင်ဘက်မှာ လက်ရှိ နဂါးမောက်သီးတွေ စတင်ထွက်ရှိနေပြီဖြစ်ပါတယ်။ ထွက်ရှိနေတဲ့ နဂါးမောက်သီးတွေ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချနေတာဖြစ်ပါတယ်"ဟု မြန်အောင်မြို့နယ် နဂါးမောက်သီး စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြသည်။

မြန်အောင်မြို့နယ်မှ ထွက်ရှိသော နဂါးမောက်သီးများ ဈေးကွက်အတွင်း အသီးအရွယ်အစားပေါ်မူတည်ပြီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၀၀၀၀ မှ ၃၅၀၀၀၀ ထိ ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၇၆၅ ဧက စိုက်ပျိုးမည်

**စစ်ကိုင်း စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၇၆၅ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် ကြက်သွန်နီစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၈၀၂ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၁၁၁၀ နှင့်မြောင်မြို့နယ်တွင် ၁၈၅၃ ဧက စုစုပေါင်း ၄၇၆၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ကြက်သွန်နီ ဧက ၄၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်သွားမှာပါ။ ကြက်သွန်နီတွေ ဈေးကောင်းရဖို့ ဈေးကွက်ချိတ်ဆက်ဆောင်ရွက်ပေးတာတွေ ရှိပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက်တောင်သူများ အဆင်ပြေစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် ကြက်သွန်နီ တစ်ဧက စိုက်ပျိုးလျှင် ကုန်ကျစရိတ် ငွေကျပ် ၁၈ သိန်းခန့်ရှိပြီး တစ်ဧက အထွက်နှုန်းမှာ ကြက်သွန်နီ ပိဿာချိန် ၅၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီအများဆုံး စိုက်ပျိုးသည့်မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘို၊ မြင်းမူမြို့နယ်တို့ဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝေါမြို့နယ် အုတ်ဖို(၂)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစု ဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန်ရည်ရွယ်၍ အုတ်ဖို(၂) ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက အုတ်ဖို(၂)ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အုတ်ဖို(၂)ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များက အုတ်ဖို(၂)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းများ လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၉၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃ ဒသမ ၅ သန်းကို တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ပြောပြ၍ သိရသည်။ **ကိုညို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၆-၉-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၈၀၀၀/၁၈၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၅၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၆၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၄၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၉၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲနှင့် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများပေးအပ်လှူဒါန်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၆**

၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့်အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ စုပေါင်းသွေးလှူဒါန်းကြသည်။

နံနက်ပိုင်းတွင် အဆိုပါဆေးရုံများ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့်တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့်စာရေးဝန်ထမ်း စုစုပေါင်း ၃၁၃ ဦးတို့က တစ်ချိန်တည်း စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းကြသည့် သွေးလှူရှင်တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁)နှင့် ရဲအရာရှိကြီးများ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာရဲမြင့်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တာဝန်ရှိသူများကကြည့်ရှုအားပေးကြပြီး အာဟာရဖြည့်စွက်စာများနှင့် အားဆေးများထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများနှင့်ဆေးဝါးမျိုးစုံပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၇ ရက်တွင်လည်း နေပြည်တော်(ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၂၄၇ ဦးတို့က ဆက်လက်စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ စုစုပေါင်း ဂုဏ်ပြုသွေးလှူဒါန်းသူဦးရေ ၅၆၀ ဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ပျဉ်းမနားမြို့နယ်ရှိ ဆင်သေကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ ဇေယျာသီရိမြို့နယ်ရှိ စည်ပင်ကြီးကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ အေးမြင့်သာယာကျေးရွာမူလတန်းကျောင်းများ၌ ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သန့်ရှင်းရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာစာသင်ကျောင်းများမှ ဆရာ၊ဆရာမများကို သွားရောက်ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



---

**❐ ကမ်းလှမ်းဖိတ်ခေါ်ခြင်းမှ**

နိုင်ငံတော်အာဏာလွှဲအပ်ရေးကို မမိုတ်မသုန်ဦးတည်ဆောင်ရွက်နေသော်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ဖြင့် လက်နက်စွဲကိုင်အကြမ်းဖက်တိုက်ခိုက်သည့်နည်းလမ်းကို ရွေးချယ်အသုံးပြုခဲ့ကြသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊နိုင်ငံတော်၏အခြေခံအဆောက်အအုံများ၊ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးရမှုများစွာဖြစ်ပေါ်ခဲ့ရသည့်အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအဟန့်အတားဖြစ်စေခဲ့ရသည်။

၃။ ယနေ့အချိန်တွင်ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းမှန်ကန်မှုကို အထောက်အကူပြုစေမည့် သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်တွင် စတင်ကောက်ယူတော့မည်ဖြစ်ပြီး ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်နေချိန်လည်းဖြစ်သည်။ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်လမ်းစဉ်တို့ကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့ရသည့် ဆုံးရှုံးနစ်နာမှုများကိုထောက်ရှု၍ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်နိုင်ရန်အလို့ငှာ နိုင်ငံတော်အားဆန့်ကျင်တိုက်ခိုက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကိုစွန့်လွှတ်ကာ ပါတီနိုင်ငံရေးလမ်းကြောင်းဖြင့်သော်လည်းကောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှသော်လည်းကောင်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် ကမ်းလှမ်းဖိတ်ခေါ်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

---

## ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့် လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်း ကြေညာထားကြောင်း အသိပေးနှိုးဆော်ခြင်း

၁။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဦးစားပေးလျှောက်ထားသူများအနက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများ စာရင်းနှင့် ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက်နှင့်နေရာကို ကျန်းမာရေးဝန်ကြီးဌာန၏ Website(www.moh.gov.mm), ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm), ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၊ အဆင့်မြင့်ပညာဦးစီးဌာန Website တို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ အဆိုပါ ကြေညာချက်ပါအချက်အလက်များကို သေချာစွာဖတ်ရှုပြီး သူနာပြုသင်တန်းကျောင်း နေပြည်တော်နှင့် သားဖွားသင်တန်းကျောင်း နေပြည်တော်တို့၌ကျင်းပမည့် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ မိမိတို့ဖြေဆိုရမည့် သတ်မှတ်နေ့ရက်များအတိုင်း မပျက်မကွက်**(မပျက်မကွက်)** လာရောက်ဖြေဆိုရမည်ဖြစ်ပါကြောင်းနှင့် နံနက်ပိုင်းတွင် ဖြေဆိုရမည့်သူများအနေဖြင့် နံနက် ၇ နာရီခွဲအရောက် လာရောက်ရမည်ဖြစ်ပြီး နေ့လယ်ပိုင်းတွင် ဖြေဆိုရမည့်သူများအနေဖြင့် မွန်းတည့် ၁၂ နာရီအရောက် လာရောက်ရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| ဖြေဆိုရမည့်ခုံအမှတ် | ဖြေဆိုရမည့်နေ့ရက် |
|---|---|
| ခုံအမှတ်(၁)မှ(၅၀၀)ထိ | ၃၀-၉-၂၀၂၄ |
| ခုံအမှတ်(၅၀၁)မှ(၁၀၀၀)ထိ | ၁-၁၀-၂၀၂၄ |
| ခုံအမှတ်(၁၀၀၁)မှ(၁၄၂၉)ထိ | ၂-၁၀-၂၀၂၄ |

**ကျန်းမာရေးဝန်ကြီးဌာန**
(၂၆-၉-၂၀၂၄)

---

**⚐ ရှေ့ဖုံးမှအဆက်**

ပိုမိုပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးကြပြီး အဆိုပါတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တာဝန်ရှိသူများ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူးနှင့်အတူ စစ်သံရုံးမှ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများလျာထားဆောင်ရွက်ရာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရန်ပုံငွေခွင့်ပြုမှုအပေါ်အခြေခံပြီး အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်စေရေးအတွက် အထူးအလေးထားလုပ်ဆောင်






**နေပြည်တော် စက်တင်ဘာ ၂၆**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကွပ်ကဲမှုအောက်ရှိ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆပ်ကော်မတီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လျာထားစီမံကိန်းလုပ်ငန်းများ စိစစ်ခြင်းညှိနှိုင်းအစည်းအဝေးကို ယနေ့နေ့လယ်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်၊ လုပ်ငန်းဆပ်ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အကြီးအကဲများ၊ ဖိတ်ကြားထားရှိသည့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆပ်ကော်မတီဥက္ကဋ္ဌများက Online System ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် ဗဟိုကော်မတီက ချမှတ်ထားရှိသည့် လမ်းညွှန်ချက်၊ မူဝါဒများနှင့်အညီ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာ၌ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အချိုးညီမျှတစွာဖြင့် ဟန်ချက်ညီညီလုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ လျာထားဆောင်ရွက်ရာတွင်လည်း အကြီးအကဲများ၏ လမ်းညွှန်ချက်၊ ပြည်သူလူထု၏ တင်ပြတောင်းဆိုချက်များပေါ် မူတည်၍ မိမိတို့လုပ်ငန်း ဆပ်ကော်မတီများက ဦးစားပေးအလိုက် စီမံဆောင်ရွက်ကြရန်၊ ဆပ်ကော်မတီ၏ ဆောင်ရွက်လျက်ရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအခြေခံလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်၍ အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများ လျာထားဆောင်ရွက်ရာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ရန်ပုံငွေခွင့်ပြုမှုအပေါ်အခြေခံပြီး အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်စေရေးအတွက် အထူးအလေးထား လုပ်ဆောင်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်၊ လုပ်ငန်းဆပ်ကော်မတီဝင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြည်နယ်၊ တိုင်းဒေသကြီး ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆပ်ကော်မတီဥက္ကဋ္ဌများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းများဦးစားပေးအလိုက် လျာထားဆောင်ရွက်ထားရှိမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**☆ ကျောဖုံးမှအဆက်**

ယနေ့နံနက်ပိုင်းက နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်သက်ထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲတွင် လူသစ်တန်းတစ်ဦးချင်း ခတပြိုင်ပွဲ၊ အကြီးတန်းတစ်ဦးချင်း ခတပြိုင်ပွဲ၊ အသင်းလိုက်ခတပြိုင်ပွဲနှင့် လူသစ်တန်း ကီလိုတန်းအလိုက် ကုမိတဲ့ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။





၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

အလားတူ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲမှ မီတာ ၁၀၀ ပြေးပြိုင်ပွဲ၊ တန်းမြင့်ခုန်ပြိုင်ပွဲ၊ သုံးဆင့်ခုန်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲနှင့်မီတာ ၈၀၀ ပြေးပြိုင်ပွဲများကို လည်းကောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)တွင် အမျိုးသား၊ အမျိုးသမီး အုပ်စုပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသားပန်ကြပ်ဆီးလပ်အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသား ဓားနှစ်လက်အတိုက်ပြိုင်ပွဲ(က)တန်း၊အမျိုးသား ဓားနှစ်လက်အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်ပြိုင်ပွဲ(က)တန်း၊ အမျိုးသား ဓားတစ်လက်အတိုက်ပြိုင်ပွဲ(ခ)တန်း၊ အမျိုးသမီး ပန်ကြပ်ဆီးလပ်အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ဓားတစ်လက် အတိုက်ပြိုင်ပွဲများကိုလည်းကောင်း၊လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ကီလိုတန်းအလိုက် ၅၇ ကီလိုတန်းလူသစ်တန်းပြိုင်ပွဲ၊၄၈ ကီလို၊ ၅၇ကီလို၊ကီလို ၆၀ အလွတ်တန်းပြိုင်ပွဲ၊ ကီလို ၆၀ တန်း(က) အဆင့်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲပြိုင်ပွဲ ပွဲစဉ်များကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (က)အဆင့်ဘောလုံးပြိုင်ပွဲအဖြစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့သည် ယနေ့ညနေပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ဒုတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**









၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အမျိုးအစားအလိုက် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၃ ရက်သာ လိုတော့သည်

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

(အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ)

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၆ / ၂၀၂၄)**

၁၃၈၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၉ ရက်

(၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်သည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သည့် အဖျက်စွမ်းအားကြီးမားသော လက်နက်များအား တားဆီးကာကွယ်ရေး၊ ဖယ်ရှားရေးနှင့် ဖျက်ဆီးရေးတို့အတွက်လည်းကောင်း၊ လူအများအပြားသေကျေစေသည့် လက်နက်များ ပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့်ဘဏ္ဍာရေးအရအရေးယူဆောင်ရွက်ရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့အတွက်လည်းကောင်း အစီအမံများချမှတ်ခြင်း၊"

၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဆောင်ရွက်ရန် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက ပြစ်မှုကျူးလွန်ခြင်းဖြစ်လျှင် ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို အနည်းဆုံး ကျပ်သိန်းနှစ်ရာမှ အများဆုံး ကျပ်သိန်း သုံးထောင်အထိ ငွေဒဏ်ချမှတ်ရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေရာများတွင် လိုအပ်သည့် သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ရေကြီးမှုဖြစ်ပေါ်ခဲ့သည့် လွိုင်ကော်မြို့ရှိ စာသင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်နှင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရောပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန် ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း၊ တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လွိုင်ကော်မြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသခံပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကလောမြို့၌ ရေကျဆင်းသွားသဖြင့် တင်ကျန်ခဲ့သောနုန်းများ၊ အမှိုက်သရိုက်များအား ဖယ်ရှား ရှင်းလင်းပေးစဉ်။

# မြစ်ကြီးနားမြို့နှင့် လှည်းကူးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခေမာသီဝံ ပရိယတ္တိကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၈၀ တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောသံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကဒစ်ကျေးရွာရှိ ဒေသခံပြည်သူ ၇၁ ဦးတို့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဝိစာရရာမကျောင်းတိုက်၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ကလေးရောဂါ၊အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရေပြားရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ပြန်)

## ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး။
၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး။
၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဒုတိယသမ္မတ(၁)ဦးစီးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ဦးအား အိမ်တော်များဌာနကြီး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-
(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ
(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# တနင်္သာရီတိုင်းဒေသကြီး ရေး-ထားဝယ် ရထားလမ်းပိုင်းအတွင်း ထားဝယ်မြို့နယ် ရေဖြူနှင့်ထားဝယ်ဘူတာကြား တံတားအမှတ်(၆၀၆) မောင်မယ်ရှောင်တံတားကို အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းခွဲဖျက်ဆီး



ရေး-ထားဝယ်ရထားလမ်းပိုင်းအတွင်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ရေဖြူနှင့်ထားဝယ်ဘူတာကြား တံတားအမှတ်(၆၀၆) မောင်မယ်ရှောင်တံတား မိုင်းခွဲဖျက်ဆီးခံထားရမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် စက်တင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ရေး-ထားဝယ် ရထားလမ်းပိုင်းအတွင်း ထားဝယ်မြို့နယ် ရေဖြူဘူတာနှင့် ထားဝယ်ဘူတာကြား မိုင်တိုင်အမှတ်၃၆၄/၁၁-၁၂ ရှိ တံတားအမှတ်(၆၀၆) မောင်မယ်ရှောင်တံတားကို စက်တင်ဘာ ၂၅ ရက် ညနေပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းခွဲဖျက်ဆီးမှုကြောင့် တံတား၏အောက်ခံကန့်လန့်ဖြတ်သံပေါင်နှစ်ချောင်း၊အလျား လိုက်သံပေါင် နှစ်ချောင်း၊ ၇၅ပေါင် သံလမ်း နှစ်ချောင်း၊ သံလမ်းထိန်း Guard Rail နှစ်ချောင်းနှင့် တံတားအထူးသစ်သား ဇလီဖားများ ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ပျက်စီးချို့ယွင်းမှုများကို အမြန်ဆုံးပြန်လည် ပြုပြင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့်ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ၊ ဖျက်ဆီးခြင်း ၇၉ ကြိမ်၊ ရထားတံတား၊ သံလမ်းများကို မိုင်းခွဲဖျက်ဆီးခြင်း ၁၇၂ ကြိမ်၊ ဘူတာအဆောက်အအုံနှင့်ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၆ ကြိမ်ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့အကြိမ်ကြိမ်ကျူးလွန် ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ (ဉာဏ)


## ထူးခြားသည့် နေ့အပူချိန်များ

(၂၆-၉-၂၀၂၄)

| | |
|---|---|
| ကော့ကရိတ် | ၃၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| ထားဝယ် | ၃၄ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၅ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| ရန်ကုန် | ၃၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၅ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၄ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**


# လွိုင်ကော်မြို့ ရေဘေးကူညီမှုများကို ထိန်းချုပ်ထားကြောင်း သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် စက်တင်ဘာ ၂၆**

ကရင်နီပြည်နယ် လွိုင်ကော်မြို့ ရေဘေးကူညီထောက်ပံ့သည့် ပစ္စည်းများကို ထိန်းချုပ်ထားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ လွိုင်ကော်မြို့ရေဘေးကူညီထောက်ပံ့ရေး လုပ်ငန်းစဉ်များကို လွိုင်ကော်မြို့ရှိ တာဝန်ရှိသူများက စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများကို အမှန်တကယ်လိုအပ်လျက်ရှိသည့် ရေဘေးသင့်ပြည်သူများထံသို့ နည်းလမ်းမျိုးစုံဖြင့် ပေးပို့လျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ထိုသို့ရေဘေးကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနေမှုများကို ပြည်သူများက အထင်အမြင်လွဲမှားစေရန်ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဝါဒဖြန့်နေကြောင်း၊ လွိုင်ကော်မြို့ ရေဘေးကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သတင်းရရှိသည်။ (ဉာဏ)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "@..thuar.minzaw" Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၃) ရပ်ကွက်နေ သူရဇော်ဦး(ခ)ကထီးအား နံနက် ၉ နာရီ ၃၅ မိနစ်တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (ဉာဏ)

# ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီ (၁၃၇)ခုအနက် ပို့ကုန်ရငွေ စာရင်းရှင်းလင်းပြီးသော ကုမ္ပဏီ(၅၉)ခုနှင့် ယင်းကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာချက်

၁။ ၂၀၁၉ ခုနှစ်တွင် ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီ(၁၃၇)ခုအား နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၄၂-က အရ အရေးယူဆောင်ရွက်လျက်ရှိပြီး ကုမ္ပဏီများနှင့် ပူးတွဲဖော်ပြထားသည့်ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်း ထည့်သွင်းကြောင်းနှင့် ကျန်ရှိနေသေးသည့် ပို့ကုန်ရငွေဝင်ရောက်ရန် ကျန်ကုမ္ပဏီများအားလည်း အရေးယူဆောင်ရွက်ရန် ဆက်လက်စိစစ်လျက်ရှိကြောင်း (၄-၆-၂၀၂၂)ရက်စွဲပါသတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပါသည်။

၂။ ယင်းကုမ္ပဏီ (၁၃၇)ခုအနက် ကုမ္ပဏီ(၅၉)ခုမှာ ပို့ကုန်ရငွေ အပြည့်အဝ ပြန်လည်ဝင်ရောက်ပြီးဖြစ်သဖြင့် အဆိုပါကုမ္ပဏီ(၅၉)ခုနှင့် ပူးတွဲဖော်ပြထားသည့် ကုမ္ပဏီများ၏ ဒါရိုက်တာ အဖွဲ့ဝင်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမည်မည်းစာရင်းမှ ပယ်ဖျက်ကြောင်း ကြေညာပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
( ၂၆ - ၉ -၂၀၂၄)

## ၂၀၁၉ ခုနှစ်အတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ရန် ကျန်ရှိသောကုမ္ပဏီများအနက် ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ပြီးသော ကုမ္ပဏီများစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| 1 | A . T . M INTERNATIONAL COMPANY LIMITED | KYAW KYAW WIN | NO.4/6 ANAWYAHTA STREET 8(C), (5)QUARTER PAZUNDOUNG TOWNSHIP, YANGON | 12/PABATA(AEI)000412 |
| | | MA OHN MYINT | | 12/TAMANA(N)099606 |
| | | RA HA NA | | 12/PABATA(AEI)000723 |
| 2 | ABSOLUTE METAL COMPANY LIMITED | AUNG PHYO @ MYINT THU @ SAI LON | YAW ATWIN WUN U PHO HLAING STREET NO.(93) SHWE LIN PAN INDUSTRIAL ZONE, HLAING THAR YAR TOWNSHIP, YANGON REGION 09973434888 | 13/KATANA(N)073334 |
| | | LINN THU @ AUNG MOE | | 13/KATANA(N)111747 |
| | | MYINT SEIN @ YON SEIN | | 12/LAMATA(N)023524 |
| | | THANDAR HTUN@ KHIN KHIN CHAL @ NAN VOE LYAO | | 13/KATANA(N)089008 |
| 3 | ARCHIPELAGO SEAMEN CLUB COMPANY LIMITED | BO BO TUN | Principal Place Of Business In Union-52 A DOCKYARD STREET, DAWBON, YANGON | 5/KANANA(N)034860 |
| | | MYAT THIDAR | | 12/TAMANA(N)121911 |
| 4 | ARYAN GROUP COMPANY LIMITED | DAW SITA DEVI | BOGALAY ZAY STREET, NO.(39/B), 6TH FLOOR , (7) WARD , BOTAHTAUNG TOWNSHIP,, YANGON | 9/MAYAMA(N)083414 |
| | | U RAM AWADESH | | 7/PHAMANA(N)092327 |
| 5 | ASIA LACE EMBROIDERY COMPANY LIMITED | DAW CHO PA PA | WAT MA SOUKWUN HTUNT STREET NO. 193144 WARD, SOUTH DAGON(EAST) INDUSTRIAL ZONE,DAGON MYOTHIT(SOUTH)TSP, YANGON REGION | 12/DAGATA(N)113638 |
| | | DAW KHIN THET MON | | 12/DAGATA(N)061174 |
| | | DAW LI SHE MEI | | 13/KAKHANA(N)016570 |
| | | DENG YANGWEN | | E90494013 |
| | | LIN HSUEH LIANG | | 306197795 |
| 6 | ASIA WIN MANUFACTURING COMPANY LIMITED | DAW AISHA BI BI | BO MIN YAUNG STREET, NO.(129),MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION | 12/PABATA(PYU)000513 |
| | | DAW THI THI WIN | | 12/PAZATA(N)029527 |
| | | MS.MOHAMED HANIFA JERDHA-WS BHANU | | Z3084005 |
| | | U AUNG NAINGWIN | | 12/MAGATA(N)089674 |
| | | U MYO MIN OO | | 1/MAKANA(N)083396 |
| | | U NAY WIN | | 12/MAGATA(N)008851 |
| | | U NYUNT WIN | | 12/MAGATA(N)033970 |
| | | U TINT TUN WAI | | 12/AHLANA(N)040935 |
| 7 | AUSI MYANMAR COMPANY LIMITED | DAW KHIN KYU KYU SHEIN | THU DA THA NA 1 STREET, NO- 40/B THIN GAN GYUN TOWNSHIP, YANGON REGION | 5/KHATANA(N)000900 |
| | | U MYINT AUNG | | 13/LAYANA(N)030813 |
| 8 | CHUE YADANAR TRADING COMPANY LIMITED | CHUE YADANAR MYO | NEIK BAN STREET,NO.(37), 4 FLOOR THARDU EAST WARD, KYEEMYINDINE TOWNSHIP, YANGON REGION | 12/KAMATA(N)072849 |
| | | WIN MYO THET | | 8/TATAKA(N)014188 |
| | | WIN ZAW | | 10/MALAMA(N)017045 |
| 9 | EDELLE GENERAL TRADING COMPANY LIMITED | DAW HSU MON AUNG | NO.677, BYAMASO STREET, 4B,4/6 BLOCK, SOUTH OKKALAPA TOWNSHIP, YANGON REGION | 5/SAKANA(N)197957 |
| | | KU EUN YOUNG | | M52626436 |
| 10 | GAN DA MAR NA THE COMPANY LIMITED | KYAW WIN TUN | 7TH-FLOOR(B),NO(.140), KAN WEST WARD, MINGA-LAR TAUNG NYUNT T/S, YANGON | 10/PAMANA(N)219165 |
| | | SOE NAING | | 10/PAMANA(N)092672 |
| | | TIN AYE | | PAG-166650 |
| | | WIN SANDY AUNG | | 12/YAKANA(N)082325 |
| | | YE WIN TUN | | 10/PAMANA(N)219164 |
| | | WIN THEIN | | 10/PAMANA(N)092673 |
| 11 | GREAT MOUNT SILVER TRADING COMPANY LIMITED | U ZAW MIN TUN | NO.94,37TH STREET(MIDDLE) GROUND FLOOR5-WARD, KYAUKTADA TOWNSHIP, YANGON | 12/AHSANA(N)158100 |
| 12 | GREEN LAUREL PHARMACEUTICAL TRADING COMPANY LIMITED | U MYINT NAING | MYA YAR GONE STREET, NO.(16), SHWE MYA YAR HOUSING, MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION | 12/THAGAKA(N)138872 |
| | | U THEIN WIN | | SPTA-038768 |
| 13 | H B N COMPANY LIMITED | AYE MYA THIDAR | NGA. HTUT KYEE PAGODA STREET 107/109 BAHAN, YANGON REGION | 7/TANGANA(N)134521 |
| | | MR LEE MOO SOO | | M 35731962 |
| 14 | HARRIER COMPANY LIMITED | NYI NYI HTWE | 21/26 SHWE OHN PIN HOUSING .YANSHIN ROAD. YANKIN TOWNSHIP , YANGON REGION | 13/YASANA(N)054810 |
| 15 | HAY SHAN SMILE COMPANY LIMITED | KYI MIN | NO.(115), 92 STREET, KAN SHAE WARD, MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION | 12/KAMANA(N)099792 |
| | | WIN WIN MAW | | 12/KAKHAKA(N)060953 |
| 16 | H - HTET COMPANY LIMITED | DAW LAE LAE WIN | BALEKA 11TH STREET NO. 325/A 10TH BLOCK , SOUTH OKKALAPA TOWNSHIP, YANGON | 12/OUKATA(N)016858 |
| | | U THET KO KO OO | | 12/OUKATA(N)156339 |
| | | U YAN NAING LIN | | 12/OUKATA(N)177849 |
| 17 | INFRA TRADE COMPANY LIMITED | HTIN LIN AUNG | NO(130/1),THAN THU MAR ROAD 7 FLOOR SOUTH OKKALAPA TOWNSHIP, YANGON REGION | 12/SAKHANA(N)058308 |
| | | KHIN MAUNG WIN | | 12/MAGADA(N)079692 |
| | | U THAN LWIN | | 12/YAKANA(N)026355 |
| 18 | K L T ENTERPRISE LIMITED | DAW KYI KYI MYA | NO.576, STRAND ROAD, LANMADAW TOWNSHIP, 1ST FLOOR, YANGON, MYANMAR | 12/PABATA(N)029621 |
| | | U TOE LAY | | 12/LAMADA(N)018630 |
| 19 | KHAING & HLAING TRADING COMPANY LIMITED | MIN KHAING | INYAR MYAING ROAD,NO. (23/8), GOLDEN VALLEY (2), BAHAN TOWNSHIP, YANGON REGION | 5/SAKANA(N)005685 |
| | | SIZAR YU HLAING | | 9/MAKANA(N)092679 |
| 20 | KHIN HOKE FAMILY & GROUP COMPANY LTD | DAW CHAN MYAE KYAW | 6-STREET, NO.(67/2), 14-QUARTER, SOUTH OKKALAPA TOWNSHIP, YANGON REGION | 12/OUKATA(N)128820 |
| | | DAW THINZAR TUN | | 12/OUKAMA(N)187688 |
| | | DR.KHIN LAT LAT MON | | 12/OUKATA(N)120208 |
| | | U HTET LIN AUNG | | 12/OUKATA(N)163821 |
| | | U KHANT MIN THEIN | | 12/OUKAMA(N)214353 |
| | | U KYAW LWIN | | 7/PAKHANA(N)174808 |
| | | U NYI ZAW MYINT | | 12/OUKATA(N)199689 |
| | | U WAI LWIN OO | | 12/AHSANA(N)097573 |
| 21 | LILYPAD COMPANY LIMITE | DAW AYEMINKHAING | AH-MA- KA (49) KYAUNG STREET NO.(100),TAUNG THU GONE WARD, INSEIN TOWNSHIP, YANGON | 12/AHSANA(N)184316 |
| | | DAW NANG SEIN NWE OO | | 13/TAKANA(N)220850 |
| | | U SETT TUNKHAING | | 12/AHSANA(N)181982 |
| | | U SHWE KHINE | | 12/AHSANA(N)045333 |

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

| | | | | |
|---|---|---|---|---|
| 22 | LIN EMPIRE BUSINESS GROUP COMPANY LIMITED | SAN SAN MYINT<br>SAW THUREIN HTET<br>THEIN LIN AUNG | NO.5, AYE THARYAR STREET, MAN AUNG QUARTER,TAMWE TOWNSHIPYANGON REGION | 12/MAGATA(N)081968<br>12/TAMANA(N)117747<br>12/TAMANA(N)002961 |
| 23 | LOYAL EPIC COMPANY LIMITED | DAW KHIN MALAR AYE<br>DAW KHIN MYAT NANDAR AYE | 53RD STREET, BUILDING NO.52, 2ND FLOOR, PAZUNDAUNG TOWNSHIP, YANGON REGION | 12/THAGAKA(N)021558<br>12/THAGAKA(N)173511 |
| 24 | MGAS TRADING COMPANY LTD. | U CHIT KO KO<br>U MAUNG GYI | THIRI KHAY MAR ST. NO. 17, ZAWANA WARD, THINGANKYUN TOWNSHIP, YANGON | 12/THAGAKA(N)203318<br>12/DAGATA(N)008208 |
| 25 | MYANMAR CABLE MART COMPANY LIMITED | PYAYE PHYO TUN<br>ZAY YAR LWIN | NO. 101-A, DANA AUNG STREET,THUWANA (29) QUARTER, THINGANGYUN TOWNSHIP, YANGON REGION, | 8/GAGANA(N)076494<br>12/BATAHTA(N)026834 |
| 26 | MYANMAR SIMCO SONG DA JOINT STOCK COMPANY LIMITED | DUONG VAN TOAN<br>NGUYEN BA KHOAT<br>NGUYEN CONG KIEN<br>NGUYEN MINH HUNG<br>NGUYEN VAN THANTH | YANSHIN ROAD,BUILDING (24), ROOM 34, SHWE OHN PIN HOUSING(YANKIN PALM VILLAGE(2)),YANKIN TOWNSHIP, YANGON | C3007556<br>C1350602<br>C3210275<br>B3430733<br>B4975368 |
| 27 | **MYANMAR TOP ONE COMPANY LIMITED** | **DAW THIDA SAN**<br>U SHWE HTOO | BUILDING NO.96, NILAR STREET ROOM NO.1,2,3, 4,5 SAW BWAR GYI GONE, INSEIN TOWN SHIP, YANGON REGION | **13/NASANA(N)011269**<br>**13/NASANA(N)022833** |
| 28 | MYANMAR WOOD MART CO., LTD (အမည်ပြောင်းထား ပါသည်) **DAWEI RIVER ENTERPRISE COMPANY LIMITED** | DAW NAN KHAM PHAUNG<br>U KAW SHIN HAW | **THIRIYADANA WHOLESALES MARKET NO.J(66) NORTH OHKALAPA TOWNSHIP , YANGON** | 13/MAHSATA(N)047901<br>13/KAKHANA(N)012216 |
| 29 | MYAT KYAW KYAW COMPANY LIMITED | **U KYAW THAN** | NO.(1/133),SE PIN STREET,TAUNG THAR WARD, PYINMANA TOWHSHIP, NAYPYITAW, 09450062737, onlineking111@gmail.com | **9/PAMANA(N)088116** |
| 30 | MYO MYANMAR TUNN COMPANY LIMITED | U THU RA | KARYA 6 STREET, NO1/136 A MINGALARDON TOWNSHIP,YANGON REGION | 12/LATHAYA(N)003043 |
| 31 | NOBLE GREEN TRADING COMPANY LIMITED | DAW WIN<br>U AUNG AUNG<br>U THAN WIN | YAYKU STATION STREET, NO.(44) (8)QUARTER, MAYANGONE TOWNSHIP, YANGON | 11/SATANA(N)000351<br>12/DAGATA(N)046951<br>12/AHSANA(N)169522 |
| 32 | NYEIN HSU LATT COMPANY LIMITED | DAW NU NU MOE<br>DAW THAE SU SAN<br>U KYAW SWAR HTWE<br>U THIHA | NO.(833), BO MUE BA HTOO STREET,(133)WARD, DAGON(EAST) TOWNSHIP, YANGON | 12/MAYAKA(N)095337<br>5/KATHANA(N)074401<br>12/MAYAKA(N)109373<br>14/KAKANA(N)100664 |
| 33 | ONGOING BUSINESS GROUP LIMITED | DAW KAYTHI WIN AUNG<br>U TUN TUN | (40TH) STREET,NO.(242), KYAUKTADA TOWNSHIP, YANGON REGION | 8/THAYANA(N)077031<br>12/KATATA(N)013577 |
| 34 | PANDAW CRUISES LIMITED | LIN LIN HTUN<br>WAH WAH MOE | NO. 121 KYAW SWAR QUARTER, NAUNG U TOWNSHIP, MANDALAY REGION | 12/KAMATA(N)084627<br>9/NYAOUNA(N)161277 |
| 35 | POPA-L COMPANY LIMITED | KHIN NYO LATT<br>KHIN AYE MYINT<br>TUN CHIT | SEIKKAN THAR STREET, NO.(245),GROUND FLOOR, UPPER BLOCK, KYAUKTADA TOWNSHIP, YANGON REGION | 14/PATHANA(N)057316<br>14/PATHANA(N)062654<br>12/KATATA(N)020993 |
| 36 | **QUILLING CARD MYANMAR COMPANY LIMITED** | DAW AYE AYE SWE<br>HNIN SABEI SWE | **YADANARMON 2ND STREET, AYE YEIK MON HOUSING NO.9,4TH QUARTER, HLAING TOWNSHIP, YANGON** | 12/DAGANA(N)022625<br>12/DAGANA(N)022627 |
| 37 | RAJU INTERNATIONAL TRADING COMPANY | U ZAW NAING | SYI BIN STREET,NO.(79), 24 QUARTER, DAGON MYOTHIT(SOUTH) TOWNSHIP,YANGON | 3/BAAHNA(N)319664 |
| 38 | **RED PEACOCK COMPANY LIMITED** | **DAW TIN ZAR MAW**<br>DAW YIN MIN TUN<br>U AYE MIN | ANAW YAHTAR ROAD, NO,235/A (10)WARD, HLAING THARYAR TOWNSHIP, YANGON | 12/LATHAYA(N)091443<br>12/LATHAYA(N)021532<br>12/LATHAYA(N)016509 |
| 39 | **ROBUST COMMODITIES MYANMAR LTD** | **DAW THE SU SU AUNG**<br>MR. RAAGHAVAN NAARAYAN<br>MRS. ANURADHA NAARAYAN | SULE PAGODA ROAD, NO. (182-194) 3RD FLOOR, UNIT NO.66, KYAUKTADA TOWNSHIP, YANGON REGION | 7/THAWATA(N)115177<br>K 0496837B<br>K0193383R |
| 40 | ROSE CITY (MYANMAR) COMPANY LIMITED | U ARHYUP ALLY<br>U MEHMOOD<br>U SHAHABUDEEN | KON ZAY DAN STREET, NO.126/130,PABEDAN TOWNSHIP, YANGON REGION | **12/TAMANA(N)101928**<br>**12/PABATA(N)002580**<br>**12/BATAHTA(N)036602** |
| 41 | SANMIK NATURAL FOOD MYANMAR (PRIVATE) LTD. | MR. PATHMALAL WITHANAGE<br>U HLAING MIN HTIKE<br>U SAN LIN | NO. 803, MYITTA YEIK MON HOUSING, DAMADARNA STREET, NATCHAUNG QUARTER, TAMWE TOWNSHIP, YANGON | **N6556447**<br>**13/MAMANA(N)007898**<br>**13/THAPANA(N)007045** |
| 42 | SAT WINE INN ARR MINING COMPANY LIMITED | DAW YAN LI WAR @ HLA HLA SAN<br>U SAI YE KYAUK | 43RD STREET NO.39 , GROUND FLOOR 6 QUARTER/BOTAHTAUNG TOWNSHIP, YANGON | 13/KATANA(AEI)000076<br>13/KATANA(N)001431 |
| 43 | SAVITA COMPANY LIMITED | DAW OHN MAR WIN<br>U ELAN GO@AUNG NAING<br>U MYINT SWE | NO.29/5 FLOOR(B),94TH STREET, KANTAWKALAY SOUTH QUATER/ YANGON/ MINGALAR TAUNG NYUNT TOWNSHIP, YANGON | **14/THAMANA(N)000098**<br>**12/MAGATA(PYU)000008**<br>14/PATHANA(N)045385 |
| 44 | SCAI YANGON LIMITED | DAW THAN THAN AYE<br>MR. TAN SIOW CHUA<br>MS. LEE SWEE HOON | NO.3 HIGHWAY ROAD, ROOM 46, 47, BLOCK CC 44-65 THIRIYADANA WHOLESALE MARKET, NORTH OKKALAPA TOWNSHIP, YANGON | 10/THAPHAYA(N)008199<br>E6516858F<br>K1363143R |
| 45 | SEIN FAMILY EXPORT & IMPORT COMPANY LIMITED | DAW SEIN<br>U AYE SU<br>**U CHAUNG SU**<br>U HTEIN SU<br>U KYAW MIN OO<br>U KYIN SU<br>U MYAING SU<br>U WE SU | SHWE YIN AYE PAGODA STREET, HLAING THARYAR INDUSTRY ZONE, NO.189 (A) (5)EXTENSION HLAING THARYAR TOWNSHIP, YANGON | **12/OUKAMA(N)124273**<br>**12/OUKAMA(N)124812**<br>**12/OUKAMA(N)124026**<br>**12/LAMANA(N)111651**<br>**12/OUKAMA(N)000427**<br>**12/OUKAMA(N)149173**<br>**12/OUKAMA(AEI)000190**<br>**12/OUKAMA(N)149171** |
| 46 | SEINN YADANAR THAIK COMPANY LIMITED | DAW HKAWN BU<br>DAW YAN IN NYO<br>U AUNG NAING<br>**U KYAW TUN** | (51ST) STREET, (MIDDLE BLOCK), NO.(93), 7TH FLOOR, WARD NO.(1), PAZUNDAUNG TOWNSHIP, YANGON | 13/KAKHANA(N)043355<br>13/TAYANA(N)014564<br>13/TAYANA(N)024904<br>13/TAYANA(N)014963 |
| 47 | **SEMAS MYANMAR MANUFACTURING COMPANY LIMITED** | DAW SOE MOE KO | NO.(145/A), TWIN THIN TAIK WUN U TUN NYO STREET, SOUTH DAGON SEIKKAN INDUSTRIAL ZONE, INDUSTRIAL ZONE (1), DAGON SEIKKAN TOWNSHIP, YANGON | **12/LAMATA(N)021752** |
| 48 | SHENG XING DA COMPANY LIMITED | DAW KYAWE CHIN<br>U AUNG KYAW ZAWW | NO.41,PAN WHAR STREET, YANGON THIT QUARTER, THINGANGYUN TOWNSHIP, YANGON | 13/LAYANA(N)217700<br>10/MALAMA(N)128056 |
| 49 | SHWE KYAW ZAW COMPANY LIMITED | DAW SU WAI LINN<br>DAW WAI MYO HTET<br>U MINN KHANT<br>U WIN NAING LINN | AYETHARYAR STREET,NO. (D-44) FMI HOUSING/ YANGON/HLAING THARYAR, YANGON REGION | 12/DAGANA(N)028592<br>7/PAMANA(N)000288<br>12/DAGANA(N)028593<br>13/THAPANA(N)065511 |

စာမျက်နှာ ၂၃ သို့

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့ အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှ အပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက် အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများ မှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်း များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေ ဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

စာမျက်နှာ ၂၂ မှအဆက်

| | | | | |
|---|---|---|---|---|
| 50 | SHWE YAUNG SIN TUN COMPANY LIMITED | AYE AYE WIN<br>THAN HTWE<br>YE HTUT ZAW | MIN YE KYAW SWAR (10) STREET, NO-3/3/563 QUARTER, HLAING THAR-YAR TOWNSHIP, YANGON REGION, 09-420178658, shweyaungsintun@gmail.com | 12/AHLANA(N)009253<br>12/AHLANA(N)001814<br>12/AHLANA(N)044438 |
| 51 | TECHNOLAND COMPUTER TRADING COMPANY LIMITED | MYAT SOE WIN<br>NAW AYE AYE MYAT | NO.(162-170), 36TH STREET MIDDLE BLOCK, KYAUK-TADA TOWNSHIP, YANGON REGION | 12/LAMATA(N)019335<br>14/HATHATA(N)001428 |
| 52 | THI HA SOE SAN PRODUCTION CO., LTD | DAW SHU KYI<br>U AUNG THEIN<br>U MYO MIN AUNG<br>U THANT ZIN SOE<br>U TIN TUN AUNG | NO.H/78, AHTHAWKA STREET MAYONGONE TOWNSHIP, YANGON REGION | 14/PATHAYA(N)083745<br>14/PATHAYA(N)083744<br>14/PATHANA(N)164678<br>13/MAPATA(N)031033<br>14/PATHANA(N)164679 |
| 53 | TROPICAL WOODS COMPANY LIMITED | BIL KIS @ HLA HLA WIN<br>ZAINAB BI BI @ TIN TIN WIN | NO.(107/108), MAKHAYAR MINTHAR GYI STREET DAGON SEIKKAN INDU-STRIAL ZONE(.II), DAGON SEIKKAN TOWNSHIP, YANGON REGION 09-961593671, yenooslawfirm@gmail.com | 12/PABATA(N)005293<br>12/PANATA(N)027412 |
| 54 | VENEER INTERNATIONAL MYANMAR COMPANY LIMITED | MR NITESH KUMAR GUPTA<br>MR.RAHUL GOPICHAND GUPTA<br>U MIN KUN HTAW | PLOT NO.16, CORNER OF THUKHITAR STREET AND MYA AYAR STREET DAGON SEIKKAN INDU-STRIAL ZONE(II) DAGON SEIKKAN TOWNSHIP, YANGON REGION | Z2084287<br>Z2333588<br>12/DAGANA(N)000455 |
| 55 | VILITHAR INTERNATIONAL TRADING COMPANY LIMITED | DAW NAW EI HTOO PHAW<br>DAW NAW EI THI PHAW | A STRONG GOLDEN STREET, NO,O-238 FMI CITY, HLAING THAR YAR TOWNSHIP, YANGON | 14/MAAHPA(N)350110<br>14/MAAHPA(N)297943 |
| 56 | WATERSTONE COMPANY LIMITED | DAW THYNN WYNN AYE<br>DAW WYNN WYNN NYUNT | KABARAYE PAGODA ROAD, UNIT 10-5,PEARL CONDO BAHAN, YANGON, | 12/KAMAYA(N)053011<br>12/THAGAKA(N)191307 |
| 57 | ZARNI LINN COMPANY LIMITED | AUNG WIN<br>AYE SANDAR HTUN<br>SEIN WIN | NO.186/188, ROOM (6-A), PANSODAN MIDDLE BLOCK KYAUKTADA TOWNSHIP, YANGON | 12/BATAHTA(N)034134<br>12/THAKATA(N)161719<br>12/BATAHTA(N)035029 |
| 58 | KAY THI (MYAWADDY) COMPANY LIMITED | DAW KAY THI WIN<br>MA EAINDAW KYAW<br>U PAING NYEIN OO | NO.299, ROOM (406), GYOE PYHU CONDO, GYOE PHYU STREET, MINGLLAR TAUNG NYUNT, YANGON | 3/KAKAYA(N)068750<br>3/KAWATA(N)063158<br>3/MAWATA(N)0218301 |
| 59 | SHWE NAN TAW GENERAL BUSINESS COOPERATION ASSOCIATION LIMITED | U NYUNT WIN<br>U TIN MAUNG YI<br>U TIN SOE<br>DAW THIN THIN YU<br>DAW ZIN MOH MOH MAUNG | No.18, LONE THWE MHWE STREET, 5 WARD, MYAWADDY, KAYIN STATE | 9/KAPATA(N)057269<br>9/KAPAPA(N)066609<br>3/KATAYA(N)112575<br>9/KAPATA(N)027404<br>9/KAPATA(N)181717 |

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ BankAccount များအားမသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

### မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ဝတ္ထုတိုကဏ္ဍ

# ဖားပေါင်ဟင်းနှင့် ခံတွင်းချိုစေ့မယ်

မောင်ခြိမ့်



လယ်ကန်သင်းရိုးအတိုင်း ခေါင်းကိုအောက်ငုံ့ပြီး ဘယ်ညာဂရုစိုက်၍ကြည့်ကာ လျှောက်လာခဲ့သော ဖိုးနီသည် ဇက်ညောင်းလာသဖြင့် ခဏရပ်လိုက်သည်။ ခေါင်းကိုလှည့်၍၊ လှန်၍၊ စောင်း၍ ဂျွတ်ဂျွတ်မြည်အောင်ချိုးလိုက်မှသာ နေသာထိုင်သာရှိသွားတော့၏။

ကန်သင်းရိုး၏ဘယ်ညာတွင် သန်မာထွားကျိုင်းလှသောစပါးပင်များသည် အောင်မြင်လှသော အသီးအဆန်များကို ခေါင်းပေါ်ရွက်ကာ လေအလာတွင် ဘယ်ညာယိမ်းနွဲ့လျက် တရှဲရှဲအသံပေးလျက်ရှိ၏။ ရေနက်ကွင်းလယ်များဖြစ်၍ သက်ရင့်စပါးပင်တို့သည် လူကြီးတစ်ယောက်၏ရင်စို့ခန့်ထိ မြင့်မားလျက်ရှိကြ၏။

ဖိုးနီသည် လယ်ကွင်းပြင်တစ်မျှော်တစ်ခေါ်ကို လှမ်း၍ကဲ၍ကြည့်နေရင်း ငယ်စဉ်က ကျောင်းတွင် သင်ခဲ့ဖူးသော ကဗျာကလေးတစ်ပိုင်းတစ်စကို အမှတ်ရမိတော့၏။ "လယ်ပြင်မှ ဆင်ကောင်ပျောက်တယ် ဖြိုးမောက်လို့သီး" ထိုစာဆိုအရ လယ်ကွင်းစပါးခင်းထဲ ဆင်တစ်ကောင်ဝင်သွားလျှင် မမြင်နိုင်လောက်အောင် စပါးပင်တို့ သန်စွမ်းအောင်မြင်လှကြောင်း တင်စားဖွဲ့ဆိုထားခြင်း ဖြစ်ပေလိမ့်မည်။ သို့သော် လယ်သမားလောက၌ စပါးပင်များဘယ်မျှအောင်မြင်သန်စွမ်းကြောင်း စကားတစ်ရပ်လည်း ရှိပါသေး၏။

"အိုးပစ်မကွဲ"ဆိုသောစကားပင်ဖြစ်ပါ၏။ ထိုစကားကိုတော့ ဖိုးနီ လှိုက်လှိုက်လှဲလှဲထောက်ခံသဘောကျမိတော့သည်။ စနစ်တကျလည်း စိုက်ပျိုးထားမည်။ မျိုးကလည်းကောင်းမည်။ နွားချေး၊ သစ်ရွက်ဆွေးမြေဩဇာကလည်းပြည့်စုံမည်။ ရောဂါပိုးမွှားလည်းကင်းမည်ဆိုပါက စပါးပင်တို့ စိတ်ကြိုက်ရှင်သန်ကြီးထွားကာ အဘယ်မှာလျှင် အိုးကိုပစ်၍ ကွဲနိုင်ပါတော့မည်လဲ။ "အင်း ရာသီဥတုကလဲ မှန်ဖို့လိုသေးတာပဲ"ဟု ထပ်ဆင့်တွေးရင်း တစ်ယောက်တည်း ပြုံးမိရသေး၏။

"ငါတို့လူသားတွေရဲ့ အသက်သခင်အပင်တွေပါလား"ဟူ၍လည်း သူစဉ်းစားမိရပြန်သည်။ လယ်ပိုင်ရှင်မဟုတ်၊ လယ်သမားမဟုတ်သော်ငြား စပါးတစ်ပင်၊ ကောက်နှံတစ်နှံအလဟဿမဖြစ်ရအောင်၊ မပျက်စီးရအောင် သူ ဂရုတစိုက်လျှောက်၍လာခဲ့ပြန်၏။ "ကွင်းအင္ဂူနှင်းမြူမစဲခင်က" ဆိုသကဲ့သို့ နံနက်စောစော နှင်းသောသောတွင်စ၍ ကွင်းတကာ့ကွင်း နှံ့နေခဲ့ရပြီ။ သူရှာဖွေနေသောအရာကိုမူ မတွေ့ရသေး။ မတွေ့၍မူမဖြစ်ပါလေ။ သူကတိခံထားမိခဲ့ပြီး ထိုကတိကလည်း တည်ရန်အရေးကြီးလှတော့၏။ သူ့ပညာ၊ သူ့ဂုဏ်သိက္ခာကို သူအားကိုး၍ ထိုကတိကို ပေးခဲ့ခြင်းသာဖြစ်ပါ၏။

ကတိဆိုတာမျိုးကလည်း ပေးရန်အလွန်လွယ်ကူလှပေငြား ထိုကတိတည်ရန်ကိုတော့ အလွန်ကြိုးစားရသည့်အမျိုးဖြစ်တော့၏။ ထို့ကြောင့်ပင် သူ၏ခြေလှမ်းတို့သည် ပို၍သွက်လာတော့၏။ ထိန်ပင်ရိုးကွင်းစပ်သို့ပင်ရောက်လာခဲ့ပြီး နှင်းရည်နှင်းပေါက်တို့ကိုသောက်စို့၍လန်းဆန်းနေသောမြေစာမြက်များ၊ ပန်တော်ဖြူမြက်များ၊ ကပ်စေးနှဲပင်ကလေးများ၊ ကုလားခတ်တက်ပင်များ၊ ပုစွန်စာပင်ကလေးများသည် အရှေ့ဘက်ဆီမှ ပျို့အန်ဝင်းပလာသော နေရောင်ခြည်ကို ခေါင်းမော့၍ကြိုဆိုနေကြပါပြီ။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ကာလကတည်းက ရှင်သန်ကြီးထွားပေါက်ဖွားလာခဲ့သော "ခရုမျက်ပြဲ" ကောင်များ၏အခွံတို့သည် ကျွတ်ဆတ်လျက်ရှိကာ ဖိုးနီ၏ ခြေဖဝါးအောက်တွင် တခွပ်ခွပ်မြည်အောင်ကွဲ၍ကြေ၍ ကျန်ရစ်ခဲ့ကြသည်။ တာရာဖိနပ်နီးပါးကျွဲပခုံးအသားမာတက်၍ ငါးပြေမပါးဟက်ထနေသော ဖိနပ်ဗလာနှင့် ဖိုးနီ၏ခြေဖဝါးပြင်တို့ကိုမူ စူးနိုင်ရှနိုင်စွမ်းမရှိပါလေ။

ဖိုးနီ၏အကြည့်သည် သူ့ရှေ့နှစ်လံခန့်အကွာ ကန်သင်းရိုးဘေးတွင်ကပ်လျက် စုန့်စုန့်ပုံပုံကလေးရှိနေသော "ကျစ်စာပုံ"ကို သွား၍တွေ့သည်။ အသာအနားသွား၍ကြည့်သည်။ မြေပြင်မှတစ်ထွာခန့်မြင့်တက်နေသော ကျစ်စာပုံပတ်လည်တွင် အစင်းရာ၊ ခြစ်ရာကလေးများကို သေသေချာချာကြည့်လျှင် တွေ့ရသည်။ မာလကာသီးအပွပေါ်တွင် လက်သည်းနှင့်ဖိနှိပ်ထားသကဲ့သို့တည်း။ ဟုတ်တော့ဟုတ်နိုင်ပေသည်ဟု သူတွေး၏။ ခြေထောက်နှင့် အသာတွန်း၍ ဖြိုလိုက်သည်။ ကျစ်စာမြေစုန့် ဘေးသို့လဲကျသွားချိန်တွင် အောက်၌ ကန်သင်းရိုး၏ဘေးကိုမြောင်း၍ အပေါက်တစ်ပေါက်။

ပခုံးပေါ်တွင်ထမ်းလာသော ပေါက်တူးအရိုးတိုကလေးနှင့် လက်ညှိုးခန့်အလုံးရှိသော ဝါးစိမ်းကိုင်းကလေးကို ကန်သင်းပေါ်အသာချသည်။ ကန်သင်းဘေးသို့အသာဆင်းကာ လဲကျနေသောကျစ်စာခဲကို အသာလှန်၍ကြည့်၏။ အောက်ခြေဘက်တွင် ခေါင်းဆောင့်ရာကို သူထင်ရှားစွာတွေ့၏။ ဖိုးနီ အသာပြုံးလိုက်၏။ တွေ့ပြီ။ သူရှာနေသောအကောင်သည် ထိုတွင်းထဲတွင်ရှိရမည်။ နတ်တော်ကုန်စ၊ ပြာသိုလသို့ ရောက်တော့မည်ဖြစ်ရကား လယ်ကွင်းရှိမြေသားများ မာစပြုနေပြီ။ သို့သော် အစိုဓာတ်ရှိနေသေး၏။

ဝါးစိမ်းကိုင်းတံကလေးကို အသာလှမ်း၍ ယူသည်။ အဖျားဘက်တွင် ဖဲထီးသံချောင်းကို မီးပြ၍ ကွေးကာ အဖျားချွန်ထားသောချိတ်ကလေးတပ်ဆင်ထားလျက်ရှိ၏။ ထိုချိတ်ဖြင့် တွင်းပေါက်ဝထဲသို့ထိုး၍ သွင်းလိုက်သည်။

သူ့အတွေ့အကြုံအရ တွင်းသည် မြေအောက်သို့တည့်တည့်မတ်မတ်ဖောက်ထားသည်မရှိ ဘေးသို့ခပ်စွေစွေ(အထူးသဖြင့် ကန်သင်းပေါင်မြေသားဘက်သို့သာ)ဖောက်ထားလေ့ရှိပါ၏။ များသောအားဖြင့် တဖြောင့်တည်းရှိကြပြီး ကောက်ကွေ့သောတွင်းကအတွေ့နည်းပါးသည်။

ယခုတွင်လည်း တစ်ဝက်လောက်တွင် အနည်းငယ်ကွေ့ကောက်လျက်ရှိ၏။ ဝါးစိမ်းကိုင်းကို အသာချော့၍တွင်းအောက်ခြေသို့ရောက်အောင်ထည့်သည်။ လူ့လက်တစ်ဆုံး နှစ်ပေခွဲခန့်တွင် တွင်းဆုံးသွားပြီ။

မျက်ခုံးနှစ်ဖက်ကိုအသာကျုံ့၍ အာရုံကိုလက်သို့ပို့၍ စူးစိုက်ပြီးခပ်ဆတ်ဆတ်ထိုးကြည့်သည်။ ရာဘာပြားကိုထိုးမိသလိုမျိုး တုံ့ပြန်ကန်မှုကိုသိလိုက်ရ၍ သူ ဝမ်းသာသွား၏။ ကျိန်းသေပြီ။

ဝါးစိမ်းတုတ်အဖျားတွင် တပ်ထားသောသံချိတ်၏ အသွားဘက်နှင့်မှန်း၍ ချိတ်ဆွဲယူသည်။ ဘာမျှပါမလာ။ ချိတ်တွင်ဘာမှမငြိပေ။ သို့ဖြင့် တုတ်တံကို အသာလှည့်ကာလှည့်ကာဖြင့် ချိတ်၍ချိတ်၍ဆွဲကြည့်လိုက်သည်။ အတွင်းမှတုံ့ပြန်ရုန်းကန်သည်ကို လက်က ခံစားလိုက်ရသည်။

ဟုတ်ပြီ။ သူသည် သတိကြီးစွာထား၍ ဆွဲတင်လိုက်၏။ ချိတ်၏အဖျားတွင် သတ္တဝါတစ်ကောင်ကောင် ငြိတွယ်၍ပါလာနေပြီ။ သို့သော် တွင်းတစ်ဝက်ခန့်သာဆွဲတင်ရပြီး တစ်နေတော့သည်။ တွင်းထဲက အကောင်ကြီးနေပြီဟုသိလိုက်၍ ဝမ်းသာသွားမိသည်။

သို့ဖြစ်၍ ညာလက်မှတုတ်တံကို ဘယ်လက်ဖြင့် အသာပြောင်း၍ကိုင်သည်။ ညာလက်ဖြင့် သူစောစောက ချထားသောပေါက်ပြားကို လှမ်းလိုက်၏။ ဆိတ်တံဆိပ်ပေါက်ပြားသည် မူလက တစ်ထွာကျော်ကျော်မျှအသွားရှိခဲ့သော်လည်း ယခုမူ နှစ်ပေါင်းများစွာသုံးစွဲလာခဲ့ပြီးဖြစ်သဖြင့် အသွားတစ်မိုက်ခန့်သာ ကျန်တော့၏။ ထို့ကြောင့် ညာလက်တစ်ဖက်တည်းဖြင့် တွင်းဘေးမှမြေကို ဝိုက်၍ဝိုက်၍ပေါက်လိုက်သည်။

နွေပီပီမရောက်သေးသည်မို့ လယ်မြေသည် ခပ်မွမွနှင့် တူးရမခက်လှချေ။ မကြာမီ တစ်တောင်ခန့်အနက်သို့ရောက်လာပြီး အားစိုက်၍မပေါက်တော့။ မြေသားကို ခြစ်၍ခြစ်၍ဖယ်လိုက်သည်။ ဝါးစိမ်းကိုင်း၏အဆုံး သံချိတ်ထိတူးမိချိန်တွင်တော့ပေါ်လာခဲ့ပြီ။

ဖီးကြမ်းငှက်ပျောသီးမှည့်၏အရောင်နှင့်တူသော ဝါညို့ညို့နှင့် ဝဖီးနေသော တွင်းအောင်းဖားကြီးတစ်ကောင်။ လေးဆယ်သားထက်တော့ မငယ်ပြီ။ ဤရာသီ၊ ဤလမျိုးတွင် တွင်းအောင်းဖားသည် အဝဆုံး၊ အဆူဆုံးမဟုတ်ပါလော။

သို့နှင့်ပင် လယ်ကန်သင်းတစ်လျှောက်လှည့်ကာ တွင်းရှာလိုက်၊ တူးလိုက်၊ ချိတ်လိုက်နှင့် ဖားရှိသည့်တွင်းကရှိ၊ ပုစွန်လုံးရှိသည့်တွင်းက ရှိနှင့် နေအတော်မြင့်လာချိန်တွင်မူ သူ့ပလိုင်းထဲတွင် ဖားလေးကောင်ရနေခဲ့ပြီ။ လူလည်းအတော်ပင်ပန်းနေပြီ။ သို့နှင့် အိမ်သို့ အမြန်သုတ်ချေတင်တော့သည်။ ဖိုးနီအိမ်သို့ ရောက်ချိန်သည် ဆွမ်းခံဝင်ပြီးသွားလေပြီ။ သို့ဖြစ်၍ ရလာသောဖားကြီးများကို ဟင်းဖြစ်စေရန် ဇနီးဖြစ်သူ မကျင်ငွေထံ ပေးလိုက်စဉ်မှာပင် သားအငယ်ကောင် သာမောင်နှင့် ကျောင်းဆရာနှစ်ယောက် ရောက်လာခဲ့ပါပြီ။

ဆရာများသည် မြို့သားပညာတတ်များဖြစ်ကြပြီး လူပျိုလူလွတ်များဖြစ်၍ ကျောင်းပိတ်ရက်များတွင် တပည့်များ၏ကျေးရွာများသို့လိုက်လည်ရင်း ဗဟုသုတလည်းရ၊ တောဓလေ့တောစရိုက်၊ တောသဘာဝများကိုလည်း ကိုယ်တိုင်တွေ့မြင်ခံစားချင်ကြသူများ ဖြစ်ကြပေ၏။ အထူးသဖြင့် အစားအစာအထူးအဆန်းများကို ကြိုက်နှစ်သက်သူများလည်း ဖြစ်ကြသည်။ ထိုဆရာများကိုပင် မနှစ်က ဖိုးနီကိုယ်တိုင် ရေဘဲများဖမ်းကာ ချက်၍ကျွေးခဲ့ဖူးပါ၏။

"အဖေ ဟင်းစားအဆင်ပြေရဲ့လားဗျ။ ကျွန်တော်က လမ်းမှာဆရာတို့ကိုပြောပြောနေခဲ့တာ။ တွင်းအောင်းဖားကြီးတွေရဲ့အကြောင်း၊ ဆူလဲဆူ၊ စားလို့လဲ အလွန်ကောင်းဆိုတော့ ဆရာတွေက သဘောကျနေလေရဲ့ဗျာ"

ဖိုးနီက အသာပြုံးလိုက်ရင်း–

"သားကို အဖေကတိပေးထားရင် ဘယ်တုန်းက ပျက်ဖူးလို့လဲ သားရဲ့"

သားမျက်နှာမငယ်စေရအောင် လုပ်ပေးနိုင်ခဲ့သည့်အတွက် ကျေနပ်စွာပြောမိ၏။

"ဒါဆိုဘယ်မှာလဲ ဆရာတို့က ကြည့်ချင်နေတာ"

"ဟုတ်တယ်။ ပြစမ်းပါ ဦးဖိုးနီ။ တော်တော်ကြီးရဲ့လား"

ဆရာနှစ်ယောက်ကပါ စိတ်ဝင်စားစွာမေး၏။

"မကျင်ငွေရေ ပလိုင်းယူခဲ့စမ်းပါကွာ"

ပလိုင်းထဲမှသွန်ချလိုက်သော ဖားများသည် ဒန်လင်ပန်းထဲတွင် ခြေကားရားလက်ကားရားနှင့်။

"အလို ကြီးလချေလား။ ကျွန်တော်တို့က ဒီလောက်ကြီးတဲ့ဖား တစ်ခါမှတောင်မမြင်ဖူးဘူး"

ဆရာနှစ်ယောက်က အံ့ဩစွာပြောကြသည်။

ဟုတ်လည်းဟုတ်ပါပေ၏။ မြို့ကဈေးများတွင် မိုးဦးကျအချိန်၌ ရောင်းချတတ်သည်မှာ ကွင်းထဲမှ ရှာဖွေ၍ရသော မိုးဖားများသာဖြစ်၍ လက်နှစ်လုံး၊ လက်သုံးလုံးခန့်၊ ကြီးမှ လက်လေးလုံးခန့်ပင် ရှိတတ်ပါ၏။

ဆက်လက်ဖော်ပြပါမည်။

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၉၈၂ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကောလင်း စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၉၈၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ဧက ၃၆၅၀၊ ဝန်းသိုမြို့နယ်တွင် ၁၀ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၃၂၂ ဧက စုစုပေါင်း ၃၉၈၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကောလင်းခရိုင်အတွင်း မတ်ပဲ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မတ်ပဲလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါ ကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးသွားမယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တောင်သူများ မတ်ပဲစိုက်ပျိုးရာတွင် မတ်ပဲအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# နမ့်စန်မြို့နယ် ပုတ်ပျံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**နမ့်စန် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်လစ်ကျေးရွာအုပ်စု ပုတ်ပျံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးနှင့် တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ငွေစာရင်းပုံစံများ ဖြည့်သွင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



နမ့်စန်မြို့နယ် ပုတ်ပျံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ အသင်းသား၊ အသင်းသူ ၆၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၂၆ သိန်း ထုတ်ချေးပေးထားကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးထံမှ သိရသည်။

သံသာ

# ငဖဲမြို့နယ် သာစည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ သာစည်ကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တက်ဘာ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထား ရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သာစည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၃၉၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် သိန်း ၃၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၆၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။

ဇင်မာ

## ကမ္ဘာ့ခရီးသွားလုပ်ငန်းရှေ့သို့လှမ်း

\- ကမ္ဘာ့နိုင်ငံ ခရီးသွားနေ့
ကြီးထွားလာဖို့ ရှေ့မျှော်ကာ၊
နိုင်ငံပေါင်းစုံ အလေးထားလို့
ရွေးချယ်လို့သာ၊
"နှစ်ဆယ့်ခုနစ်ရက် စက်တင်ဘာ"
နိုင်ငံတကာ သတ်မှတ်ထား၊
လည်ပတ်ကာ သွားလာလျက်
နေ့ရက်ထင်ရှား။

\- မီးခိုးမထွက်သော စက်ရုံများသို့
တင်စားပြီး ခေါ်ဆိုကာ၊
တို့နိုင်ငံ သဘာဝတရားက
လှပဝေဆာ၊
ညှို့သည်တော်များ အလည်လာ
သာသာယာ ကမ်းခြေပေါ်၊
မြစ်ချောင်းအင်းအိုင် အလှထူးလို့
ကြည်နူးလွှင့်မျှော။

\- ရှားပါးတိရစ္ဆာန် သစ်ခွပေါလို့
ရင်သပ်ရှုမောပျော်ပျော်ရွှင်၊
ဘုရားစေတီ အံ့ဖွယ်ထူး
ဖူးကြစုံလင်၊
အင်းလေးက ကန်ရေပြင်
သီးနှံစုံလင် အမြင်ဆန်း၊
ခြေဖြင့်လှေလှော် ဓလေ့များကို
လေးစားအံ့မခန်း။

\- ဖော်ရွေစွာ အပြုံးပန်းက
စိတ်ရွှင်လန်း အေးချမ်းစေ၊
ညှို့ဝတ်ကျေပွန် စိတ်ထားအလှဖြင့်
ဖိတ်ကြားပန်ခြွေ၊
အထက်အောက် ရေမြေ
ပို့ဆောင်ကာနေ စိတ်တိုင်းကျ၊
တကယ်သာယာ...
အလည်လာပါ မိတ်အများကို
ဖိတ်ကြားပါရ။ ။


ပန်းမာလာ

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

**ခရီးသွားဆောင်းပါး**

# မိုင်းပွန်မှလွိုင်လင်၊ နမ့်စန်သို့ရှေ့ဆက်ခရီး

**သက်နိုင်(ပြင်ဦးလွင်)**

မထင်မှတ်ဘဲ ရုတ်တရက်ထွက်ခွာလာခဲ့ရတဲ့ တာချီလိတ်ခရီးစဉ်မှာ တောင်ကြီးမြို့၊ ဟိုပုံးမြို့တို့ကို ကျော်လွန်လာခဲ့ပြီး မိုင်းပွန်မြို့ကို ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ မနက်စာကို မိုင်းပွန်ရောက်မှ စားသောက်ကြရမှာဖြစ်လို့ နာရီကြည့်လိုက်တော့ ၇ နာရီထိုးဖို့ မိနစ်အနည်းငယ်လောက်သာကျန်နေပါတော့တယ်။ အချိန်တိုအတွင်းမှာပဲ မိုင်းပွန်မြို့ကိုရောက်လာခဲ့ကြတယ်။ မိုင်းပွန်ဆိုတာက ပွန်ချောင်း(နမ့်ပွန်)ကို အစွဲပြုခေါ်ဆိုပေါ်ပေါက်လာတာပါ။ မြို့သမိုင်းမှတ်တမ်းမှတ်ရာတွေအရ အလောင်းစည်သူမင်းကြီးတိုင်းခန်းလှည့်လည်လာရင်း ပုဏ္ဏာရဝတီချောင်းကို ကျော်လွန်လာတဲ့အချိန်မှာ ရွှေဟင်္သာတစ်ကောင်ကို တွေ့မြင်ခဲ့ရတယ်။ ဒါကြောင့် ဒီနေရာမှာ မြို့တစ်မြို့ကိုတည်ပေးခဲ့ပြီး မြို့အမည်ကိုလဲ ပုဏ္ဏာရဝတီမြို့လို့ ခေါ်ဆိုစေခဲ့တယ်။ ဒါပေမဲ့ အများစုက ပုဏ္ဏာရဝတီချောင်းကို ပွန်ချောင်းလို့သာခေါ်ဆိုသုံးစွဲနေကြတာကြောင့် ပွန်မြို့ကို၊ မိုင်းပွန်မြို့ဆိုပြီး လူသိများထင်ရှားနေတယ်။

မိုင်းပွန်မြို့တွင်း စည်ကားတဲ့နေရာတစ်နေရာကို ရောက်လာတာနဲ့ မိမိတို့လိုက်ပါစီးနင်းလာတဲ့ အမြန်ယာဉ်ငယ်လေးသုံးစီးက ရှေ့ဆင့်နောက်ဆင့်ဆိုသလို လမ်းဘေးကပ် ရပ်နားလိုက်ကြပြီး မိမိတို့ကိုလဲ မနက်စာ စားသောက်လို့ရပြီဖြစ်ကြောင်း ပြောကြားကြတယ်။ ကားပေါ်ကဆင်းပြီး ပတ်ဝန်းကျင်ရဲ့ အခြေအနေတွေကိုလှေ့လာကြည့်လိုက်တော့ ကားသုံးစီးရပ်လိုက်တဲ့နေရာက ရှမ်းခေါက်ဆွဲရောင်းချတဲ့ ဆိုင်တွေရဲ့ ရှေ့မှာပါ။ ရှမ်းပြည်နယ်မှာ ရှမ်းရိုးရာအစားအသောက်တွေလဲဖြစ်၊ နာမည်လဲကျော်ကြားလှတဲ့ ရှမ်းခေါက်ဆွဲတွေက အရသာရှိပြီး စားသောက်လို့ကောင်းကြမှာဖြစ်ပါတယ်။ ဒါပေမဲ့ မိမိက လက်ဖက်ရည်သောက်ချင်နေတာနဲ့ လမ်းတစ်ဖက်မှာရှိနေတဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ဦးတည်လျှောက်လာတဲ့အခါမှာ ကလေးတစ်သိုက်ကလဲ မိမိရဲ့လက်ကိုဆွဲပြီး တသီတတန်းလိုက်ပါလာကြတော့တယ်။ ဆိုင်ထဲကိုရောက်တာနဲ့ စားသောက်စရာတွေကိုမှာကြားထားရင်း ကားပေါ်မှာကျန်ရစ်ခဲ့တဲ့ အဘိုးအတွက်ကိုလဲ ကြက်ဥပလာတာတစ်ပွဲမှာယူပြီး သွားရောက်ကျွေးမွေးကြရတယ်။ မိုင်းပွန်မြို့က လက်ဖက်ရည်ဆိုင်မှာ မိမိကလက်ဖက်ရည်နဲ့အတူ ပဲပြုတ်ထမင်းကို မှာယူစားသောက်ခဲ့တာပါ။

ပဲပြုတ်ထမင်းက ရှမ်းဆန်စေးစေးထွေးထွေး၊ ပူပူနွေးနွေးဖြစ်နေတဲ့အပြင် နာမည်ကျော်ဒေသထွက် တိုဟူးကြော်ကြွပ်ကြွပ်နဲ့ အလွန်လိုက်ဖက်ပြီးစားကောင်းစေခဲ့တယ်။ ဟိုပုံး၊ မိုင်းပွန်၊ လွိုင်လင်၊ နမ့်စန်တစ်ကြောမှာ တိုဟူးသုပ်၊ တိုဟူးကြော်၊ တိုဟူးခြောက်၊ ဆီတိုဟူး စတာတွေက ထင်ရှားပြီးလူသိများ ကျော်ကြားနေပါတယ်။ ဟိုပုံးမြို့ ထမ်ဆမ်းဂူဈေးတန်းတစ်လျှောက်လုံး တိုဟူးနဲ့ပတ်သက်တဲ့ အစားအသောက်တွေရောင်းချနေကြတာကို အရင်တစ်ခေါက်ကတည်းက တွေ့မြင်ခဲ့ရတယ်။ ရှမ်းဆန်စေးစေးကတော့ အငွေ့တထောင်းထောင်းနဲ့ ပူနေတဲ့ အချိန်မှာ ရနံ့မွှေးပြီး စားကောင်းသလို အဆာလဲခံတယ်။ ခရီးသွားလာနေတဲ့အချိန်လဲဖြစ်၊ ရှမ်းပြည်နယ်ကိုရောက်ရှိနေတဲ့ အချိန်လဲဖြစ်နေတာကြောင့် ရှမ်းဆန်၊ ရှမ်းထမင်းကိုစားရတာ အဆင်ပြေလှပါတယ်။

မိုင်းပွန်မြို့က မိတ္ထီလာမြို့ကနေ ၁၅၄ မိုင်ဝေးကွာနေပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းမှာရှိနေပါတယ်။ တောင်ကြီးမြို့နဲ့ ၃၈ မိုင် အရှေ့ဘက်အနီးဆုံးမြို့ဖြစ်တဲ့ လွိုင်လင်မြို့နဲ့ ၂၁ မိုင်ဝေးနေပါသေးတယ်။ မိုင်းပွန်က မြို့ငယ်လေးတစ်မြို့ဖြစ်နေပေမဲ့ မိမိတို့ရောက်ရှိနေတဲ့ပတ်ဝန်းကျင်နေရာတစ်လျှောက်မှာ စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ စတိုးဆိုင်၊ ဆေးဆိုင်၊ အဝတ်အထည်ဆိုင်၊ ကုန်စုံဆိုင်၊ လျှပ်စစ်ပစ္စည်းဆိုင်၊ အလှပြင်ဆိုင် စတဲ့ဆိုင်အမျိုးအစားပေါင်းများစွာနဲ့ စည်စည်ကားကားဖြစ်နေတာကို တွေ့မြင်နေရတယ်။ မြင်တွေ့နေရတဲ့ ဆိုင်တွေရဲ့ ပုံသဏ္ဌာန်အနေအထား၊ လမ်းမကြီးရဲ့အခြေအနေ၊ လူတွေ၊ ကားတွေ၊ ဆိုင်ကယ်တွေ ရှုပ်ထွေးစည်ကားနေပုံက ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာရှိတဲ့ ကွမ်းလုံမြို့နဲ့ ခပ်ဆင်ဆင်တူညီနေတာကို သတိထားမိလိုက်တယ်။

မနက်စာ စားသောက်အပြီး ၈ နာရီလောက်မှာ မိုင်းပွန်ကနေ လွိုင်လင်ကိုဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ဒီတစ်ခေါက်ခရီးစဉ်မှာ မိမိကိုယ်တိုင် ကားမမောင်းရလို့ လမ်းတစ်လျှောက်မှာရှိနေတဲ့ ရှုခင်းနဲ့မြင်ကွင်းတွေကို ကြည့်ရှုခံစားဖို့ အားသာသွားရသလို ကိုယ်ရိုက်ယူချင်တဲ့ မှတ်တမ်းဓာတ်ပုံတွေကို ကားရပ်ပြီး စိတ်တိုင်းကျ ရိုက်ယူနိုင်ခြင်းမရှိတော့တာက အားနည်းချက်တစ်ခုလိုဖြစ်သွားခဲ့ရတယ်။ မိုင်းပွန်ကထွက်လာပြီး လွိုင်လင်မြို့နယ်ထဲကို ဝင်ရောက်လာတာနဲ့ ထင်းရှူးပင်၊ ထင်းရှူးတောတွေကိုတန်းစီပြီး တွေ့မြင်လာရတယ်။ ရှမ်းပြည်နယ်




(တောင်ပိုင်း)က ရောက်ဖူးသမျှမြို့တွေထဲမှာ ကလောမြို့နဲ့ လွိုင်လင်မြို့က ထင်းရှူးပင်၊ ထင်းရှူးတန်းအများဆုံးလို့ထင်ပါတယ်။

မိုင်းပွန်-လွိုင်လင် ၂၁ မိုင်ခရီးကို တဖြည်းဖြည်းမြင့်တက်လာတဲ့လမ်းတွေအတိုင်း တက်ရောက်မောင်းနှင်လာခဲ့ရပြီး လွိုင်လင်မြို့ကို ရောက်လာခဲ့ကြတယ်။ လွိုင်လင်မြို့က ပထမအကြိမ် မြင်တွေ့ခဲ့ရတဲ့ မြင်ကွင်းတွေအတိုင်း ပြောင်းလဲမှုတစ်စုံတစ်ရာ ထူးထူးခြားခြား မရှိပါဘူး။ ဒါပေမဲ့ ပထမအကြိမ် လာရောက်ခဲ့ကြစဉ်တုန်းက မိုးတွေရွာနေပြီး အခုအချိန်မှာ ရာသီဥတုက ကြည်ကြည်လင်လင် သာသာယာယာရှိနေတယ်။ လွိုင်လင်က ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀၀ ကျော်မြင့်တဲ့ မြို့တစ်မြို့ဖြစ်နေသလို လမ်းဆုံမြို့တစ်မြို့လဲ ဖြစ်ပါတယ်။ မိမိတို့ အခုသွားရောက်နေတဲ့ ခရီးစဉ်အတိုင်း နမ့်စန်၊ မိုးနဲ၊ လင်းခေး၊ မိုင်းပန်၊ မိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်မြို့တွေကို သွားရောက်နိုင်တဲ့အပြင် ပင်လုံ၊ လဲချား၊ မိုင်းကိုင်၊ ကျေးသီး၊ မိုင်းရယ်၊ မိုင်းရှူး၊ တန့်ယန်း၊ လားရှိုးမြို့တွေရှိရာကို လွိုင်လင်ကနေ သွားလာနိုင်ပါတယ်။ အရင်တစ်ခေါက်လာခဲ့ကြတုန်းကတော့ မိုးရွာနေပေမဲ့ ပင်လုံမြို့နဲ့ ပင်လုံစာချုပ် အထိမ်းအမှတ်ကျောက်တိုင်နေရာတွေကို သွားရောက်လေ့လာခဲ့ကြရတယ်။ အခုတစ်ခေါက်တော့ ဝင်ရောက်လေ့လာကြဖို့ မလွယ်တော့ပါဘူး။

လွိုင်လင်ဆိုတာ ရှမ်းဘာသာစကားဖြစ်ပြီး တောင်ချွန်းလို့အဓိပ္ပာယ်ရပါတယ်။ လွိုင်လင်မြို့မှာ ရှေးအဆက်ဆက်ကတည်းက နေထိုင်လာခဲ့ကြတဲ့ မြို့သူ၊ မြို့သားတွေက သူတို့မြို့ကိုသူတို့ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံကို သွားလာနိုင်တဲ့မြို့ဆိုပြီး ဂုဏ်ယူခဲ့ကြတယ်။ ဒါပေမဲ့ နေဝင်ဘုရင်များ(Lords of the Sun-set) စာအုပ်ကို ရေးသားဖို့အတွက် အင်္ဂလန်ကနေ လွိုင်လင်မြို့ကိုရောက်ရှိလာခဲ့တဲ့ အင်္ဂလိပ် စာရေးဆရာမောရစ်ကောလစ်ကို မြို့စားကတော်ကြီးက "ဒီမှာနေရတာ သိပ်ကျဉ်းမြောင်းတယ်။ လွိုင်လင်ဆိုတာ တရုတ်နိုင်ငံသွားတဲ့ လမ်းမကြီးပေါ်မှာရှိနေပေမဲ့ လန်ဒန်နဲ့တော့ ဘယ်တူပွဲမလဲရှင်"ဆိုပြီး ပြောကြားခဲ့တယ်လို့ ဆရာတင်နိုင်တိုးရဲ့ မြန်မာပြည်တစ်ခွင်လမ်းညွှန်စာအုပ်မှာ ရေးသားဖော်ပြထားတာကိုတွေ့ရတယ်။ ကားလေးသုံးစီးကတော့ ရှေ့ဆင့်နောက်ဆင့်တန်းစီပြီး လွိုင်လင်မြို့ကိုကျော်ဖြတ်လာခဲ့ကြသလို နမ့်စန်မြို့ရှိရာကို ဦးတည်မောင်းနှင်နေကြပါပြီ။

မနက်စောစော တောင်ကြီးမြို့ကနေ စတင်ထွက်ခွာမောင်းနှင်လာကတည်းက ကားဆရာက မိမိကို ကြိုတင်အသိပေး ပြောဆိုထားတာတွေရှိခဲ့တယ်။ အခုခရီးစဉ်ကို ကွန်ဟိန်း၊ မိုင်းပြင်း၊ ကျိုင်းတုံ၊ မိုင်းဖြတ်လမ်းကနေ မောင်းနှင်မှာမဟုတ်ဘဲ မိုင်းဆတ်လမ်းကနေ မောင်းကြမှာဖြစ်ကြောင်း၊ ကျိုင်းတုံ-မိုင်းဖြတ်လမ်းက အခုအချိန်မှာ ကုန်တင်တွဲကားကြီးတွေ အသွားအလာများပြီး ယာဉ်ကြောကျပ်မှု၊ ပိတ်မှုတွေ ဖြစ်လေ့ဖြစ်ထရှိနေကြောင်း၊ ဘာကြောင့်လဲဆိုတော့ ကုန်တင်တွဲကားကြီးတွေက မူဆယ်၊ နမ့်ခမ်းနဲ့မြဝတီမြို့တွေရှိရာကို မသွားကြရတော့ဘဲ တာချီလိတ်မြို့ကိုသာ ကျိုင်းတုံ-မိုင်းဖြတ်လမ်းကနေ အများအပြားသွားလာနေကြကြောင်း၊ တွဲကားကြီးတွေက နမ့်စန်မြို့ကိုရောက်တာနဲ့ ကျိုင်းတုံ-မိုင်းဖြတ်လမ်းကနေ လမ်းခွဲမောင်းနှင်သွားကြတော့မှာဖြစ်လို့ နမ့်စန်မြို့ကနေ ရှေ့ဆက်လမ်းတစ်လျှောက် တွဲကားကြီးတွေ မရှိတော့ဘဲ လမ်းရှင်းသွားမှာဖြစ်ကြောင်း၊ ကျိုင်းတုံ-မိုင်းဖြတ်လမ်းထက် အခုမောင်းနေတဲ့ မိုင်းဆတ်လမ်းက မိုင် ၈၀ ပိုမိုသက်သာပြီး ခရီးတိုကြောင်း၊ ဒီလမ်းကနေမောင်းရင် လမ်းမှာတစ်ညသာအိပ်ကြရမှာဖြစ်ပြီး ကျိုင်းတုံ-မိုင်းဖြတ်လမ်းက မောင်းရင် လမ်းပိတ်လမ်းကျပ်နေတာမျိုးတွေ၊ တောင်ပြိုတာမျိုးတွေကြောင့် လမ်းခရီးမှာ သုံးလေးငါးညထိ အိပ်ကြရမှာဖြစ်ကြောင်း စတာတွေကို ရှင်းပြပြောပြထားတယ်။ မိမိအနေနဲ့ အရင်တစ်ခေါက်ခရီးစဉ်တုန်းက ကျိုင်းတုံ-မိုင်းဖြတ်လမ်းကနေ သွားခဲ့ဖူးကြောင်း ပြောပြတဲ့အခါ အခုလမ်းအခြေအနေက အရင်လမ်းနဲ့ မတူတော့ဘဲ တွဲကားကြီးတွေကြောင့် အလွန်ပျက်စီးနေကြပြီဖြစ်ကြောင်း ထပ်မံရှင်းပြတယ်။

ကားဆရာပြောပြထားတာတွေကို သိရှိထားတာနဲ့အတူ တောင်ကြီးမြို့ကနေထွက်လာကတည်းက လမ်းတစ်လျှောက်လုံးမှာ ကုန်တင်တွဲကားကြီးတွေကို ရှောင်လိုက်တိမ်းလိုက်၊ စောင့်လိုက်ဆိုင်းလိုက်နဲ့ တအိအိတရွေ့ရွေ့မောင်းလာခဲ့ရတဲ့နေရာတွေ၊ လမ်းရှုပ်လမ်းကျပ်တဲ့နေရာတွေကို ပြန်လည်မြင်ယောင်လာရတယ်။ နမ့်စန်မြို့ကို ရောက်ရှိကျော်လွန်ပြီးရင်တော့ ဒီဒုက္ခတွေကနေ ကင်းဝေးသွားတော့မှာပါ။

လွိုင်လင်မြို့က ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၀၀၀ ကျော်၊ နမ့်စန်မြို့က ၃၁၆၆ ပေသာရှိနေတာကြောင့် လွိုင်လင်ကနေထွက်လာပြီး တောင်ဆင်းလမ်းလေးတွေအတိုင်း မောင်းနေကြရတယ်။ လမ်းဘေးဝဲယာတစ်လျှောက်မှာ တောတောင်လျှိုမြောင်ချောက်ကမ်းပါးတွေကိုသာ တွေ့မြင်နေတယ်။ သစ်ပင်သစ်တောတွေထဲမှာ အဓိကပေါက်ရောက်နေတာက ထင်းရှူးပင်တွေပါ။ နမ့်စန်မြို့ကိုရောက်ခါနီး တောင်ကုန်းထိပ်တစ်ခုပေါ်ရောက်တော့ ကားသုံးစီးစလုံး ခဏရပ်လိုက်ကြပြီး နမ့်စန်မြို့မှာ ဝင်ရောက်ပြီး ချရမဲ့ပါဆယ်ပစ္စည်းထုပ်တွေအတွက် အစီအစဉ်လုပ်ကြတယ်။ ပထမအခေါက် မိမိတို့လာခဲ့စဉ်တုန်းကလဲ ဒီတောင်ကုန်းထိပ်နေရာမှာကားရပ်ပြီး ခဏနားကြ၊ မှတ်တမ်းဓာတ်ပုံတွေရိုက်ကြရတာကို သတိရလိုက်မိတယ်။ ကားတွေ ပြန်ထွက်လာပြီး မကြာခင်မှာ နမ့်စန်မြို့ကိုရောက်လာခဲ့တယ်။

နမ့်စန်မြို့က လွိုင်လင်ခရိုင်အတွင်းမှာ တည်ရှိနေတာပါ။ ဒါပေမဲ့ သွားရင်းလာရင်း တွေ့မြင်မှတ်သားမိသမျှ နမ့်စန်မြို့က လွိုင်လင်မြို့ထက် ပိုမိုစည်ကားနေတယ်။ မြို့တွင်းလမ်းမကြီးတစ်လျှောက်လုံး ဈေးဆိုင်ကြီးတွေ တန်းစီပြီးရှိနေသလို ကားဂိတ်တွေ၊ သွားလာလှုပ်ရှားနေကြသူတွေ၊ ကားတွေ၊ ဆိုင်ကယ်တွေက စည်စည်ကားကားဖြစ်နေတာထက် ပိုလွန်ပြီး ရှုပ်ထွေးတဲ့အထိ ဖြစ်နေကြတယ်။ မိမိတို့စီးလာတဲ့ကားလေးက မြို့တွင်းလမ်းမကြီးပေါ်မှာရှိတဲ့ ကားဂိတ်တစ်ခုမှာ ပါဆယ်ပစ္စည်းထုပ်တွေချနေတာကြောင့် အချိန်လေးနည်းနည်းရတုန်း ကားပေါ်ကနေ အပြေးအလွှားဆင်းပြီး နမ့်စန်မြို့တွင်း၊ မြို့လယ်နေရာတွေကို မှတ်တမ်းဓာတ်ပုံရိုက်ယူနေရတယ်။ နမ့်စန်မြို့က လွိုင်လင်မြို့ရဲ့ အရှေ့တောင်ဘက် ၁၆ မိုင် အကွာမှာတည်ရှိနေပေမဲ့ လမ်းဆုံ၊ လမ်းခွမြို့တစ်မြို့ဖြစ်နေလို့လဲ အခုလိုစည်ကားနေတာပါ။ နမ့်စန်ဆိုတာကတော့ ရှမ်းဘာသာစကားဖြစ်ပြီး နမ့်က ရေ၊ စန်က ပေါ့တယ်၊ ရေပေါ့လို့အဓိပ္ပာယ်ရနေတယ်။ မြို့သမိုင်းမှတ်တမ်းတွေအရ နမ့်စန်က ရှေးယခင်ကာလတွေတုန်းက ဂေါ်ရခါးလူမျိုးတွေသာ အများအပြားနေထိုင်ကြပြီး နွားမွေးမြူရေးလုပ်ငန်းတွေလုပ်ကိုင်ခဲ့ကြတယ်။ နေရာဒေသအခြေအနေကလဲ ရွာအဆင့်သာရှိနေပါသေးတယ်။ ၁၉၅၇ ခုနှစ်ရောက်တော့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းတွေ စတင်ဆောင်ရွက်လာခဲ့ပြီး အငြိမ်းစားစစ်သည်တွေကို နေရာချထားပေးခဲ့တာကနေ မြို့ဖြစ်လာပြီး စည်ကားလာခဲ့တယ်။

အရင်တစ်ခေါက် ကိုယ့်ကားနဲ့ကိုယ်လာခဲ့ကြတုန်းက ရပ်ချင်တဲ့နေရာရပ်၊ နားချင်တဲ့နေရာနား၊ ဝင်စရာရှိတဲ့နေရာဝင်၊ တွေ့စရာရှိတဲ့သူတွေနဲ့တွေ့နိုင်တာကြောင့် နမ့်စန်မှာရှိနေတဲ့ မြို့ခံစာရေးဆရာတွေနဲ့ တွေ့ဆုံစကားပြောခွင့်တွေရရှိခဲ့ကြတယ်။ ခရီးတွေ သွားလာထွက်ခွာကြတယ်ဆိုတာကလဲ ရောက်တဲ့နေရာတိုင်းမှာ လေ့လာစရာရှိတာတွေကို လေ့လာ၊ ကြည့်ရှုစရာရှိတာတွေကိုကြည့်ရှု၊ တွေ့စရာရှိတဲ့သူတွေနဲ့တွေ့ ဒီလိုမှ ခရီးသွားလာထွက်ခွာရကျိုးနပ်မှာပါ။ ခရီးတစ်ခေါက်တစ်ခါထွက်ဖို့ဆိုတာ မလွယ်ကူသလို ထွက်လာခဲ့တဲ့ အချိန်တိုင်း၊ အကြိမ်တိုင်းမှာလဲ အကျိုးရှိဖို့လိုအပ်ပါတယ်။ ဒါပေမဲ့ မိမိရဲ့ဒီတစ်ခေါက်ခရီးစဉ်မှာ တွေ့ချင်တဲ့သူတွေ၊ ခင်မင်ရင်းနှီးနေတဲ့သူတွေနဲ့ တွေ့ဆုံခွင့်မရတော့ဘဲ ရှေ့ခရီးကိုဆက်ခဲ့ရတော့တယ်။

ကားဆရာပြောပြထားတဲ့အတိုင်း နမ့်စန်မြို့ကို ကျော်လာတာနဲ့ ကားတွေအများအပြားရှုပ်ထွေးမှုမရှိတော့ဘဲ လမ်းပေါ်မှာ ရှင်းလင်းနေတယ်။ ကုန်တင်တွဲကားကြီးတွေနဲ့ အချို့ကားတွေက ကျိုင်းတုံ-မိုင်းဖြတ်လမ်းကို ခွဲထွက်သွားခဲ့ကြပါပြီ။ မိမိအနေနဲ့ ကျိုင်းတုံ-မိုင်းဖြတ်လမ်းကိုသာ သွားလာခဲ့ဖူးပြီး အခုလမ်းက ခရီးစဉ်အသစ်၊ လမ်းအသစ်ဖြစ်နေတယ်။ ဒါကြောင့် ရှေ့မှာတွေ့မြင်ရောက်ရှိကြမဲ့ မြို့တွေဖြစ်တဲ့ မိုးနဲ၊ လင်းခေး၊ မိုင်းပန်၊ မိုင်းတုံ၊ မိုင်းဆတ်မြို့တွေကလဲ ရောက်ဖူးသေးခြင်းမရှိတာကြောင့် ဘယ်လိုပုံစံ၊ ဘယ်လိုမြင်ကွင်းမျိုးတွေနဲ့ တွေ့မြင်ရမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မရောက်ဖူးသေးတဲ့ နေရာဒေသမြို့ရွာတွေရှိရာကို ခရီးဆက်လိုက်ပါအုံးမယ်။

# ငါးမြင်း၏သဘာဝနှင့်အသုံးဝင်ပုံ

**နှင်းအိ(ရာမည‌မြေ)**

မြန်မာ့တိုင်းရင်းငါးမျိုးဖြစ်သော ငါးမြင်းသည် အာဆီယံနိုင်ငံများတွင် အာဟာရတန်ဖိုး အမြင့်ဆုံးငါးအမျိုးအစားများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း လူကြိုက်အများဆုံးငါးဖြစ်ပါသည်။ ငါးမြင်းသည်အသားစားငါးဖြစ်ပြီး မြန်မာ၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နီပေါနိုင်ငံတို့တွင် နေထိုင်ကြသည်။ ငါးမြင်းမျိုးစိတ် (Species)(၃၄)မျိုးရှိသည့်အနက် မြန်မာ့ရေပြင်တွင် ကိုးမျိုးသာတွေ့ရှိရသည်။ ယင်းတို့အနက်မှ မြန်မာနိုင်ငံတွင် လူသိများသော ငါးမြင်းနှင့် ဆက်စပ်နေသော ငါးမျိုးစိတ်လေးမျိုးရှိကြောင်း တွေ့ရှိရသည်။ ၎င်းတို့မှာ-ငါးမြင်းယင်း၊ ငါးမြင်းအုပ်ဖား၊ ငါးမြင်းကကလောင်နှင့် ငါးမြင်းကြက်တောင်တို့ဖြစ်သည်။ ငါးမြင်းမျိုးစိတ်များသည် ရေချို၊ ရေငန်စပ်မြစ်ဝများတွင် နေထိုင်သည့် ငါးမျိုးဖြစ်ပြီး ရေချို၊ ရေငန်နှစ်မျိုးစလုံးတွင်နေသော Amphidromous ငါးမျိုးဖြစ်သည်။ ရေ၏အပူချိန်နှင့် ရေအငန်နှုန်းပေါ်မူတည်ပြီးနေရာ ပြောင်းရွှေ့တတ်သည်။ ငါးမြင်းများသည် ခရီးဝေးရွှေ့ပြောင်းသွားလာတတ်သည့် အဖြူရောင်ငါး White fish များဖြစ်ပြီး ကီလိုမီတာ ၁၀၀ ကျော်ထိရွှေ့ပြောင်းသွားလာတတ်သည်။

**ရာသီအလိုက်သားပေါက်ခြင်း**

ငါးမြင်းသည်ရာသီအလိုက်သားပေါက်လေ့ရှိပြီး မိုးရာသီကာလများတွင် ရေချိုမြစ်များ၏ အထက်ပိုင်းများတွင် တက်ရောက်သားပေါက်လေ့ရှိသည်။ ငါးမြင်းသားပေါက် လက်မဝက်အရွယ်တွင် အကောင်မွှားလေး (zooplankton) ကို စားသောက်ကြသည်။ ငါးမြင်းသားပေါက် တစ်လက်မအရွယ်လောက်တွင် အခွံမာရေသတ္တဝါများ၊ ငါးကြင်းမျိုးနွယ်များ၏ ငါးငယ်ကလေးများကို စားသောက်သည်။ လေးလက်မအရွယ်တွင် ငါး၊ ပုစွန်၊ ကဏန်း၊ ခရု၊ ခုံးနှင့် အင်းဆက်များကို ဖမ်းယူစားသောက်ကြသည်။ အရွယ်ရောက် ငါးမြင်းများမှာမူ ငါးသလောက်ကို အဓိကဖမ်းယူစားသောက်ကြသည်။

**မြန်မာ့ငါးမြင်းမျိုးစိတ်များ**

မြန်မာ့သဘာဝရေပြင်တွင်တွေ့ရှိရသော ငါးမြင်းမျိုးစိတ်မှာ ငါးမြင်းယင်းနှင့် ငါးမြင်းအုပ်ဖားတို့ဖြစ်သည်။

**(က)ငါးမြင်းယင်း**

ငါးမြင်းယင်း၏သိပ္ပံအမည်မှာ Silonia Silondia ဖြစ်ပြီး အင်္ဂလိပ်အမည်မှာButter catfish ဖြစ်သည်။ ငါးမြင်းယင်းသည်ရေအောက်လွှာတွင်နေထိုင်ကျက်စားသောငါးမျိုးဖြစ်ပြီးများသောအားဖြင့် ရေတိမ်နေရာများတွင်တွေ့ရှိရသည်။ အရွယ်ရောက်ငါးများသည် သားပေါက်ရာသီဖြစ်သော မုတ်သုံရာသီတွင် ဥဥရန်၊ သားပေါက်ရန်အတွက်မြစ်အတွင်းသို့ ဆင်းကြသည်။ ရာသီအလိုက်သားပေါက်သောငါးမျိုးဖြစ်ပြီး မိုးရာသီဖြစ်သော (ဇွန်လမှသြဂုတ်လထိ) သားပေါက်ကြသည်။ သားလောင်းဘဝ ၁၀ မီလီမီတာအရွယ်တွင် အပင်မွှားလေး (zooplankton) ကိုစား၍ ၁၁ မီလီမီတာ မှ ၂၅ မီလီမီတာအရွယ်တွင် ငါးကြင်းအုပ်စုဝင်သားပေါက်လေးများနှင့် ခရု၊ ကမာလေးများကိုစားသုံးသည်။ အရွယ်ရောက်သော ငါးမြင်းများသည် ငါးသလောက်နှင့် အခြားသော ငါးများကိုစားသုံးပြီး ပုစွန်၊ ကဏန်း၊ ခရုနှင့်အင်းဆက်များ အစရှိသည်တို့လည်းစားသုံးပါသည်။ အသားစားငါးမျိုးဖြစ်ပြီး အစားကြူးသောငါးမျိုးဖြစ်သည်။ ရေချိုပိုင်းနှင့် ရေချိုရေငန်စပ်တွင်တွေ့ရသော ငါးမျိုး (Amphidromous)ဖြစ်သည်။ ငါးမြင်းယင်းသည် အမြင့်ဆုံးအလျား ၁၀၀ စင်တီမီတာမှ ၁၈၀ စင်တီမီတာထိ ကြီးထွားသည်။

**(ခ)ငါးမြင်းအုပ်ဖား**

ငါးမြင်းအုပ်ဖား၏ သိပ္ပံအမည်မှာ Clupisoma prateri ဖြစ်ပြီး အင်္ဂလိပ်အမည်မှာ Burmese garua ဖြစ်သည်။ ငါးမြင်းအုပ်ဖားသည်ရေအောက်လွှာတွင် နေထိုင်၍ အပူပိုင်းဒေသများတွင်တွေ့ရပြီး ရေချိုတွင်နေထိုင်ကျက်စားသော (Potamodromous) ငါးမျိုးဖြစ်သည်။ ခန္ဓာကိုယ်အလျား ၂၇ စင်တီမီတာရှိသည်။ ယင်းငါးမျိုးစိတ်ကို မြန်မာနိုင်ငံ၌ ဧရာဝတီမြစ်အလယ်ပိုင်းနှင့်အောက်ပိုင်းတွင်တွေ့ရှိရပြီး ပဲခူးမြစ်နှင့်စစ်တောင်းမြစ်တို့တွင်လည်း တွေ့ရှိရသည်။

**ထိန်းသိမ်းစောင့်ရှောက်သင့်သော တိုင်းရင်းငါးမျိုး ငါးမြင်း**

ငါးမြင်းသည် အာဆီယံနိုင်ငံများတွင်အာဟာရတန်ဖိုးအမြင့်ဆုံးငါးများတွင် တစ်မျိုးအပါအဝင်ဖြစ်သည်။ သို့သော်လည်း ငါးမြင်းမျိုးစိတ်များသည် မျိုးသုဉ်းပျောက်ကွယ်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ မျိုးသုဉ်းရသည့် အဓိကအကြောင်းရင်းများမှာ အလွန်အကျွံဖမ်းဆီးခြင်း၊ ယင်းတို့၏ ပေါက်ဖွားရာနေရာများပျက်စီးဆုံးရှုံးခြင်းတို့ကြောင့်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းငါးမျိုးဖြစ်သောငါးမြင်းမျိုးစိတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည်။



**ငါးမြင်း၏ပုံသဏ္ဌာန်**

လူတော်တော်များများသည် ငါးမြင်းနှင့်ငါးတန်ကို ခွဲခြားရခက်ခဲကြသည်။ ငါးမြင်းမှာ ငါးတန်နှင့်ဆင်တူသည်ဟုထင်ရသော်လည်း ကွဲလွဲမှုများရှိကြပါသည်။ ငါးမြင်း၏ ရှေ့ပိုင်းကျောရိုးပေါ်တွင် ဆူးတောင်သေးသေးလေးတစ်ခုပါရှိပြီး ငါးတန်တွင်မပါရှိပေ။ ငါးမြင်းအသားမှာ အဝါရောင်သန်းနေပြီး အရေခွံပါးကာ ငါးတန်ထက် အဆီနည်းပါးသည်။ ငါးတန်သည် အရေခွံထူပြီးအဆီများကာ အသားနီသည်။ ငါးမြင်းဦးခေါင်းမှာ ငါးတန်ထက်ပိုကြီးပါသည်။

**ငါးမြင်းစားဖွယ်စုံ**

နာမည်ကြီးငါးမြင်းဟင်းလျာများမှာ ငါးမြင်းဆီပြန်၊ ငါးမြင်းဗိုက်သားဆီပြန်၊ ငါးမြင်းခေါင်းချဉ်ရည်ဟင်း၊ ငါးမြင်းပင်စိမ်းအုပ်ချက်၊ ငါးမြင်းအသားချောင်းကြော်၊ ငါးမြင်းအချဉ်ဟင်းတို့ ဖြစ်ပါသည်။ ငါးမြင်းအသားမှာ နူးညံ့၍ဆိမ့်ပြီး ထူးခြားကောင်းမွန်သည့်အရသာ ငါးအမျိုးအစားထဲတွင် ပါဝင်သည်။ ထို့ကြောင့် ငါးမြင်းဟင်းချက်ရာတွင် ဆီနိုင်နိုင်သတ်ဖို့လိုသည်။ ငါးမြင်းမှာ ကြေးခွံ မပါ၊ အရေခွံသက်သက်မို့ မခုတ်မပိုင်းခင်အကောင်လိုက်ကို ဆား သို့မဟုတ် မန်ကျည်းသီးမှည့်နှင့်နယ်ပြီး ဆေးပေးရသည်။ သို့မှသာ အချွဲအကျိများကင်းစင်ပြီး အညှီနံ့လည်း သက်သာစေမည်ဖြစ်သည်။ ငါးမြင်းခုတ်သားမှာ အရောင်းများပြီး တန်ဖိုးမြင့်ငါးတွင် ပါဝင်သည်။

**ငါးမြင်း၏ ဂုဏ်သတ္တိနှင့် အကျိုးအာနိသင်**

ငါးမြင်း၏ ကိုယ်လုံးကိုယ်ဟန်သည် မြင်း၏ကိုယ်လုံးကိုယ်ဟန်နှင့်တူသောကြောင့် ငါးမြင်းဟုခေါ်ဆိုခြင်းဖြစ်နိုင်သည်။ ငါးမြင်းသည် အဆီများသောငါးမျိုးဖြစ်ပြီး လူအများ စားသုံးရာတွင်၊ ဟင်းချက်ရာတွင် အဆီများသော ငါးမျိုးကို ဟင်းချက်ဆီအနည်းငယ်သုံးရုံနှင့် အဆင်ပြေသောကြောင့် ဝယ်ယူစားသုံးမှုများပြားသည်။ ဆေးကျမ်းများအလိုအရ ငါးမြင်းသည် ဆိမ့်၏၊ ဆူ၏၊ အဆီများ၏၊ ကြေခဲ၏၊ ဝမ်းမီးကို ကျက်စေ၏၊ ခွန်အားကိုတိုးစေ၏၊ သလိပ်ကိုပွားစေတတ်၏၊ နှလုံးကို နှစ်သက်စေတတ်၏၊ လေ၊ သည်းခြေတို့ကိုနိုင်၏၊ အိပ်ပျော်စေတတ်၏၊ ပိန်လှီ၍ အားမရှိခြင်းကို ကာကွယ်နိုင်၏။ ငါးမြင်းအသားသည် အဆိပ်ကိုလည်းပယ်နိုင်၏။ မန်းကိုလည်းနိုင်၏။ ငါးမြင်းသည် ဝက်သားကဲ့သို့ပင် အဆီများသောငါးဖြစ်သည်။ ဝမ်းပျဉ်းသားသည် အဆီထူပြီး အဆူဆုံးနေရာဖြစ်သည်။ ငါးမြင်းသည် အဆီပေါသဖြင့်"ဝက်သားမစား၊ ငါးမြင်းစား၊ ငါးမြင်းရင်းမှာ ဆီပိုများ"ဟု ဆိုကြသည်။ ဝက်ဆီနှင့် နှိုင်းယှဉ်၍ပြောသော်လည်း ဝက်ဆီနှင့် ငါးမြင်းဆီ အကျိုးပြုပုံမှာ အလွန်ခြားနားပါသည်။ ဝက်ဆီသည် များစွာစားသုံးလျှင် နှလုံးနှင့်သွေးကြောများအတွက် မကောင်းသောအဆီ (LDL)ကို တိုးစေနိုင်သည်။ သွေးကြောများကို ကျဉ်းစေပြီး နှလုံးရောဂါ၊ အသည်းအဆီဖုံးရောဂါ၊ လေဖြတ်ရောဂါများ ဖြစ်စေနိုင်သည်။ ငါးမြင်း၏ အဆီမှာ ဝက်ဆီနှင့်တူသော်လည်း အကျိုးပြုပုံမှာ တခြားစီပင်ဖြစ်သည်။ အခြားငါးကြီးများနှင့်နည်းတူ ငါးမြင်းဆီသည် နှလုံးနှင့် သွေးကြောနံရံများကို ထူစေခြင်း၊ ပိတ်ဆို့ခြင်း၊ သွေးကြောကျဉ်းခြင်းများ မဖြစ်စေနိုင်ပါ။ ငါးကြီးတို့၏ အဆီများသည် နှလုံးနှင့် သွေးကြောနံရံများကို ကောင်းကျိုးပြုနိုင်သည့် ကောင်းသောအဆီမျိုးဖြစ်ပြီး အနောက်တိုင်းဆေးပညာအဆိုအရ ခန္ဓာကိုယ်အတွက် ကောင်းသောအဆီကြီး HDL ဖြစ်သည်။

ငါးမြင်းကို နှလုံးသွေးကြောရောဂါရှိသူများအတွက် ဆေးလုံးဆေးတောင့်ထုတ်ပြီး စားသုံးရန် နှလုံးအထူးကုဆရာဝန်ကြီးများက လူနာများကို ညွှန်ကြားလေ့ရှိသည်။ ငါးမြင်း၏ ဝမ်းပျဉ်းသားကိုစားခြင်းသည် ငါးကြီးဆီစားသကဲ့သို့ အကျိုးအာနိသင်ရှိသည်ဟုသိရပါသည်။ ရသဓာတုကျမ်းမှ အဆိုအရ ငါးမြင်းအသားစားသုံးသူတို့သည် ပန်းနာရောဂါ၊ ရင်ကျပ်ရောဂါတို့ကို ပျောက်ကင်းစေနိုင်သည်။ အဆိပ်သင့်သောသူများသည် ငါးမြင်းမျိုးကို စားခြင်းဖြင့် အဆိပ်ပြေစေနိုင်သည်။ အိပ်မပျော်သောရောဂါရှိသူများသည် ငါးမြင်းသားကို စားသုံးလျှင် အိပ်ပျော်စေနိုင်သည်။

**အချုပ်အားဖြင့်ဆိုရသော်-**

တိုင်းရင်းငါးမျိုးဖြစ်သောငါးမြင်းသည် အရသာအားဖြင့် ထူးခြားလှပြီး လူကြိုက်များသော တန်ဖိုးမြင့်ငါးတစ်မျိုးဖြစ်သည်။ ထို့ပြင်ငါးမြင်းသည် ကျန်းမာရေးအကျိုးကျေးဇူးလည်း များပြားလှသဖြင့် စားပေးသင့်သော ငါးအမျိုးအစားဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း၊အတွဲ(၅)**
- **ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊ အမှတ်(၂)**
- **Fish Base of Myanmar**
- **Inland Fisheries of Myanmar**

# မုံရွာခရိုင်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၁၁၄၅ ဧက စိုက်ပျိုးမည်

**မုံရွာ စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၁၁၄၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၅၅၅၀၊ ချောင်းဦးမြို့နယ်တွင် ဧက ၄၃၀၀၊ အရာတော်မြို့နယ်တွင် ဧက ၉၀၊ ဘုတလင်မြို့နယ်တွင် ၁၂၀၅ ဧက စုစုပေါင်း ၁၁၁၄၅ ဧကဖြစ်ကြောင်း သိရသည်။

"လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မုံရွာခရိုင်အတွင်း ပဲကြီး ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိပ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားမယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်း သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း သိရသည်။ (၂၀၆)

# အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အိုကီချိုဘီကောင်တီသို့ ဟယ်လင်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်



**ဝါရှင်တန် စက်တင်ဘာ ၂၆**

ဟယ်လင်ဟုအမည်ပေးထားသော အပူပိုင်းမုန်တိုင်းသည် ဟာရီကိန်း မုန်တိုင်းအသွင်သို့ကူးပြောင်းကာ စက်တင်ဘာ ၂၅ ရက်မှစ၍ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အိုကီချိုဘီကောင်တီသို့ ဝင်ရောက်တိုက်ခတ်နေကြောင်း အမေရိကန်အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဟယ်လင်မုန်တိုင်းသည် ကျူးဘားနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မက္ကဆီကိုပင်လယ်ကွေ့မှတစ်ဆင့် အိုကီချိုဘီကောင်တီသို့ဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ကျူးဘားနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့သို့ ဝင်ရောက်တိုက်ခတ်စဉ် အပူပိုင်းမုန်တိုင်းအသွင်ဖြင့် တိုက်ခတ်ခဲ့ခြင်းသာ ဖြစ်သော်လည်း အမေရိကန်နိုင်ငံသို့ ဝင်ရောက်ချိန် ဟာရီကိန်းမုန်တိုင်းအသွင်သို့ ကူးပြောင်းလာခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းဝင်ရောက်မည့် သတင်းကို အမေရိကန် အမျိုးသားဟာရီကိန်းစင်တာက ကြိုတင်သတိပေးချက်ထုတ်ပြန်ခဲ့ပြီး သတိပေးချက်အတိုင်းပင် မုန်တိုင်းဝင်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒေသခံတွေကိုအစားအသောက်တွေ ကြိုတင်စုဆောင်းထားဖို့ ညွှန်ကြားထားပါတယ်။ သောက်သုံးရေတွေလဲ ကြိုတင်စုဆောင်းထားဖို့ လိုအပ်ပါလိမ့်မယ်။ ကျွန်တော်တို့လဲ ကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် ကြိုတင်ပြင်ဆင်နေပါတယ်"ဟု အိုကီချိုဘီကောင်တီ ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

မုန်တိုင်း အားကောင်းခဲ့သကဲ့သို့ မုန်တိုင်းနှင့်အတူ လေတိုက်နှုန်း မြင့်မားသည့်အတွက်ကြောင့် အိုကီချိုဘီကောင်တီတွင် အစိုးရရုံးတချို့နှင့် စာသင်ကျောင်းများကိုလည်း စက်တင်ဘာ ၂၅ ရက်မှစ၍ ယာယီပိတ်ထားကြောင်း၊ မုန်တိုင်းကြောင့် သစ်ပင်ကြီးတချို့လဲကျခဲ့ပြီး ဓာတ်တိုင်များလည်း လဲကျခဲ့သည့်အတွက် အိုကီချိုဘီကောင်တီတွင် လျှပ်စစ်မီးများလည်း ပြတ်တောက်လျက်ရှိကြောင်း အိုကီချိုဘီကောင်တီ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဘရာဇီးနိုင်ငံ မက်ဒီရာမြစ်တွင် ရေပမာဏ ကျဆင်းမှုကြောင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးကို ရပ်ဆိုင်းထား

**ဘရာဇီးလီးယား စက်တင်ဘာ ၂၆**

ဘရာဇီးနိုင်ငံ ဆာပေါ်လိုပြည်နယ်ရှိ မက်ဒီရာမြစ်ရေသည် မိုးခေါင်မှုကြောင့် ရေပမာဏကျဆင်းနေပြီး သင်္ဘောများဖြတ်သန်းသွားလာရန် ခက်ခဲသဖြင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍကို ရပ်ဆိုင်းထားကြောင်း ဘရာဇီး ရေကြောင်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘရာဇီးနိုင်ငံတွင် မိုးခေါင်မှုကြောင့် ဘရာဇီးနိုင်ငံ၏ အဓိကမြစ်တစ်စင်းဖြစ်သော အမေဇုန်မြစ်ဝှမ်းတွင်လည်း ရေပမာဏကျဆင်းနေပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတချို့ အခက်အခဲများဖြင့် ရင်ဆိုင်နေရကြောင်း၊ မက်ဒီရာ မြစ်ဝှမ်းသည်လည်း ရေပမာဏ ဆိုးရွားစွာကျဆင်းလာသည့်အတွက် မက်ဒီရာမြစ်ဝှမ်းကို မှီခိုနေရသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း တချို့လည်း ရေအလုံအလောက် မရရှိသည့် ပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း၊ ရေကြောင်း သယ်ယူပို့ဆောင်ရေးကဏ္ဍကို ယာယီရပ်ဆိုင်းထားရသည့်အတွက် ရွန်ဒိုနီယာပြည်နယ်နှင့်မာတိုပြည်နယ်သို့ ပဲပိစပ်များပို့ဆောင်နေမှုကိုလည်း ယာယီရပ်ဆိုင်းထားရကြောင်း သိရသည်။

"မက်ဒီရာမြစ်ဝှမ်းမှာ ရေပမာဏ ကျဆင်းနေတဲ့အတွက် သင်္ဘောတွေ ဖြတ်သန်းသွားလာလို့မရတော့ဘူး။ ရေကြောင်းအာဏာပိုင် အဖွဲ့အစည်းကလဲ ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍကို ယာယီရပ်ဆိုင်းထားကြောင်း ထုတ်ပြန်ထားတဲ့အတွက် ကောက်ပဲသီးနှံ ကုန်သွယ်မှုကို ယာယီရပ်ဆိုင်းထားရပါတယ်"ဟု ကောက်ပဲသီးနှံ ကုန်သွယ်မှုကုမ္ပဏီဖြစ်သည့် Amport ကုမ္ပဏီ၏ဥက္ကဋ္ဌဖြစ်သူ ဖလာဗီယိုက ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံတွင် ကောက်ပဲသီးနှံများကို မက်ဒီရာမြစ်ဝှမ်းမှတစ်ဆင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးဖြင့် ကုန်သွယ်မှုများ ပြုလုပ်နေရခြင်းဖြစ်ပြီး မက်ဒီရာမြစ်ဝှမ်းအတွင်း ရေကြောင်းသယ်ယူပို့ဆောင်မှုကို ရပ်ဆိုင်းထားခြင်းကြောင့် ကုန်သည်များအတွက် အခက်အခဲရှိလာကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# အီသီယိုးပီးယားနိုင်ငံ အမ်ဟာရာဒေသတွင် မြေပြိုကျမှုဖြစ်ပွားခဲ့

**အဒစ်အဘာဘာ စက်တင်ဘာ ၂၆**

အီသီယိုးပီးယားနိုင်ငံ အမ်ဟာရာဒေသ ဒက်စီမြို့နယ် ဟိုတီမြို့နယ်ခွဲတွင် မြေပြိုကျမှုများဖြစ်ပွားခဲ့သဖြင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်ဟု စက်တင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

ဒက်စီမြို့နယ်တွင် စက်တင်ဘာ ၂၃ ရက်က မြေပြိုကျမှုထပ်မံဖြစ်ပွားခဲ့ပြီး နေအိမ် ၃၆ လုံး ထိခိုက်မှုများဖြစ်ပေါ်ခဲ့ရာ နေအိမ်၂၀ လုံးမှာ လုံးဝပျက်စီးခဲ့ပြီး လူ ၁၄၉ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ မြေပြိုမှုဖြစ်ပွားခဲ့သောဧရိယာရှိ ပြတ်ရွှေ့ကြောများကိုတာဝန်ရှိသူများက ယခင်ကပင်လေ့လာခဲ့ကြပြီး ထိခိုက်မှုဖြစ်ပွားလွယ်သောနေရာအဖြစ် သတ်မှတ်ထားကြောင်း၊ ဒေသခံများကို ဘေးလွတ်ရာသို့ ကြိုတင်ရွှေ့ပြောင်းထားခြင်းကြောင့် ယခုမြေပြိုမှုတွင် ထိခိုက်သေဆုံးသူမရှိခဲ့ကြောင်း ဟိုတီမြို့နယ်ခွဲ အုပ်ချုပ်ရေးလက်ထောက်အကြီးအကဲဖြစ်သူ ရှင်းမီလက်အက်ဘီဘောက ပြောကြားခဲ့သည်။

မြို့တော်အုပ်ချုပ်ရေးမှူးရုံး၏ နောက်ဆုံးထုတ်ပြန်ချက်များအရ ပြီးခဲ့သည့် လအနည်းငယ်အတွင်း မြို့နေရာအနှံ့အပြားတွင် မြေပြိုမှုများ မကြာခဏဖြစ်ပွားခဲ့ရာ လူဦးရေ ၅၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး အဆိုပါ ဒုက္ခရောက်နေသူများကို ယာယီခိုလှုံရေးစခန်းများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်ထားကြောင်း ရှင်းမီလက်အက်ဘီဘောက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။



**Ref : Russia Today**

**Trs : AZH**

# အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူလေးဦး သေဆုံး

**နယူးဒေလီ စက်တင်ဘာ ၂၆**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီး အနည်းဆုံး လူလေးဦးသေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မွမ်ဘိုင်းမြို့၏ အချို့နေရာများ၌ စက်တင်ဘာ ၂၅ရက် ညနေပိုင်းက မိုးရွာသည်းထန်စွာရွာသွန်းခဲ့ကြောင်း၊ မိုးရွာသွန်းမှုကြောင့် လူလေးဦး သေဆုံးခဲ့ကြောင်း၊ မိုးရေချိန် ၁၁ လက်မထိရောက်ရှိခဲ့သောကြောင့် လမ်းများ၊ မီးရထားလမ်းပေါ်ကို ရေများဖုံးလွှမ်းခဲ့သည့်အတွက် ယာဉ်ကြောပိတ်ဆို့ကာ ရထားခရီးစဉ်များ နှောင့်နှေးခဲ့ကြောင်း သိရသည်။

အိန္ဒိယမိုးလေဝသဌာန (IMD) က လာမည့်ရက်များတွင် မိုးပိုမိုရွာသွန်းလာနိုင်ကြောင်း ခန့်မှန်းထားသောကြောင့် အနီရောင်သတိပေးချက်ထုတ်ပြန်ထားပြီး ဒေသခံများကို နေအိမ်များ၌သာနေကြရန် တိုက်တွန်းထားကြောင်း၊ ထို့ပြင် ရေကြီးရေလျှံမှုကြောင့် ကျောင်းများ၊ ကောလိပ်များနှင့် တက္ကသိုလ်များကိုပိတ်ထားရကြောင်း၊ ရေလုပ်သားများကိုလည်း စက်တင်ဘာ ၂၇ရက်ထိ ပင်လယ်ပြင်သို့မထွက်ခွာဘဲ ကုန်းတွင်းပိုင်း၌သာနေထိုင်ရန် သတိပေးထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ မုတ်သုံမိုးသည် ယခုသီတင်းပတ် အစောပိုင်းကတည်းက နိုင်ငံအနောက်မြောက်ပိုင်းမှ ပြန်လည်ဆုတ်ခွာနေပြီဖြစ်သော်လည်း ပုံမှန်ထက် တစ်ပတ်ခန့် နောက်ကျဆုတ်ခွာခဲ့ခြင်းဖြစ်ကြောင်း၊ မုတ်သုံမိုးဆုတ်ခွာခဲ့ပြီးနောက် ယခုကဲ့သို့ မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများကြောင့် ပြည်နယ်တချို့တွင် ကောက်ပဲသီးနှံများပျက်စီးခဲ့ကြောင်း IMD က ထုတ်ပြန်ထားသည်။

**Ref : Sputnik News**

**Trs : KZ**

# နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာမြစ်ရေလျှံတက်မှုကြောင့် ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်

**အဘူဂျာ စက်တင်ဘာ ၂၆**

နိုင်ဂျီးရီးယားနိုင်ငံ၏ အဓိကမြစ်ဝှမ်းဖြစ်သည့် နိုင်ဂျာမြစ်ဝှမ်းသည် စက်တင်ဘာ ၂၅ ရက်မှစ၍ မြစ်ရေလျှံတက်မှုဖြစ်ပေါ်နေသည့်အတွက် မြစ်ကြောင်းတစ်လျှောက်ဒေသများတွင် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်းNigeria Hydrological Services Agency (NIHSA) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ အနီရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားပြီး ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန်ညွှန်ကြားထားကြောင်း၊ နိုင်ဂျာမြစ်ရေလျှံတက်မှုကြောင့် ကိုင်ဂျီရေလှောင်တမံနှင့် ဂျပ်ဘာရေလှောင်တမံတို့တွင်လည်း ရေပမာဏမြင့်တက်နေပြီး မြင့်တက်လာသည့် ရေပမာဏပေါ်မူတည်၍ ရေလှောင်တမံအတွင်းမှရေများကို ဖောက်ချသွားမည်ဖြစ်ကြောင်း NIHSA က ထုတ်ပြန်သွားခဲ့သည်။

"နိုင်ဂျာမြစ်ဝှမ်းတစ်လျှောက်မှာနေထိုင်တဲ့ ဒေသခံတွေအနေနဲ့ နိုင်ဂျာမြစ်မှာဖြစ်ပေါ်နေတဲ့ ရေကြီးရေလျှံမှုနဲ့ပတ်သက်ပြီး အထူးသတိပြုစောင့်ကြည့်သွားဖို့ လိုအပ်ပါလိမ့်မယ်။ မြစ်ဝှမ်းအထက်ပိုင်းမှာ မိုးသည်းထန်စွာရွာသွန်းနေဆဲဖြစ်တဲ့အတွက် လာမဲ့ရက်ပိုင်းအတွင်းမှာ မြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ ဒေသတွေမှာ ရေကြီးရေလျှံမှုတွေစတင်လာနိုင်ပါတယ်"ဟု NIHSA မှ ပြောရေးဆိုခွင့်ရှိသူ ဆမ်မြူရယ်က ပြောကြားခဲ့သည်။

နိုင်ဂျာမြစ်ဝှမ်းအထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းနေဆဲဖြစ်သည့်အတွက်ကြောင့် မြစ်ရေလျှံတက်မှုမှာ အခြေအနေပိုမိုဆိုးရွားလာဖွယ် ရှိနေကြောင်း၊ နိုင်ဂျာမြစ်ဝှမ်းတစ်လျှောက်တွင်ရှိသောဒေသများတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်သည့် ဧရိယာများ၌ သဲအိတ်များဖြင့် အတားအဆီးများ ပြုလုပ်နေပြီဖြစ်ပြီး ဒေသခံများကလည်း ကယ်ဆယ်ရေးဝန်ထမ်းများနှင့်အတူ အတားအဆီးများ ဆောင်ရွက်ရာတွင် ပါဝင်ကူညီပေးလျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

M L

# စနေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အိမ်ကွင်းအားသာချက်ရှိနေတဲ့ နော်တင်ဟမ်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ ဆိုစီဒက်အသင်းတို့ကိုအားပေးရမှာပါ




လက်ရှိဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ပွဲစဉ် (၅) ကျော်လာတာကြောင့် အသင်းတွေရဲ့ ကစားကွက်ပိုင်းနဲ့ ပွဲထွက်ကစားသမားစာရင်းကို အနီးစပ်ဆုံးတွက်ဆနိုင်လို့ တစ်သင်းနဲ့တစ်သင်း အကြိတ်အနယ်ဖြစ်လာတာကိုတွေ့ရမှာပါ။ ကြားရက်မှာတော့ ဖလားပွဲစဉ်တွေနဲ့ ဥရောပပွဲစဉ်တွေကစားခဲ့တာဖြစ်လို့ လာမဲ့ပွဲစဉ်တွေမှာ ဒဏ်ရာရပွဲပယ်ကစားသမား များနေမှုကိုလဲ ထည့်သွင်းစဉ်းစားရမှာဖြစ်ပြီး အရန်ကစားသမားအားနည်းပြီး ပွဲဆက်များနေတဲ့ အသင်းတွေကိုတော့ ရှောင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့ စနေနေ့ညမှာအိမ်ကွင်းအားသာချက်နဲ့ အဓိကကစားသမားအစုံအလင်နဲ့ကစားနိုင်မဲ့ အသင်းတွေကိုပဲ အားပေးရမှာပါ။

### နော်တင်ဟမ်အသင်းကို အားပေးရမှာပါ

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ် ပွဲစဉ်(၆) မှာအကြိုက်တွေ့မိတာကတော့ နော်တင်ဟမ်အသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံမှုမှာ နော်တင်ဟမ်က သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ နော်တင်ဟမ်အသင်းဟာ နည်းပြနဲ့ ကစားသမားတွေကြား နားလည်မှုအားကောင်းနေတာကြောင့် လီဗာပူး၊ ဘရိုက်တန်တို့လိုအသင်းတွေကိုတောင် ပြန်လည်ဖိအားပေးခဲ့ပြီး ရမှတ်ရှာဖွေနိုင်ခဲ့တာဖြစ်ပါတယ်။ လီဗာပူးနဲ့ပွဲမှာဆို အဝေးကွင်းဖြစ်ပေမဲ့ တန်ပြန်တိုက်စစ်ကိုသာအသုံးပြုခဲ့တဲ့ နည်းစနစ်ပိုင်းကအပြစ်ပြောစရာမရှိဘဲ လီဗာပူးကို ဂိုးပေါက်ခြိမ်းခြောက်မှု သုံးကြိမ်မှာ တစ်ကြိမ်ဂိုးရခဲ့ပြီး နိုင်ပွဲရခဲ့တာကိုသတိပြုရမှာပါ။ ဘရိုက်တန်နဲ့ပွဲမှာလဲအိမ်ကွင်းကစားပုံကောင်းတဲ့အသင်းကို တန်ပြန်တိုက်စစ်နဲ့သာဖိအားပေးခဲ့ပြီး သရေရလဒ်ရရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းမှာ ကွင်းလယ်က အန်ဒါဆန်နဲ့ ဝက်ပရောက်စ်တို့အတွဲက တန်ပြန်တိုက်စစ်ကို အကောင်းဆုံးပံ့ပိုးနေတာကြောင့် ပြေးအားကောင်းတဲ့ အိုဗွိုင်း၊ အယ်လန်ဂါတို့ နေရာလွတ်ရခဲ့ပြီး တိုက်စစ်မှူး ခရစ်ဝုဒ်ကို ဖန်တီးပေးမှုတွေ လုပ်နေတာဖြစ်လို့ အခုပွဲမှာ ဖူလ်ဟမ်အသင်းအခက်တွေ့ဖို့များပါတယ်။

ဖူလ်ဟမ်အသင်းဟာ အမှတ်ပေးပွဲငါးပွဲအပြီးမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၉) မှာရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပေါ်ဟင်ဟာကိုရောင်းချခဲ့ပေမဲ့ ကွင်းလယ်မှာ ဘာ့ဂီ၊ စမစ်ရိုး၊ နယ်လ်ဆန်တို့လိုကစားသမားတွေ ဖြည့်တင်းနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် တိုက်စစ်ကစားပုံကျဆင်းသွားခြင်းမရှိပေမဲ့ ကွင်းလယ်ခံစစ်မှာလိုအပ်ချက်ရှိနေတာကြောင့် အဝေးကွင်းပွဲစဉ်တွေမှာပေးဂိုးရှိနေတာကိုသတိပြုရမှာပါ။ ပြီးခဲ့တဲ့ နယူးကာဆယ်နဲ့ ပွဲမှာတော့ အိမ်ရှင်အားသာချက်နဲ့ ပြိုင်ဘက်ကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ခဲ့တာကြောင့် တိုက်စစ်အားသန်တဲ့ နယူးကာဆယ်အသင်းအခက်တွေ့ခဲ့ပြီး ဂိုးပြတ်ရှုံးသွားခဲ့တာဖြစ်ပါတယ်။ နည်းပြ မာကို့စ်ဆေးဗားအနေနဲ့ ၄-၂-၃-၁ ကစားကွက်နဲ့ပဲပွဲထွက်နေပြီး ကွင်းလယ်မှာ ပါရဲရား၊ လူကစ်တို့ကိုအသုံးပြုနေပေမဲ့ အဲဒီကစားသမားတွေဟာ တိုက်စစ်အားသန်တဲ့ ကစားသမားတွေဖြစ်တာကြောင့် နော်တင်ဟမ်လို တန်ပြန်တိုက်စစ်ကောင်းတဲ့ အသင်းနဲ့ဆို ပေးဂိုးများသွားမှာပါ။ လက်ရှိမှာ တိုက်စစ်ပိုင်းက ဂျီမီနက်ဇ်၊ စမစ်ရိုး၊ အီဝိုဘီတို့ ခြေစွမ်းပြနေပေမဲ့ နော်တင်ဟမ်ခံစစ်ပိုင်းကလဲ မူရီလို၊ မီလင်ကိုဗစ်၊ အိန်နာ၊ မိုရီနိုတို့လို့ အတွေ့အကြုံကောင်းတဲ့ ကစားသမားတွေကို ဖြတ်ကျော်ဖို့ခက်မှာပါ။ သူတို့နှစ်သင်းဟာ ခြေရည်တူအသင်းဖြစ်ပေမဲ့ နည်းစနစ်ပိုင်းနဲ့ ခံစစ်ကစားပုံက နော်တင်ဟမ်က ပိုကောင်းနေတာကြောင့် နော်တင်ဟမ်အသင်းကို အားပေးရမှာပါ။

### နောင်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆောက်သမ်တန် | ဝ | - | ၁ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၁ | - | ၁ | နယူးကာဆယ် |
| နော်တင်ဟမ် | ၁ | - | ၁ | ဝုဗ် |
| လီဗာပူး | ဝ | - | ၁ | နော်တင်ဟမ် |
| ဘရိုက်တန် | ၂ | - | ၂ | နော်တင်ဟမ် |

### ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘာမင်ဂမ် | ဝ | - | ၂ | ဖူလ်ဟမ် |
| အစ်ဗ့စ် | ၁ | - | ၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၁ | - | ၁ | ဝက်စ်ဟမ်း |
| ပရက်စတန် | ၁ | - | ၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၃ | - | ၁ | နယူးကာဆယ် |

### ဘိုင်ယန်မြူးနစ်အသင်း နိုင်ပွဲရမှာပါ

ဘွန်ဒက်လီဂါပွဲစဉ် (၅)မှာ အကြိုက်တွေ့မိတာကတော့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ လေဗာကူဆင်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ နည်းပြကွန်ပနီကိုခန့်အပ်ပြီးနောက်ပိုင်း တိုက်စစ်ကစားပုံတိုးတက်လာတာကြောင့် အမှတ်ပေးပွဲငါးပွဲအပြီးမှာ တိုက်စစ်က သွင်းဂိုး ၁၆ ဂိုးထိသွင်းယူနိုင်ခဲ့လို့ အမှတ်ပေးပွဲမှာတိုက်စစ်ပိုင်းဂိုးအများဆုံးအသင်းအဖြစ် ရပ်တည်နေတာကိုတွေ့ရမှာပါ။ နည်းပြကွန်ပနီကလဲ ၄-၂-၃-၁ ကစားကွက်ကိုသာအသုံးပြုနေပြီး ဒီကစားကွက်မှာ တောင်ပံကစားအားပိုကောင်းတဲ့ အိုလီဆီ၊ ကင်စလေကိုးမန်းတို့ရဲ့တိုးအား၊ ရှန်းအားတွေက ပြိုင်ဘက်ခံစစ်ကိုအလုပ်များစေပြီး နေရာလွတ်ရသွားတဲ့ ဟယ်ရီကိန်းနဲ့ မူစီအာလာတို့ကဂိုးတွေပိုသွင်းနိုင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါပြင် ကွန်ပနီဟာ တိုက်စစ်အားသန်တဲ့နည်းပြဖြစ်တာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာဆို ဒိုင်နမိုဇာဂရက်အသင်းကို ကိုးဂိုးထိသွင်းယူနိုင်ခဲ့တာကိုသတိပြုရမှာပါ။ အခုပွဲမှာ ကစားသမား ရှစ်ဦးထိဒဏ်ရာရနေပေမဲ့ အဓိကပွဲထွက်ကစားသမားတွေပါဝင်နိုင်မှာဖြစ်လို့ ကစားအားကျဆင်းမှာ မဟုတ်ပါဘူး။

လက်ရှိချန်ပီယံ လေဗာကူဆင်အသင်းဟာ အခုနှစ်မှာလဲ ပုံစံကောင်းကို ဆက်ထိန်းထားနိုင်တာကြောင့် ငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲရှုံးနဲ့ အဆင့်(၂) မှာရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီမှာ ခြေစွမ်းပြကစားသမားတွေကို ဆက်လက်ထိန်းသိမ်းခဲ့ပေမဲ့ ခံစစ်ကစားပုံအားနည်းချက် ရှိသွားတာကြောင့် ပြီးခဲ့တဲ့ ငါးပွဲမှာကိုးဂိုးထိခွင့်ပြုခဲ့ရတာကိုတွေ့ရမှာပါ။ ဒ့ါပြင် ခံစစ်ပိုင်းက ဖရင်ပေါင်ခြေစွမ်းပြဖို့ရုန်းကန်ရချိန်မှာ သူ့နေရာမှာ မူခီလီကိုထည့်သွင်းခဲ့ပေမဲ့ အသားမကျသေးတာကြောင့် ခံစစ်လိုက်မကူနိုင်ဘဲ ပေးဂိုးတွေများနေတာဖြစ်ပါတယ်။ လေဗာကူဆင်အနေနဲ့ ၃-၄-၂-၁ ကစားကွက်မှာ ကွင်းလယ်မှာ ရှာကာနဲ့ ဂါစီယာကိုတွဲဖက်အသုံးပြုနေလို့ တိုက်စစ်ပိုင်းဂိုးရဖို့ လွယ်ကူနေပေမဲ့ တောင်ပံက ခံစစ်၊ တိုက်စစ်လိုက်မကူနိုင်တာကြောင့် ဘိုင်ယန်လို တောင်ပံတိုက်စစ်အားကောင်းတဲ့အသင်းနဲ့ဆို ပေးဂိုးများသွားဖို့ သေချာပါတယ်။ လက်ရှိနည်းပြနှစ်ဦးစလုံးကလဲ တိုက်စစ်အားသန်တဲ့ နည်းပြတွေဖြစ်နေတာကြောင့် အပြန်အလှန်ဂိုးတွေနဲ့ ဂိုးများသွားမှာပါ။ ဒါကြောင့် ဒီပွဲမှာ အရန်ကစားသမားစုဖွဲ့မှုနဲ့ ထိပ်တန်းအဆင့် တိုက်စစ်မှူးတွေပိုင်ဆိုင်ထားတဲ့ ဘိုင်ယန်မြူးနစ်အသင်း အနိုင်ရမှာပါ။

### ဘိုင်ယန်မြူးနစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘာတ် | ၂ | - | ၃ | ဘိုင်ယန်မြူးနစ် |
| ဘိုင်ယန်မြူးနစ် | ၂ | - | ဝ | ဖရိုင်းဘာတ် |
| ဟိုစတိန်း | ၁ | - | ၆ | ဘိုင်ယန်မြူးနစ် |
| ဘိုင်ယန်မြူးနစ် | ၉ | - | ၂ | ဒိုင်နမိုဇာဂရက် |
| ဝါဒါဘရီမင် | ဝ | - | ၅ | ဘိုင်ယန်မြူးနစ် |

### လေဗာကူဆင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျင်နာ | ဝ | - | ၁ | လေဗာကူဆင် |
| လေဗာကူဆင် | ၂ | - | ၃ | လိုက်ပ်ဇစ် |
| ဟော်ဖန်ဟိမ်း | ၁ | - | ၄ | လေဗာကူဆင် |
| ဖီရင်နူ | ဝ | - | ၄ | လေဗာကူဆင် |
| လေဗာကူဆင် | ၄ | - | ၃ | ဝုဖ်ဘာတ် |

### ဆိုစီဒက်အသင်းနဲ့ လက်တွဲရမှာပါ

လာလီဂါပွဲစဉ် (၈)မှာအကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဆိုစီဒက်အသင်းနဲ့ ဗလင်စီယာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆိုစီဒက်အသင်းဟာ အခုရာသီခုနစ်ပွဲကစားအပြီးမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးခဲ့တာကြောင့် အဆင့်(၁၆) မှာရောက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းနည်းပြအနေနဲ့ အပြောင်းအရွှေ့မှာ ခံစစ်က လီနော်မန်းနဲ့ ကွင်းလယ်တိုက်စစ်က မာရင်နိုတို့ကို ရောင်းချခဲ့ပြီးနောက်ပိုင်း ကစားအားကျဆင်းသွားခဲ့တာကိုမပြင်နိုင်ဘဲ ရလဒ်ဆိုးတွေနဲ့ရုန်းကန်နေရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ပွဲစဉ်ခုနစ်ပွဲမှာ အက်စ်ပန်ညိုလိုတန်းတက်အသင်းကိုသာအနိုင်ရခဲ့ပြီး မာယော့ကာ၊ အလာဗက်၊ ဗယ်လ်ကာနိုအသင်းတွေကိုရှုံးခဲ့ပြီး ဗယ်လာဒိုးလစ်လိုအသင်းကိုတောင် သရေသာကစားနိုင်ခဲ့တဲ့ ခြေစွမ်းပိုင်းကအားရစရာမရှိပါဘူး။ လက်ရှိမှာ နည်းပြ အယ်ဂွါစီက ခံစစ်ပိုင်းအကောင်းဆုံးပြင်ဆင်ကစားနေပေမဲ့ တိုက်စစ်မှာ ကူဘိုနဲ့တွဲဖက်ကစားနိုင်မဲ့ ကစားသမားကောင်းမရှိတာကြောင့် ဂိုးရဖို့ အခက်တွေ့နေတာကိုသတိပြုရမှာပါ။ ဒါပေမဲ့ ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းကတော့ ဗလင်စီယာထက်သာနေတာကြောင့် အခုပွဲမှာ ဗလင်စီယာလို ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့အသင်းကိုတော့ ဖိအားပေးနိုင်ဖို့များပါတယ်။

ဗလင်စီယာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး အဝေးကွင်းပွဲစဉ်တွေမှာခံစစ်ပိုင်းပေးဂိုးများနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီ အိမ်ကွင်းလေးပွဲကစားခဲ့ရာမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ကစားနိုင်ခဲ့လို့ အိမ်ကွင်းရလဒ်မဆိုးပေမဲ့ အဝေးကွင်းမှာတော့ နိုင်ပွဲမရခဲ့ဘဲ တိုက်စစ်က သွင်းဂိုးတစ်ဂိုးနဲ့ ခံစစ်ကပေးဂိုခုနစ်ဂိုးထိရှိခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းနည်းပြ ဘာရာဂျာကတော့ ၄-၄-၂ ကစားကွက်နဲ့ ပွဲထွက်နေပေမဲ့ ဒီကစားကွက်မှာကွင်းလယ်ကစားအားကျဆင်းနေမှုက အသင်းရဲ့ခံစစ်ပိုင်းကိုအခက်တွေ့ခဲ့ပြီး ရမှတ်တွေဆုံးရှုံးနေသလို ခံစစ်မှာထိပ်တန်းအဆင့် ခြေစွမ်းရှိတဲ့ ကစားသမားမရှိတာကလဲ ရလဒ်ဆိုးရွားစေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ အိုဆာဆူနာကို အိမ်ကွင်းမှာကစားခဲ့ရပေမဲ့ တိုက်စစ်မှူးတွေဂိုးရဖို့ ရုန်းကန်နေရတာကြောင့် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာ ဆိုစီဒက်ကအသာရနေသလို နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာလဲ ဗလင်စီယာကိုရှုံးနိမ့်ခဲ့ခြင်းမရှိတာကြောင့် အိမ်ကွင်းနိုင်ပွဲရှာရမဲ့ ဆိုစီဒက်အသင်းနဲ့ လက်တွဲရမှာပါ။

### ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၁ | - | ၂ | အလာဗက် |
| ဂီတာဖေး | ဝ | - | ဝ | ဆိုစီဒက် |
| ဆိုစီဒက် | ဝ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| မာယော့ကာ | ၁ | - | ဝ | ဆိုစီဒက် |
| ဗယ်လာဒိုးလစ် | ဝ | - | ဝ | ဆိုစီဒက် |

### ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၁ | - | ဝ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၁ | ဗီလာရီးရဲလ် |
| အေတီကို | ၃ | - | ဝ | ဗလင်စီယာ |
| ဗလင်စီယာ | ၃ | - | ဝ | ဂျီရိုနာ |
| ဗလင်စီယာ | ဝ | - | ဝ | အိုဆာဆူနာ |

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မာမာ**

**လက်ထောက်ညွှန်ကြားရေးမှူး(သူနာပြု)(ငြိမ်း)**

**အသက်(၈၉)နှစ်**

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်နေ ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း+ဒေါ်သီတာလွင်တို့၏ ချစ်လှစွာသောမိခင် ဒေါ်မာမာ အသက်(၈၉)နှစ်သည် ၂၆-၉-၂၀၂၄ ရက်(ကြာသပတေးနေ့) နံနက် ၈:၀၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ


**စာအုပ်**

**စာပေ**

**လူ့မိတ်ဆွေ**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**

**လိုအပ်သည်ဟု ခံစားနေရပါက**

**သတင်းအချက်အလက်မျှဝေရာစင်တာသို့**

**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ်**

**အောက်တွင်ခံခွက် မမေ့နှင့်**

# ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့)မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊

(စ) သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇- ၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၄၈၇၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယင်းမာပင် စက်တင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၄၈၇၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၉၇၀၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၆၈၅ ဧက၊ ကနီမြို့နယ်တွင် ၅၅၂ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၈၇၅ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၁၇၆၀ စုစုပေါင်း ၄၈၇၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း ဝါ ဧက ၉၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့ ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ ဝါမျိုးကောင်းမျိုးသန့်တွေ တောင်သူများ စိုက်ပျိုးရာသီအမီစိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေပံ့ပိုးပေးနေပါတယ်"ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ဝါစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၂၅၃၀၊ ကနီမြို့နယ်တွင် ဧက ၃၂၇၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၂၀၅၀ နှင့် ပုလဲမြို့နယ်တွင် ၁၈၅၅ ဧက စုစုပေါင်း ၉၇၀၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဝါစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရန်၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန်၊ ပိုးမွှားရောဂါကြိုတင် ကာကွယ်နိုင်စေရန်၊ အထွက်နှုန်း ကောင်းမွန်စေရန်နှင့် စိုက်နည်းစနစ် မှန်ကန်စေရန် တို့ကို နည်းပညာသင်တန်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါစိုက်ပျိုးမှုအနေဖြင့် ဝါတစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် ၃၅၀၀၀၀ ရှိပြီး ဝါတစ်ဧကလျှင် ပိဿာ ၁၀၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်းရှိမြို့နယ် ၁၉ မြို့နယ်တွင် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။(၂၀၆)

# မင်းလှမြို့နယ် လွင်ပြင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မင်းလှ စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လွယ်ကူစွာရရှိစေရန် ရည်ရွယ်၍ ယခုဘဏ္ဍာနှစ်တွင် သဲကောကျေးရွာအုပ်စု လွင်ပြင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့်ဝန်ထမ်းများက အဆိုပါလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသော Royal Lucky Paing ကုမ္ပဏီမှတာဝန်ရှိသူများ၊လွင်ပြင်ကျေးရွာသောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက ရေထွက်နှုန်းကောင်းမွန်စေရေး၊ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးစေရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

လွင်ပြင်ကျေးရွာ၌ ရေရရှိရေးအတွက် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်း၊ လျှပ်စစ်မီတာတပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၆၈ သန်းဖြင့် Royal Lucky Paing ကုမ္ပဏီကတာဝန်ယူ၍ ဇွန် ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊အဆိုပါလုပ်ငန်းများပြီးစီးပါက လွင်ပြင်ကျေးရွာရှိ ကျေးလက်နေပြည်သူများသောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

သန်းသန်းစိုး




## ဖခင်အမည်မှန်

မလှိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်းခွဲ-ယာကြီးကုန်း၊ Grade-9 တွင် ပညာသင်ကြားနေသော မယုနန္ဒာ ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသန်းဇော် ဖြစ်ပါကြောင်း။

ဦးသန်းဇော် (၉/မလန(နိုင်)၀၂၆၆၂၈)

### ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ဏ-၁ နေ မသန္တာဦး (ဘ) ဦးရန်ယုချွန်း (၉/ခမစ(နိုင်)၀၉၀၅၅၆) ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၀၈၇၃၁၀၂

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ MYAYADANAR COACH Private School၊ Grade-12 တွင် ပညာသင်ကြားနေသော မမေဇင်စိုး ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနီကိုဦး ဖြစ်ပါကြောင်း။


ဦးနီကိုဦး (၁၂/ဥကမ(နိုင်)၂၇၉၆၅၈)

### COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



### COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ **စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်...**

❖ **စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်...**

❖ **တစ်ဦးချင်းအသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို...**

❖ **ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို...**

❖ **စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၁၀ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် အပြေးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

## တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ စတင်ယှဉ်ပြိုင်ကစား

နေပြည်တော် စက်တင်ဘာ ၂၆

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း၊ ရုံများတွင် စတင်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲကို **စာမျက်နှာ ၁၇ ကော်လံ ၁** ☆

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ ဆက်လက်လက်ခံမည့် အစီအစဉ် အသိပေးကြေညာခြင်း

မုန်တိုင်းရာဂီ၏ သက်ရောက်မှုနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းတို့၏အရှိန်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများတွင် ရေဘေးသင့်ခဲ့ရသည့် ပြည်သူလူထုကို ကူညီထောက်ပံ့နိုင်ရန်အတွက် စက်တင်ဘာ ၂၈ ရက်(စနေနေ့)မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ လှူဒါန်းမှုများကို အခမ်းအနားဖြင့် ဆက်လက်လက်ခံသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ပါသည်-

(၁) ဒေါ်လဲ့လဲ့အေး ညွှန်ကြားရေးမှူးချုပ် — ဖုန်းနံပါတ်၀၉-၂၀၂၁၄၉၁

(၂) ဦးဝင်းရွှေ ဒုတိယညွှန်ကြားရေးမှူးချုပ် — ဖုန်းနံပါတ် ၀၉-၂၅၄၁၇၀၀၁၁

(၃) ဒေါ်စုစုထွန်း ညွှန်ကြားရေးမှူး — ဖုန်းနံပါတ် ၀၉-၄၃၀၀၉၂၉၁

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

